# မာ့က်စ်

# နှင့်

# နိုင်ငံတကာ့ဝါဒ

ကားလ်မာ့က်စ်ဟာ ကမ္ဘာ့အသွင်ဆောင်ရေး ( globalization ) ကို ပထမဆုံးခွဲခြမ်းစိတ်ဖြာသူများထဲမှာ တဦးဖြစ်တယ်ဆိုတာ ယနေ့လူမှုရေးသိပ္ပံလောကအတွင်း အသိအမှတ်ပြုမှုဟာ မထူးဆန်းတော့ပါဘူး။ ဒါပေမဲ့ ဒီလိုမျိုးအသိအမှတ်ပြုကြသူတွေထဲမှာတောင်မှ မာ့က်စ်ဟာ အရင်းရှင် ကမ္ဘာ့အသွင်ဆောင်မှုကို တုံ့ပြန်ဖို့အတွက် တီထွင်ဖန်တီးတဲ့ အလုပ်သမားလူတန်းစား နိုင်ငံတကာ့ဝါဒရဲ့ ပထမဆုံးသော သေနင်္ဂဗျူဟာသမားများထဲက တဦးလည်းဖြစ်နေကြောင်းကိုတော့ မေ့နေလေ့ ရှိကြပါတယ်။ သူ့ရဲ့ခွဲခြမ်းစိတ်ဖြာချက်အရ ဒီလိုမျိုး နိုင်ငံတကာ့ဝါဒကို ချုပ်ကိုင်ထားတဲ့ အဓိကအချက်ကြီး နှစ်ရပ်ကတော့ နိုင်ငံတကာ့သွေးစုပ်မှုအပေါ် ဝေဖန်ချက်နှင့် အဖွဲ့အစည်းအရ အမျိုးသားရေးအရရော၊ နိုင်ငံတကာအရပါလှုပ်ရှားလာတဲ့ အလုပ်သမားလူတန်းစားလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်လာရေးတို့ ဖြစ်ပါတယ်။ ပထမအင်တာနေရှင်နယ်ကာလက မာ့က်စ်ရဲ့ အမြင်များကို အသေးစိတ် လေ့လာ ကြည့်ရင် ယနေ့ခေတ်အခါ ကျွန်တော်တို့ရဲ့ နိုင်ငံတကာ့ဝါဒသစ် ပေါ်ပေါက်ရေးတိုက်ပွဲအတွက် အရေးပါတဲ့ ထိုးထွင်းသိမြင်မှုများ ရရှိနိုင်ပါတယ်။

**နိုင်ငံတကာ့ဝါဒရဲ့ ပထမအရင်းခံအချက်**

ကမ္ဘာကြီးပေါ်မှာ အရင်းရှင်ဝါဒရဲ့ ကိုလိုနီ ထိုးဖောက်ကျူးကျော်မှုများဟာ တိုးတက်မှုအင်အားသက်သက်တရပ်သာ ဖြစ်ခဲ့ပြီး အဲဒီနိုင်ငံများကို ကမ္ဘာ့အရင်းရှင်စနစ်ရဲ့ ဗဟိုအလယ်ရှိနိုင်ငံများက ရှေ့ဆောင်ရှေ့ရှုက်ပြု လုပ်ဆောင်ခဲ့တဲ့ လမ်းစဉ်များအတိုင်း စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေခဲ့ကြောင်း မာ့က်စ်က ယုံကြည်တယ်လို့ မကြာခဏ ထင်မြင်ယူဆခဲ့ကြပါတယ်။ ကမ္ဘာ့နေရာအချို့က လူ့အဖွဲ့အစည်းပုံသဏ္ဍာန်များဟာ ရှေ့ဆက်လက် ဖြစ်ပေါ်တိုးပွားမှုများကို ပိတ်ဆို့ဟန့်တားထားတဲ့ လှုပ်ရှားမှုမရှိ အိုင်နေသေနေတဲ့ လက္ခဏာဆောင်နေတယ်လို့ သူကနိဂုံးချုပ်ထားတာဟာ သံသယရှိစရာ မလိုပါဘူး။ ဒါဟာ သူ့ရဲ့ “အာရှ ထုတ်လုပ်ရေးနည်းနာ” နဲ့ပတ်သက်တဲ့အဓိကအချက်တရပ်လည်း ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ဒီလိုနိုင်ငံတွေအပေါ် အရင်းရှင်ဝါဒရဲ့ ပြင်ပထိုးဖောက်ဝင်ရောက်မှုများက ဒီအိနေအိုင်နေမှုများကို ထိုးဖောက်ပြီး ပိုမိုကျယ်ပြန့်တဲ့ ဖြစ်ပေါ်တိုးတက်မှုများအတွက် အစပြုစရာ ရုပ်ဝတ္ထုပစ္စည်းလိုအပ်မှုများကို ဖြည့်ဆည်းပေးလိုက်ပါတယ်။ ဒါပေမဲ့ စီးပွားရေးနဲ့ လူမှုရေး “ခေတ်နောက်ကျမှုများ” အပေါ် သူ့ရဲ့အစောပိုင်း ဆွေးနွေးတင်ပြချက်များမှာ ဒီအကြောင်းအရာကို မကြာခဏ တင်ပြခဲ့ပေမယ့် ဒီလူ့အဖွဲ့အစည်းများအပေါ် အရင်းရှင်စနစ်ရဲ့ ကြောက်မက်ဖွယ်သွေးစုပ်မှုသမိုင်းနဲ့ ဒေသခံအမျိုးသားများရဲ့ လူမှုတော်လှန်ရေးတွေရဲ့ လိုအပ်မှုများကိုတော့ မငြင်းပယ်ခဲ့ပါဘူး။ ဒါရဲ့အစား မာ့က်စ်ဟာ သူ့ရဲ့ထုံးစံအတိုင်း

အနုပဋိလောမနည်းကျ စိတ်ကူးဉာဏ်အသုံးပြုပြီး ကိုလိုနီဝါဒရဲ့ဒဏ်ကို ခံစားရသူများရဲ့ ရပ်တည်ချက်ကနေ အဲဒီဝါဒကို ပြစ်တင်ရှုံ့ချခဲ့ပါတယ်။ ဒါတင်မက သူဟာ ဟီဂဲလ်ရဲ့ "အကျိုးအကြောင်း၏ ကောက်ကျစ်မှုတရား" ( cunning of reason ) ကိုပါ ကောက်ချက်ဆွဲတဲ့ အနေနဲ့ ဒီလိုမျိုး အရင်းရှင်ထိုးဖောက်မှုများဟာ ရုပ်ဝတ္ထုလိုအပ်ချက်များကို ထောက်ပံ့ပေးတာဖြစ်ပြီး ဒါတွေနဲ့ လူမှုတော်လှန်ရေးတွေ ပေါင်းစပ်လိုက်တဲ့အခါ သမိုင်းရေးရာ ရှေ့တွန်းတင်မှုတရပ်အတွက် လမ်းဖွင့်ပေးလိုက်တယ်လို့ ချေပလိုက်ပါတယ်။ သူဆိုချင်တာကတော့ ဒီရှေ့တိုးတက်မှုတရပ်ဟာ ဥရောပမှာထက် ပိုရှုပ်ထွေးပြီး အရောင်အသွေးသဏ္ဍာန် စုံလင်မယ်ဆိုတာပါပဲ။

ပထမအင်တာနေရှင်နယ် တည်ထောင်တဲ့ ကာလနှင့် ၁၈၆၀ ခုနှစ်များ "အရင်းကျမ်း" ရေးတဲ့ ကာလကစလို့ သူကွယ်လွန်တဲ့အထိဖြစ်တဲ့ သူ့ရဲ့ နောက်ဆုံးနေ့ရက်များအတွင်း မာ့က်စ်အဖို့ ဟီဂဲလ်ရဲ့ အကျိုးအကြောင်းများကို ဘယ်လိုအဓိပ္ပာယ်ဖွင့်နည်းနဲ့မှ လက်ခံနိုင်စရာ မရှိခဲ့ပါဘူး။ အဲဒါကတော့ ကိုလိုနီဝါဒက ကြိုးဖြေလွှတ်လိုက်တဲ့ ပကတိဘာဝအင်အားများဟာ တကယ်တော့ ကိုလိုနီကျွန်ပြုခံရတဲ့ နိုင်ငံများမှာ ဖြစ်ပေါ်တိုးတက်မှုများအတွက် ရုပ်ဝတ္ထုပစ္စည်း အချက်အလက်များ ဖြစ်ခဲ့တယ် ဆိုတဲ့အချက်ပါပဲ။ ဒါအစား သူအနေနဲ့ ပိုမိုပူပန်ကြောင့်ကြလာရတဲ့ အချက်ကတော့ ချမ်းသာတဲ့နိုင်ငံများအပေါ် ဆင်းရဲတဲ့နိုင်ငံများက ထာဝရ မှီခိုနေရတဲ့ ဆက်ဆံမှုမျိုးကို ဖန်တီးတဲ့ နိုင်ငံတကာ့သွေးစုပ်မှု အခန်းကဏ္ဍနှင့် အလုပ်သမားလူတန်းစား နိုင်ငံတကာ့ဝါဒပေါ် အကျိုးသက်ရောက်မှုတို့ကို ဖြစ်ပါတယ်။ သူက ဆက်လက်သိမြင်လိုက်တာကတော့ – အိုင်ယာလန် စိုက်ပျိုးထုတ်လုပ်ရေးတို့မှ အဓိကအပိုအလျှံများကို အင်္ဂလန်သို့ ပို့ဆောင်လိုက်ပြီး အင်္ဂလန်မှာ ဒါတွေကို စက်မှုလက်မှုထုတ်လုပ်ရေး ကျယ်ပြန့်သွားရေးမှာ အသုံးပြုခဲ့ပါတယ်။ ဒါ့အပြင် ၁၈၈၁ ( ဗီရာဇာဆူလစ်ချ်ထံသို့ သူ့ရဲ့ ပေးစာတတိယမူကြမ်းမှာ ) လောက်မှာ သူက အိန္ဒိယနဲ့ ပတ်သက်ပြီး နိဂုံးချုပ်လိုက်တာကတော့ – "ရပ်ရွာပိုင် မြေရှင်စနစ်ကို ဖျက်သိမ်းတာဟာ ဒေသခံတိုင်းရင်းသားများကို ရှေ့တွန်းပို့တာ မဟုတ်ဘဲ နောက်ပြန်ဆုတ်စေတဲ့ အင်္ဂလိပ်တွေလုပ်နေကျ ရှေးဟောင်းအနုပညာပစ္စည်းတွေကို ဖျက်ဆီးတဲ့ဝါဒရဲ့ လုပ်ရပ်တရပ် သက်သက်သာ ဖြစ်ပါတယ်" တဲ့။ ဗြိတိသျှနယ်ချဲ့ရဲ့ အိန္ဒိယအပေါ် အောင်မြင်မှုက လူ့အဖွဲ့အစည်းဟောင်းရဲ့ နှောင်ကြိုးတွေကို ဖြေလျှော့လိုက်ပြီး ဒါကြောင့်ပဲ သမိုင်းရေးရာ ဖြစ်ပေါ်တိုးတက်မှု အလျင်အမြန် ဖြစ်စေခဲ့တယ်ဆိုပေမယ့် ဒါဟာအိန္ဒိယလူမျိုးတွေကို အလွန်အကျွံ သွေးစုပ်မှုရဲ့ အခြေ အနေအောက်သို့လည်း ကျရောက်စေခဲ့ပါတယ်။ ဒါ့ကြောင့်ပဲ ၁၈၈၁ ခုနှစ်၊ ဖေဖော်ဝါရီက ရေးခဲ့တဲ့စာမှာ မာ့က်စ်က ဗြိတိသျှရဲ့ အကြီးဆုံး ကိုလိုနီပစ္စည်းကြီးရဲ့ အခြေအနေများကို အောက်ပါအတိုင်း ဖော်ပြခဲ့ပါတယ်။

အိန္ဒိယမှာ ဗြိတိသျှအစိုးရအတွက် အထွေထွေ ပေါက်ကွဲမှုကြီး မဟုတ်တောင် အလွန်လေးနက် ပြင်းထန်တဲ့ ရှုပ်ထွေးမှုများဟာ အဆင်သင့် ဖြစ်ပေါ်နေပါပြီ။ အင်္ဂလိပ်တွေ သူတို့ဆီက နှစ်စဉ်ယူနေတဲ့ ငှားရမ်းခများ၊ ဟိန္ဒူများအတွက် အသုံးမကျတဲ့ ရထားလမ်းများအတွက် အခွန်အကောက်များ၊ စစ်တပ်နဲ့နိုင်ငံဝန်ထမ်းများအတွက် ပင်စင်ခများ၊ အာဖဂန်နစ္စတန်နဲ့ တခြားစစ်ပွဲများအတွက် စသည်စသည်တို့ — အိန္ဒိယပြည်အတွင်း နှစ်စဉ် သူတို့အတွက် သီးသန့်သုံးငွေအပြင် ဘာနှင့်မှ တန်ဖိုးတူမထားနိုင်တဲ့ ၊ ကုန်ပစ္စည်းတန်ဖိုးချည်းသက်သက်၊ အိန္ဒိယက အလကားသက်သက် နှစ်စဉ် အင်္ဂလန်ကို ပို့ပေးရတာတွေဟာ အိန္ဒိယရဲ့ သန်း ၆၀ မျှသော လယ်ယာနဲ့စက်မှု လုပ်သားများရဲ့ ဝင်ငွေစုစုထက် ပိုပါတယ်။ ဒါဟာ အပြင်းအထန် သွေးစုပ်ခြင်းပါပဲ။ ငတ်မွတ်ခေါင်းပါးတဲ့ နှစ်များဟာ တနှစ်နဲ့တနှစ်ထပ်နေပြီး အခုအချိန်ထိ အတိုင်းအတာအရဆိုရင် ဥရောပမှာ ဘယ်သူကမှဒါကို မယုံသင်္ကာ မဖြစ်သေးပါဘူး။

အရင်းရှင်စနစ်အောက်က နိုင်ငံတကာ့စနစ်ရဲ့ အလယ်ဗဟိုမှာ ဒီလိုမျိုးပြင်းထန်သည်းသန်တဲ့ သွေးစုပ်မှု သဏ္ဍာန်များ တည်ရှိနေတယ်ဆိုတာကို အသိအမှတ်ပြုလိုက်ခြင်းက (မာ့က်စ်ရဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာတဲ့ ခွဲခြမ်းစိတ်ဖြာမှုအရ) နိုင်ငံတကာ့ဝါဒအတွက် ပထမအရင်းခံ အချက်အစစ် ဖြစ်လာပါတော့တယ်။ သူက ဒါကို အထူးသဖြင့် အိုင်ယာလန်ကိစ္စမှာ အကြောင်းပြချက် အဖြစ် အသုံးပြုထားပါတယ်။ ၁၈၇၀ ဇန္နဝါရီလမှာ ထုတ်ဝေတဲ့ အင်တာနေရှင်နယ် အထွေထွေကောင်စီရဲ့ ကြေညာချက်ထဲမှာ သူက "အင်္ဂလန်မှာ ဒီနေ့တွေ့ကြုံနေရတာတွေဟာ ရှေးရောမကာလက ဖြစ်ပျက်နေတာတွေထက် အဆပေါင်းများစွာမြင့်တဲ့ အဖြစ်အပျက်တွေ ထပ်ပြန်တလဲလဲ ဖြစ်နေမှုတွေကို ကြုံတွေ့နေရတာပါ။ တခြားလူမျိုးကို ကျွန်ပြုတဲ့လူမျိုးဟာ ကိုယ့်ကိုယ်ကိုလည်း သံကြိုးချည်နေတာပါပဲ" လို့ ရေးသားခဲ့ပါတယ်။ အဲဒီနှစ်ဧပြီလထဲမှာပဲ သူက စာတစောင်ရေးသားရာမှာ တကယ်တော့ အင်္ဂလိပ် အလုပ်သမားများအဖို့ အိုင်ယာလန်ရဲ့ အမျိုးသားရေး လွတ်မြောက်မှုဟာ တရားမျှတမှုသက်သက် သို့မဟုတ်

လူ့ကရုဏာတရား ခံစားချက်များဆိုတဲ့ ပြဿနာများ မဟုတ်ဘဲ၊ မိမိတို့ကိုယ်ပိုင်လူမှုလွတ်မြောက်ရေးရဲ့ ပထမအရင်းခံအချက် ဖြစ်ပါတယ်လို့ ရေးသားထား ပါတယ်။

**နိုင်ငံတကာ့ဝါဒရဲ့ ဒုတိယအရင်းခံအချက်**

နိုင်ငံတကာ့ဝါဒရဲ့ ဒုတိယအရင်းခံအချက် ကတော့ လူမျိုးအလိုက်တိုက်ပွဲများနှင့် နိုင်ငံတကာ့ တိုက်ပွဲများကို ပူးပေါင်းဆောက်ရွက်မှုများ လိုအပ်နေတာ ပါပဲ။ တခုရဲ့အခြေခံကို တခုကအမှီပြုရပါမယ်။ မာ့က်စ်က ခေါင်းဆောင် အခန်းကတာဝန်ယူခဲ့ဖူးတဲ့ နိုင်ငံတကာ့ အလုပ်သမားအဖွဲ့အစည်း–ပထမအင်တာနေရှင်နယ်–ဟာ ၁၈၅၇ – ၁၈၅၈ စီးပွားရေး ကပ်ဘေးကြီးကို တုံ့ပြန်တဲ့ အင်္ဂလန်မှာ ၁၈၅၉ ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ လန်ဒန် အလုပ်သမားများရဲ့ အထွေထွေသပိတ်ကြီးနဲ့ အဲဒီ ကာလက ပေါက်ဖွားခဲ့တဲ့ ရက်ဒီကယ် ( radical ) အလုပ်သမားသမဂ္ဂဝါဒ ( trade unionism ) တို့မှာ သမိုင်းရေးရာ အမြစ်တွယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါပေါ်ပေါက်လာရတာရဲ့ ပိုအရေးပါတဲ့ အချက်ဟာ အမေရိကန် ပြည်တွင်းစစ်ကြောင့်ဖြစ်ခဲ့ရတဲ့ ကြီးမားလှတဲ့ ချည်မျှင်ကပ်ဘေးကြီးရဲ့ဂယက် ဖြစ်ပါတယ်။ ဒီ ကပ်ဘေးကြီးဟာ စက်မှုလက်မှုလုပ်ငန်းများမှုလက အခြေပြုရတဲ့ ဗြိတိသျှအဝတ်အထည်လုပ်ငန်းကို ရေရှည် ကုန်ကြမ်းချို့တဲ့ခြင်းနဲ့ ပြုန်းစားကြုံတွေ့စေလိုက်ပြီး အလုပ်သမားတွေထံ အဆိုးဆုံးဒုက္ခတွေ ပုံပေးလိုက် ပါတယ်။ ဗြိတိန်ကိုတင်ပို့တဲ့ ချည်မျှင်ကြမ်း ရှစ်ဆယ် ရာခိုင်နှုန်းလောက်ဟာ အမေရိကန်ကလာတာဖြစ်ပြီး အဲဒီအချိန်က သင်္ဘောသွားလာခြင်းများကို မြောက်ပိုင်းမှာ ပိတ်ဆို့ထားမှုကြောင့် ဗြိတိသျှအဝတ်အထည် လုပ်ငန်းများက မရရှိနိုင် ဖြစ်နေပါတယ်။ အဝတ်အထည် ထုတ်လုပ်သူ အကြီးစား လုပ်ငန်းရှင်ကြီးများမှာတော့ သူတို့ဂိုထောင်တွေထဲမှာ သိုလှောင်ထားတဲ့ ချည်မျှင်များ ရှိနေပေမယ့် အသေးစားထုတ်လုပ်သူ အများအပြား လက်ထဲမှာတော့ မရှိကြဘဲ ရုတ်တရက်ချက်ခြင်း သွင်းကုန်များ ကျဆင်းသွားမှုက မျှော်လင့်ချက် အများအပြားကို တသီတတန်းကြီး ကျဆင်းသွားစေပြီး အဲဒီလုပ်ငန်းတခုလုံးကို ပိုမိုကြီးမားတဲ့ အကျပ်အတည်းသို့ ကျဆင်းသွားစေခဲ့ပါတယ်။ ၁၈၆၁ ခု၊ နိုဝင်ဘာလမှာ လန်ကက်ရှိုင်းယားချည်မျှင်လုပ်ငန်းက အချိန်ပြည့် လုပ်အားဟာ ၅၃၃,၉၅၀ ယောက် ရှိရာက ၁၈၆၂ ခု၊ နိုဝင်ဘာမှာ ၂၀၃,၂၀၀ ယောက်သို့ လျော့ကျသွားခဲ့ ပါတယ်။ ဒီသမိုင်းဝင် အဖြစ်အပျက်ဟာ ပထမ အင်တာနေရှင်နယ် တည်ထောင်ဖို့အတွက် အလွန် အရေးပါခဲ့ပြီး ဒါ့ကြောင့်ဘဲ မာ့က်စ်က သူ့ရဲ့ **အရင်းကျမ်း** အတွဲ ( ၁ ) ရဲ့ အမှာစာမှာ — "ဆယ့်ရှစ်ရာစု အမေရိကန် လွတ်လပ်ရေးစစ်ပွဲက ဥရောပအလယ်အလတ် လူတန်းစားများကို နှိုးစက်ပေးလိုက်သလိုပဲ၊ ဆယ့်ကိုးရာစု အမေရိကန်ပြည်တွင်းစစ်က ဥရောပအလုပ်သမား လူတန်းစားကို နှိုးစက်ပေးလိုက်ပါတယ်" လို့ ကြေညာ ရေးသားခဲ့ပါတယ်။

၁၈၆၀ စုနှစ်များက ဥရောပအလုပ်သမားများ တွေးထင်မြော်မြင်စဉ်းစားခဲ့တဲ့ ပစ္စည်းမဲ့အဖွဲ့အစည်း ပြဿနာဟာ နိုင်ငံအလိုက်ရော၊ နိုင်ငံတကာအလိုက်ရော နှစ်မျိုးလုံး ပါဝင်ခဲ့တာပါ။ မာ့က်စ်အနေနဲ့ ၁၈၆၀ ခုနှစ်အစောပိုင်း ကာလများအတွင်းက အင်္ဂလိပ် အလုပ်သမားလူတန်းစားကို အထင်ကြီးလေးစားပြီး ပထမအင်တာနေရှင်နယ် ဖွဲ့စည်းဖို့ဖြစ်စေခဲ့တဲ့ အချက် ကတော့ ၁၈၆၂ နှင့် ၁၈၆၃ ခုနှစ် လူထုအစည်းအဝေး တခုပြီးတခုအတွင်း မန်ချက်စတာမှ လန်ဒန်အထိဖြစ်တဲ့ အလုပ်သမားများဟာ စည်းရုံးစုစည်းခဲ့ပြီး ဗြိတိသျှ ဝန်ကြီးချုပ် လော့ဒ်ပါလ်မာစတုန်းရဲ့ အမေရိကန် ပြည်တွင်းစစ်အတွင်း စစ်ရေးအရ သိသာထင်ရှားစွာ ဝင်ရောက် စွက်ဖက်တဲ့ရည်ရွယ်ချက်ကို ဆန့်ကျင်တားဆီး ပိတ်ပင်ဖို့ ကြိုးစားခဲ့ကြတယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်ကတော့ ကျေးကျွန်စနစ်ထားရှိရာ တောင်ပိုင်းကို ဗြိတိသျှတို့အနေနဲ့တက်တက်ကြွကြွ ထောက်ခံရေးပဲ ဖြစ်ပါတယ်။ အလုပ်သမားများအတွက် ဒီပြုမူဆောင်ရွက်ချက်ဟာ သူတို့အဖို့ စီးပွားရေး လတ်တလော အကျိုးစီးပွားများနဲ့ ဆန့်ကျင်နေတာဖြစ်ပြီး မာ့က်စ်က အိန်ဂဲလ်ထံသို့ ၁၈၆၃၊ ဧပြီလ ၉ ရက်နေ့က ရေးခဲ့တဲ့စာထဲပါ "အလုပ်သမားလူတန်းစား သမိုင်းမှာ အစဉ်အလာ လုံးဝမရှိခဲ့သလောက်ဖြစ်တဲ့ လှုပ်ရှားမှု ဖြစ်တယ် " ဆိုတဲ့ အတိုင်းပါပဲ။

မာ့က်စ်ကိုယ်တိုင် ၁၈၆၃ ခု၊ မတ်လက ကျင်းပခဲ့တဲ့ လန်ဒန်အလုပ်သမားများသမဂ္ဂကောင်စီ လူထုအစည်းအဝေးကြီးကို တက်ရောက်ခဲ့တယ်။ အဲဒီမှာ မာ့က်စ်ဟာ လန်ဒန်က ကျွမ်းကျင်တဲ့အလုပ်သမားများက ကျေးကျွန်စနစ်ကို ဆန့်ကျင်တဲ့တိုက်ပွဲကို ထောက်ခံပြီး တောင်ပိုင်းပြည်နယ်များဘက်က ဗြိတိသျှရဲ့ ဝင်ရောက် စွက်ဖက်မှုကို ဆန့်ကျင်ကြောင်း ကြေညာခဲ့ပါတယ်။ ဒီအစည်းအဝေးဟာ အင်တာနေရှင်နယ် ပေါ်ထွက်လာရေး အတွက် အခရာကျလှပါတယ်။ ဒါကြောင့် ပထမ အင်တာနေရှင်နယ်ဟာ နိုင်ငံအလိုက် အကျပ် အတည်းချည်းကြောင့်သာ ပေါ်ပေါက်လာရခြင်း မဟုတ်ဘဲ နိုင်ငံတကာ့ အလုပ်သမားများ သွေးစည်းညီညွတ်မှု

သမိုင်းဝင်ဆောင်ရွက်ချက်တခုမှ ပေါ်ပေါက်လာရခြင်းလည်း ဖြစ်ပါတယ်။ (အမေရိကန်မြောက်ပိုင်းက လူများက အင်္ဂလိပ်အလုပ်သမား လူတန်းစားထံသို့ ဒီသွေးစည်းညီညွတ်မှု ဆောင်ရွက်ချက်ကို တုံ့ပြန်တဲ့အနေနဲ့ လန်ကက်ရှိုင်းယားရှိ ခက်ခဲနေတဲ့ အလုပ်သမားများထံ သင်္ဘောစီးတိုက် အထောက်အကူပစ္စည်းများ ပို့ပေးခဲ့ပါတယ် )

အင်တာနေရှင်နယ် ပေါ်ပေါက်လာရာမှာ ဒီထက်နည်းနည်းနောက်ကျမှ ဖြစ်ပေါ်လာခဲ့တဲ့ တခြားဖြစ်ထွန်းမှုများက ပိုမိုလတ်တလောကျတဲ့ အခန်းက ပါဝင်ခဲ့တယ်ဆိုတာ အမှန်ပါပဲ။ ဥရောပအလုပ်သမားများရဲ့ အီတလီနဲ့ ပိုလန်လွတ်မြောက်ရေးတိုက်ပွဲများကို ထောက်ခံကူညီဖို့ကြိုးပမ်းမှုများကလည်း ဩဇာလွှမ်းခဲ့ပြီး နောက်ဆုံးပေါ်ထွက်လာတဲ့ အချက်ကတော့ မြို့တော်အနေနဲ့ ဗြိတိသျှအ လုပ်သမားသမဂ္ဂတိုက်ပွဲများကို ဖြိုခွဲပြီး သပိတ်တိုက်ပွဲဝင် လုပ်သားများအစား အလုပ်သမားများအဖြစ် ခန့်အပ်ဖို့ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဂျာမဏီတို့က ပြည်ပအလုပ်သမားများ ခေါ်သွင်းမယ်ဆိုတဲ့ ခြိမ်းခြောက်မှုပါပဲ။ ဒါပေမဲ့ ကျေးကျွန်စနစ် ဆန့်ကျင်ရေးတိုက်ပွဲကို ဗြိတိသျှအလုပ်သမားလူတန်းစားရဲ့ တက်တက် ကြွကြွ ထောက်ခံမှုမှာ ပြသခဲ့တဲ့ နိုင်ငံတကာသွေးစည်းညီညွတ်မှုဟာ အင်တာနေရှင်နယ်ပေါ်ပေါက်ရေးအတွက် အရေးအကြီးဆုံး သမိုင်းဝင် ဖြစ်ထွန်းတိုးတက်ချက်ဖြစ်တယ်ဆိုတာကို မာ့က်စ်အနေနဲ့ ယုံကြည်လက်ခံခဲ့ပါတယ်။

၁၈၆၄ ခု၊ အောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ ပထမအင်တာနေရှင်နယ် အဖွင့်မိန့်ခွန်းမှာ မာ့က်စ်က အင်္ဂလိပ်လုပ်သားများရဲ့ ဒီပြုမူဆောင်ရွက်ချက်များကို အသုံးပြုပြီး ကမ္ဘာအနှံ့အရင်းအနှီးများရဲ့ သွေးစုပ်မှုများကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့ရာအတွက် အလုပ်သမားလူတန်းစားရဲ့ လွတ်လပ်တဲ့ နိုင်ငံခြားရေးပေါ်လစီတရပ် ထူထောင်ဖို့ လိုအပ်ကြောင်း ဥပမာပြု ပြောကြားခဲ့ပါတယ်။

အလုပ်သမားလူတန်းစား လွတ်မြောက်ရေးဟာ သူတို့ရဲ့ညီနောင်များပါ တပြိုင်တည်းလွတ်မြောက်မှ ဖြစ်မယ်ဆိုရင် ရာဇဝတ်မကင်းတဲ့ အကြံအစည်တွေ၊ အမျိုးသားရေးအစွဲအလမ်းများကို အသုံးချတာတွေနဲ့ ပြည်သူတွေရဲ့သွေးတွေနဲ့ဥစ္စာတွေကို ဖြုန်းတီးပစ်နေတဲ့ နိုင်ငံခြားရေးပေါ်လစီကို ကျင့်သုံးနေသရွေ့ ဒီလောက်ကြီးမြတ်လှတဲ့တာဝန်ကို ဘယ်လိုလုပ်ပြီး ထမ်းဆောင်နိုင်ပါ့မလဲ။ အတ္တလန္တိတ်တဖက်မှာရှိတဲ့ ကျေးကျွန်စနစ် သက်ဆိုးရှည်ရေးအတွက် နာမည်ပျက်လှတဲ့ စစ်ပွဲအတွင်းသို့ အနောက်ဥရောပ စုံးစုံးမြုပ်မသွားအောင် ကယ်တင်လိုက်တာဟာ အုပ်စိုးသူလူတန်းစားရဲ့ ဉာဏ်အမြော်အမြင်ကြောင့် မဟုတ်ဘဲ၊ သူတို့ရဲ့ ရာဇဝတ်သားအမိုက်အမဲတွေအပေါ် အင်္ဂလန်ရှိ အလုပ်သမားလူတန်းစားရဲ့ သူရဲကောင်းပီသတဲ့ ခုခံမှုကသာ ကယ်တင်ခဲ့တာ ဖြစ်ပါတယ်။ မာ့က်စ်က ဆက်လက်ပြီး အခိုင်အမာ ပြောကြားတာကတော့

ဒါကဘာကိုပြသလဲဆိုတော့ သမိုင်းက အလုပ်သမားလူတန်းစားများကို နိုင်ငံတကာ့ နိုင်ငံရေးရဲ့ လျှို့ဝှက်ချက်များကို ကျွမ်းကျင်ရမယ့် တာဝန်ဝတ္တရားကို သင်ကြားပေးလိုက်ပြီး သူတို့ရဲ့သက်ဆိုင်ရာအစိုးရများရဲ့ သံရေးတမန်ရေးလုပ်ဆောင်ချက်များကို လေ့လာအကဲခတ်ဖို့နဲ့ လိုအပ်လာပါက မိမိတတ်နိုင်တဲ့နည်းအားလုံးနဲ့ ဆန့်ကျင်ဖို့၊ မတားဆီးနိုင်ပါကလည်း တပြိုင်နက်တည်း ရှုတ်ချဝေဖန်မှုများ ပူးပေါင်းလုပ်ဆောင်ပြီး လူတဦးချင်းကြား ဆက်ဆံရေးတွေမှာ ချုပ်ထိန်းတဲ့လူမှုရေးနှင့် တရားရေးရာ ဥပဒေသများကို နိုင်ငံအချင်းချင်းကြား ဆက်ဆံမှုနယ်ပယ်က စည်းမျဉ်းကလနားများအဖြစ် ခုခံကာကွယ်ဖို့ သင်ကြားပေးလိုက်ပါတယ်။ ဒီလိုမျိုး နိုင်ငံခြားရေး ပေါ်လစီအတွက် တိုက်ပွဲဝင်မှုဟာ အလုပ်သမားလူတန်းစားများ လွတ်မြောက်ရေး အထွေထွေတိုက်ပွဲရဲ့ တစိတ်တပိုင်းဖြစ်ပါတယ်။

**နိုင်ငံအားလုံးရှိ ပစ္စည်းမဲ့များသွေးစည်းကြလော့၊**

နောက်တလအကြာ ၁၈၆၄ ခု၊ နိုဝင်ဘာလမှာ အင်တာနေရှင်နယ်ကိုယ်စား အေဘရာဟင်လင်ကွန်းထံ ပို့ပေးတဲ့ မူကြမ်းစာစောင်မှာ မာ့က်စ်က အမေရိကန်ပြည်တွင်းစစ်အတွင်း မြောက်ပိုင်းကိုထောက်ခံခဲ့တဲ့ ဥရောပအလုပ်သမားများရဲ့ သူရဲကောင်းရပ်တည်မှုကို လေးလေးနက်နက် ချီးကျူးခဲ့ပါတယ်။ သူက ပဓာနပြု ပြောတာကတော့ “အလုပ်သမားများရဲ့ အနာဂတ်အပေါ် သူတို့ရဲ့ မျှော်လင့်ချက်များသာမက အတိတ်က အောင်ပွဲများတောင် ဒီအတ္တလန္တိတ်တဖက်က ကြီးမားလှတဲ့ ပဋိပက္ခကြောင့် အန္တရာယ်ကျရောက်နေတာကို ကောင်းကောင်းကြီး သဘောပေါက်ကြတယ်။ ဒါကြောင့်ပဲ ဘယ်နေရာမှာမဆို သူတို့အပေါ် ချည်မျှင်ကပ်ဘေးကြောင့် ကျရောက်လာတဲ့ ဒုက္ခသုက္ခများကို စိတ်ရှည်လက်ရှည် အံကြိတ်သည်းခံပြီး ကျေးကျွန်စနစ်ဘက်လိုက်တဲ့ ဝင်ရောက်စွက်ဖက်မှုများကို တက်တက်ကြွကြွ ဆန့်ကျင်ကာ ဥရောပနေရာအများအပြားက ကောင်းမြတ်တဲ့ အရေးတော်ပုံအတွက် မိမိတို့ရဲ့ ဝေပုံကျသွေးချွေးတွေကို လှူဒါန်းခဲ့ပါတယ် ” ဥရောပအလုပ်သမားများဟာ မိမိတို့ရဲ့ ထောက်ခံမှုကို တောင်ပိုင်းကကျေးကျွန်များကိုသာမက

မြောက်ပိုင်းက အလုပ်သမားများထံသို့လည်း ပေးအပ်ခဲ့ပါတယ်။ မြောက်ပိုင်းအလုပ်သမားများဟာ ကျေးကျွန်စနစ်ကြောင့် ဖောက်ပြန်ပျက်စီးနေတဲ့စနစ်နဲ့ မိမိတို့စခန်းသွားနေသရွေ့ "လုပ်အားရဲ့ လွတ်လပ်မှု အစစ်အမှန်ကို မိမိတို့ မရနိုင်ဘူး" ဆိုတာကို သဘောပေါက်ပြီးဖြစ်ပါတယ်။ ဒီကျေးကျွန်စနစ်က ကြွားဝါပြောကြားတာကတော့ အသားဖြူအလုပ်သမားများအနေနဲ့ မိမိတို့စိတ်ကြိုက် အရှင်သခင်ကို ရှာဖွေပြီး မိမိတို့ကိုယ်မိမိတို့ရောင်းချနိုင်တာဟာ အလွန်မြင့်မားတဲ့ ဂုဏ်တခု ဖြစ်တယ်ဆိုတာပါပဲ။

မာ့က်စ်က ဆက်လက်ပြောကြားတာကတော့ "ရှေ့တိုးတက်ဖြစ်ပေါ်မှုအတွက် ဒီအတားအဆီးကိုပြည်တွင်းစစ်ပင်လယ်နီက တိုက်စားဖြိုချပစ်ရမည်လို့အခိုင်အမာပြောဆိုနေတဲ့ တကယ့်အင်အားစုဟာမြောက်ပိုင်းက လုပ်သားထုကြီးသာဖြစ်တယ်" ဆိုတာပါပဲ။

နိုင်ငံတကာ့ပစ္စည်းမဲ့များ သွေးစည်းညီညွတ်ရေးအတွက် နှိုးဆော်သံဟာ တနိုင်ငံက အလုပ်သမားလူတန်းစားက တခြားနိုင်ငံက တော်လှန်ရေးကိုထောက်ခံဖို့နှိုးဆော်သံ သက်သက်မျှသာ မဟုတ်ဘဲ ဓနရှင်များအနေနဲ့ သူတို့ရဲ့နေ့စဉ် စီးပွားရေးဆက်သွယ်မှုများမှာ အလုပ်သမားလူတန်းစား တခုနှင့်တခုအကြား ရန်တိုက်ပေးနေတယ်ဆိုတဲ့ အချက်နဲ့လည်း သက်ဆိုင်ပါတယ်။ အလုပ်သမားများရဲ့တိုက်ပွဲများ အင်အားချည့်နဲ့ သွားစေဖို့ နိုင်ငံခြားမှ လုပ်အားများ တင်သွင်းတဲ့ ပြဿနာဟာ အင်တာနေရှင်နယ်ကိုယ်တိုင် ဖြစ်ပေါ်လာဖို့အတွက် အဓိကပြဿနာတရပ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်ပဲ ၁၈၆၆ ခုနှစ်က မာ့က်စ်ရေးဆွဲခဲ့တဲ့ "အင်တာနေရှင်နယ်ရဲ့ အထွေထွေပြည်နယ်ကောင်စီကိုယ်စားလှယ်များအတွက် ညွှန်ကြားချက် " များမှာ အဓိကရည်မှန်းချက်တခုအဖြစ် "အရင်းရှင်များရဲ့ လျှို့ဝှက်လုပ်ကြံမှုဖြစ်တဲ့ သပိတ်မှောက်မှုများနှင့် အလုပ်ပိတ်ထားမှုများမှာ ဒေသခံအလုပ်သမားများကို ဆန့်ကျင်ဖို့ နိုင်ငံခြားလုပ်သားများကို အဆင်သင့်တလွဲအသုံးချမှုများကို ဆန့်ကျင်တိုက်ဖို့ ဖြစ်ပါတယ်" ဆိုတာကို ထည့်သွင်းထားခဲ့ပါတယ်။ မာ့က်စ်က အခိုင်အမာ ပဓာနပြုဆက်လက်ပြောကြားတာကတော့ အလုပ်သမားလူတန်းစား တိုက်ပွဲဟာ တကမ္ဘာလုံးဖြန့်ကြက်ထားတဲ့ အရင်းရှင်စနစ်နဲ့ ရင်ဆိုင်ရာမှာ မိမိအမျိုးသားရေးတံတိုင်းနဲ့သာ ကန့်သတ်ထားပါက တက်တက်ကြွကြွတိုးမြှင့်နိုင်မှာ မဟုတ်ဘူး ဆိုတာပါပဲ။ **အရင်းကျမ်း** အတွဲ ၁ ၊ အခန်း ၃၁ မှာ သူက အရင်းအနှီးဟာ သူ့ရဲ့အစွန်းထွက်ပစ္စည်းများ ( surplus )၊ တခါတရံ ကလေးသူငယ်များထံမှ စုပ်ယူထားတဲ့သွေးများကို၊ နိုင်ငံရပ်ခြားကရယူပြီး တဖန်တခြားနိုင်ငံတွေမှာ ဒါတွေကို ရင်းနှီးမြှုပ်နှံမှုအဖြစ် အသုံးချကာ အလားတူတခါတရံ ပိုလို့တောင်မခံနိုင်ဖွယ် သဏ္ဍာန်များနှင့် ကုပ်သွေးစုပ်လုပ်ရပ်များကို ထပ်ပြန်တလဲ လုပ်ဆောင်နိုင်ခဲ့ကြပါတယ်လို့ထောက်ပြခဲ့ပါတယ်။ ဒီအခြေအနေများအောက်မှာ အလုပ်သမားများဟာ နိုင်ငံတကာ့တိုက်ပွဲအတွင်းသို့ ပူးပေါင်းပါဝင်လာစေဖို့ ဖြစ်လာပါတော့တယ်။

မာ့က်စ်က နိုင်ငံတကာ့ သွေးစည်းညီညွတ်ရေးကို နှိုးဆော်လှုံ့ဆော် ပြောကြားခဲ့ပေမယ်လို့ အဲဒီသွေးစည်းညီညွတ်မှုဟာ အဲဒီနိုင်ငံ အခြေအနေက ရုပ်ဝတ္ထုပစ္စည်းအခြေခံကို အသုံးချမှုအပေါ် အမြစ်တွယ်ကာ နိုင်ငံအသီးသီးက နိုင်ငံတော် စက်ယန္တရားများကို ရည်မှန်းတဲ့ အလုပ်သမားလူတန်းစား အမျိုးသားအဖွဲ့အစည်းအပေါ် အခြေခံတည်ဆောက်မှသာလျှင် ဖြစ်နိုင်မယ်လို့ အလေးတင်း ထောက်ပြခဲ့ပါတယ်။ ဂိုသာလုပ်ငန်းစဉ် ဝေဖန်ချက် (၁၈၇၅) မှာ သူက "သူ့အလိုလို အလွန်ထင်ရှားသိသာတဲ့ အချက်ကတော့ အလုပ်သမားလူတန်းစားအနေနဲ့ တိုက်ပွဲဝင်နိုင်ဖို့ဆိုရင် မိမိကိုယ်မိမိ မိမိတိုင်းပြည်ထဲမှာ လူတန်းစားတရပ်အဖြစ်လည်းကောင်း၊ မိမိတိုင်းပြည်ကို အနီးကပ်ဆုံးတိုက်ပွဲခွင်အဖြစ်လည်းကောင်း ဖော်ထုတ်ရမယ်"လို့ ရေးသားခဲ့တယ်။

အဲဒီအချိန်အထိ သူတို့ရဲ့တိုက်ပွဲဟာ အနှစ်သာရအရမဟုတ်ဘဲ **ကွန်မြူနစ်ကြေညာစာတမ်း** မှာ ဆိုထားသလို "သဏ္ဍာန်အရ" အမျိုးသားလက္ခဏာဆောင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ "ယနေ့လက်ရှိအမျိုးသားနိုင်ငံများရဲ့ဘောင် " –ဥပမာ ဂျာမန် အင်ပါယာ –ကိုယ်တိုင်တောင်မှ စီးပွားရေးအရ ကမ္ဘာ့ဈေးကွက်ရဲ့ "ဘောင်အတွင်း"နဲ့ နိုင်ငံရေးအရ နိုင်ငံများစနစ်ရဲ့ "ဘောင်အတွင်း" တည်ရှိနေပါတယ်။ စီးပွားရေးသမားတိုင်း ဂျာမန်ကုန်သွယ်ရေးဟာ တချိန်တည်းမှာ နိုင်ငံခြားကုန်သွယ်ရေး ဖြစ်တယ် ဆိုတာကို သိကြပါတယ်။ နောက်ပြီး ဟာဘစ်စမတ်ခ် ( Herr Bismarck ) ရဲ့ ကြီးမြတ်မှုဆိုတာဟာလဲ သေချာအောင်ပြောရရင် နိုင်ငံတကာ့ပေါ်လစီတမျိုးကြောင့်သာ ဖြစ်ပါတယ်။

ဒါကြောင့်ပဲ တကယ်လို့ အလုပ်သမားလူတန်းစားလှုပ်ရှားမှုကို လှုံ့ဆော်စည်းရုံးမယ်ဆိုရင် အစကနဦးမှာ မိမိရဲ့ပင်ကိုယ် အမျိုးသားနိုင်ငံတော်နှင့် မိမိရဲ့ပင်ကိုယ် "အနီးကပ်တိုက်ပွဲခွင်" ကို ရည်မှန်းချက်ထားတဲ့ အမျိုးသားရေးသဏ္ဍာန် ဖြစ်ရပါမယ်။ တချိန်တည်းမှာပဲ မာ့က်စ်က အလေးထားပြောကြားတာ

ကတော့ ဒီအမျိုးသားရေး တိုက်ပွဲများဟာ ဓနရှင်များရဲ့ ပင်ကိုယ် "လွတ်လပ်တဲ့ ကုန်သွယ်ရေး" ကြိုးပမ်းမှုများ – လိုပဲ နိုင်ငံတကာ့လှုပ်ရှားမှုများ ဖြစ်လာအောင် စည်းရုံး ဖွဲ့စည်းပြီး အလုပ်သမားလူတန်းစားရဲ့ နိုင်ငံတကာ့ လှုပ်ရှားမှုများကို ကိုယ်စားပြုစေရမယ်။ (ဂျာမန် အလုပ်သမားပါတီအတွက် ဖာဒီနန်လာဆေးရေးသားတဲ့ ) ဂိုသာလုပ်ငန်းစဉ်ကို ဝေဖန်ရာမှာ မာ့က်စ်က "ဂျာမန် အလုပ်သမားလူတန်းစားရဲ့ နိုင်ငံတကာ့တာဝန်လုပ်ငန်း များအကြောင်း တလုံးတပါဒတောင် မပါဘူးလို့ မကျေမနပ် ဆိုခဲ့ပါတယ်။

မာ့က်စ်နဲ့ အိန်ဂဲလ် ယုံကြည်လာတာကတော့ အလုပ်သမားများရဲ့ အခန်းကဏ္ဍဟာ ဒီစနစ်ရဲ့ အစွန်အဖျားက ပြည်သူများရဲ့ တိုက်ပွဲများကိုပါ ဖြစ်စေ ခဲ့တယ်ဆိုတာပါပဲ။ အရင်းရှင်များရဲ့ ဆက်ဆံမှုများဟာ ဒီလူ့အဖွဲ့ အစည်းများကို ထိုးဖောက်ဝင်ရောက်ပြီး အမျိုးသားခုခံရေးအင်အားစုများကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အိန်ဂဲလ်အတွက်တော့ ၁၈၅၆ ခုနှစ်က စခဲ့တဲ့ ဒုတိယ ဘိန်းစစ်ပွဲကာလအတွင်းက တရုတ်တွေရဲ့ ခုခံတွန်းလှန်ရေး ကို ဒီလို ပြောလို့ရပါတယ်။ — "တရုတ်လူမျိုးအဖြစ်ကို ထိန်းသိမ်းထားနိုင်ရေးအတွက် လူအများထောက်ခံတဲ့ စစ်ပွဲ ဖြစ်တယ်၊ သူတို့ရဲ့ မောက်မာတဲ့အစွဲအလမ်းများ၊ မိုက်မဲမှုများ၊ မသိမလိမ္မာမှုများ ၊ ပြောချင်ရင် ပြောနိုင် သေးတဲ့ ဝါကြွားလှတဲ့ ရက်စက်ကြမ်းကြုတ်မှုများ ရှိနေလျက်ကပဲ လူအများထောက်ခံတဲ့ စစ်ပွဲ" ဖြစ်ပါတယ်။ အိန်ဂဲလ်က ပြင်သစ်တွေကို ဆန့်ကျင်တော်လှန်ခဲ့တဲ့ အယ်လ်ဂျီးရီးယား အမျိုးသား ခုခံရေးစစ်ပွဲခေါင်းဆောင် အက်ဘ်အာလ်ကာဒါ (Abd el-Kader)ရဲ့ သူရသတ္တိကို အလေးတင်း ပြောကြားခဲ့ပါတယ်။ မာ့က်စ်နဲ့ အိန်ဂဲလ်တို့ ဟာ လူမှုစီးပွားရေး ဖြစ်ပေါ်တိုးတက်မှုအပေါ် အလေး တင်းပြီး သူတို့အနေနဲ့ ယဉ်ကျေးမှု နိမ့်ကျတယ်လို့ထင်တဲ့ အဖွဲ့အစည်းများအပေါ် ဝေဖန်တာတွေရှိပေမယ့် အမျိုးသားခုခံရေး တိုက်ပွဲဝင်မှုများရဲ့ သမိုင်းရေးနဲ့ ယဉ်ကျေးမှုရေးအရ ထူးခြားချက်များအပေါ် သူတို့ရဲ့ တန်ဘိုးထားမှုမှာတော့ မလျော့ပါးခဲ့ပါဘူး။ သူတို့ ရှင်းရှင်း လင်းလင်း သဘောပေါက်ထားတာကတော့ လူမျိုးရေးအရ ခွဲခြားမှုများနဲ့ ကိုလိုနီဝါဒကို တော်လှန်မှုများဟာ အကြိမ်အရေအတွက်အရရော အတိုင်းအတာအရပါ တိုးတက်ဖြစ်ပေါ်ကြမှာဖြစ်ပြီး ဒီလိုမျိုးတော်လှန်မှုတွေဟာ ကမ္ဘာ့တိုက်ပွဲနဲ့ တစုတစည်းတည်းဖြစ်ကာ အလုပ်သမား လူတန်းစားလှုပ်ရှားမှု ဖြစ်ပေါ်တိုးတက်မှုကို အမျိုးသားရေး အရရော နိုင်ငံတကာ့အရပါ အကျိုးသက်ရောက်မှု ရှိစေနိုင်တယ် ဆိုတာပါပဲ။ အမေရိကန်ပြည်တွင်းစစ်ရဲ့ သင်ခန်းစာများအပေါ် နိဂုံးချုပ်သုံးသပ်ရာမှာ မာ့က်စ်က "အသားဖြူထဲက လုပ်အားတွေဟာ အသားမဲထဲမှာလည်း တံဆိပ်ကပ်ထားဦးမယ်ဆိုရင် မိမိကိုယ်မိမိ လွတ်မြောက်အောင် မလုပ်ဆောင်နိုင်ပါဘူး" လို့ အရင်းကျမ်းထဲမှာ ရေးသားခဲ့ ပါတယ်။ (အရင်းကျမ်း၊ အတွဲ ၁၊ အခန်း ၁၀၊ အပိုင်း ၇)

ဒါကြောင့် မာ့က်စ်အတွက်တော့ အလုပ်သမားများရဲ့ နိုင်ငံအလိုက်နှင့် နိုင်ငံတကာ အဖွဲ့ အစည်းများဟာ အနုပဋိလောမ သဏ္ဍာန်တမျိုး ဆောင်နေပါတယ်။ ဒီတိုက်ပွဲရဲ့ ဘယ်တဖက်ဖက်ကိုပဲ ဖြစ်ဖြစ် လျစ်လျူရှုလိုက်ပါက တခုလုံးအတွက် ဘေးအန္တရာယ် ကျရောက်နိုင်ပါတယ်။ သူဟာ ( **ဂိုသာ လုပ်ငန်းစဉ်**ထဲမှာ ဖော်ပြထားတဲ့အတိုင်း) "ပြည်သူများ ရဲ့ အကြွင်းမဲ့ညီနောင်သားချင်း" ဆိုတဲ့ ကောက်ချက် အပေါ် အခြေခံတဲ့ လုပ်ဆောင်မှုများကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။ ဒါတွေဟာ နိုင်ငံတကာ့ဝါဒကို အခိုင်အမာ သဏ္ဍာန်များမဖော်ပြဘဲ အနှစ်သာရအရ ပစ်ပယ်တာ သော်လည်းကောင်း၊ နိုင်ငံတကာ့ဝါဒကို အမျိုးသားရေး တိုက်ပွဲများနဲ့ ရှင်းရှင်းလင်းလင်း ဆက်သွယ်ပေးရေးကို ရှောင်တိမ်းတာသော်လည်းကောင်း ဖြစ်တယ်လို့ ဆိုပါတယ်။ အလုပ်သမားလူတန်းစား လှုပ်ရှားမှုဟာ အစကနဦးမှာ လတ်တလော ရုပ်ဝတ္ထုအကြောင်းအချက်များ ပေါ်က ပေါ်ထွက်လာရမှာဖြစ်ပြီး ဒီနည်းနဲ့ ဒေသ အနေအထားကို ရရှိရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ တဖက် ကလည်း အရင်းရှင်စနစ်ကိုယ်တိုင်ရဲ့ ကမ္ဘာ့အတိုင်းအတာ အရ ကြီးထွားမှုနဲ့အညီ ကြီးထွားနေရပါမယ်။

ဒါကြောင့်ပဲ မာ့က်စ်ဟာ နိုင်ငံ့နယ်ပယ်အလိုက် တိုက်ပွဲများလိုအပ်မှုကို လျစ်လျူရှုပြီး နိုင်ငံအားလုံးအကြား ပကတိကရုဏာတရား အရေးတော်ပုံ ( cause of universal humanity ) ကို ချက်ချင်းခုန်ပျံခြင်းလို့ အဓိပ္ပာယ်ထွက်ဆိုတဲ့ တကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးအမြင် (cosmopolitan political stance) ကို လက်မခံ ပယ်ချပါတယ်။ ဆော်လမွန် ဖရင့်ခ်ဘလူးမ် ( Soloman Frank Bloom) က "ကားလ်မာ့က်စ်ရဲ့ လုပ်ငန်းများ ထဲက အမျိုးသားရေးရာ ဖော်ဆိုချက်များ အပေါ် လေ့လာချက်– နိုင်ငံများရဲ့ကမ္ဘာ။ ၁၉၄၁ " ဆိုတဲ့ သူ့ရဲ့ကျမ်း အဆုံးသတ်စာပိုဒ်မှာ ရေးသားထားပုံကတော့ —

နိုင်ငံတကာ့ဝါဒမှာ အမျိုးမျိုးရှိပါတယ်။ မာ့က်စ်ရဲ့ နိုင်ငံတကာ့ဝါဒ ပုံသဏ္ဍာန်ကတော့ ကွဲပြားခြားနားတဲ့ လူမှု အဖွဲ့အစည်းများ တည်ရှိမှုအပေါ် သူ့ရဲ့လက်ခံယုံကြည် ချက်နှင့် တသီးပုဂ္ဂလ အဖွဲ့အစည်းများအပေါ် သိပ်သည်း လေးနက်တဲ့ ဖွဲ့စည်းစည်းရုံးမှုအပေါ် သူ့ရဲ့အလေးထားမှု

များနဲ့ ပုံဖော်ထားပါတယ်။ သူ့ရဲ့အတွေးအမြင်တွေထဲမှာ တကမ္ဘာလုံးဆိုင်ရာဝါဒ (cosmopolitanism) အရိပ်အယောင်များကို တွေ့ရပေမယ့် သူဟာ ကမ္ဘာ့အခင်းအကျင်းအမြင် အပေါ်မှာတော့ တကမ္ဘာလုံးချီမလုပ်ဖို့ ပြတ်သားခဲ့ပါတယ်။ တကမ္ဘာလုံးဆိုင်ရာဝါဒဟာ လူတဦးချင်း တသီးပုဂ္ဂလမှ မျိုးနွယ်တရပ်လုံးထက် အရည်အချင်းလျော့နည်းတဲ့ လူမှုအဖွဲ့အစည်းများမှာ ကြားခံနေရာများမထားဘဲ လူသားတရပ်လုံးအထိ ရည်မှန်းချက်ထားရှိပါတယ်။ – – – – သူဟာ နိုင်ငံတကာ့ဝါဒီဖြစ်ရာမှာ ကမ္ဘာ့ဆက်ဆံရေးတွေမှာ အကျိုးတူပူးပေါင်းရေးစနစ်ကို ထောက်ခံအားပေးတဲ့အနေနဲ့သာမက ဒီထက်ပိုအတိအကျ သဘောထားတာကတော့ ဒီစနစ်ကို အတွင်းပိုင်းမှာ သဟဇာတကျစွာ ဖွဲ့စည်းစည်းရုံးထားတဲ့ နိုင်ငံကြီးများအကြားက ခင်မင်ရင်းနှီးဖွယ် အကျိုးတူအပြန်အလှန် လုပ်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် အကျိုးရရှိချက်အဖြစ် လက်ခံတာပါပဲ။

အလွန်သေးငယ်တဲ့ လူ့အဖွဲ့အစည်းဆိုတာနဲ့အတူ မာ့က်စ်ဟာ မရေရာမသေချာတဲ့ ပုံပျက်ပန်းပျက်နိုင်တဲ့ တကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဆိုတာကိုလဲ လက်မခံပယ်ချပါတယ်။ သူက ထုတ်လုပ်ရေးစနစ် တခုတည်းအတွင်းမှာကို ဒေသဆိုင်ရာမူကွဲများ အသင့်အတင့်ရှိတာကို ဝန်ခံပါတယ်။ သူ့ရဲ့စဉ်းစားချက်ထဲက ဆိုရှယ်လစ်ကမ္ဘာမှာရှေ့တန်းရောက်နိုင်ငံ အရေအတွက်ဟာ အကန့်အသတ် ရှိပါတယ်။ သူ့ရဲ့ကမ္ဘာ့စာပေနဲ့ ကမ္ဘာ့ ယဉ်ကျေးမှုအပေါ် အယူအဆတွေဟာလည်း အလားတူပါပဲ။ သူဟာ ဘာသာအမျိုးမျိုးတတ်ကျွမ်းပြီး ရှေးဟောင်းနဲ့ခေတ်သစ်စာပေတွေမှာလည်း ကျွမ်းကျင်ပျော်မွေ့ပါတယ်။ သူက ကမ္ဘာ့စာပေဟာ ၁၉ ရာစုနှစ်မှာ စုစည်းဖြစ်တည်လာတဲ့သဘောပြောဆိုခဲ့ပါတယ်။ ဒါဟာ တသီးတခြားဖြစ်သော်လည်း ဆက်စပ်နေတဲ့စာပေကို ဖြစ်ပေါ်တိုးတက်စေတဲ့ နိုင်ငံကြီးများရဲ့ထုတ်ကုန် ဖြစ်ပါတယ်။

ဒါကြောင့်ပဲ မာ့က်စ်ပုံဖော်တင်ပြတဲ့အတိုင်း ဆိုရှယ်လစ် နိုင်ငံတကာ့ဝါဒဆိုတာ လူလူချင်း တကမ္ဘာလုံးတန်းတူညီမျှတဲ့ဝါဒ သဏ္ဍာန်တခုဖြစ်ပြီး အမျိုးသားတိုက်ပွဲများနှင့် ဘယ်သူမှအခွင့်ထူးမရှိတဲ့ နိုင်ငံစုံအဖွဲ့အစည်း ပေါ်ပေါက်လာမှုများကသာ ဖြစ်ပေါ်စေနိုင်ပါတယ်။ ဒါဟာ အရင်းရှင်စနစ်ကိုယ်တိုင်ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ မသေချာမရေရာတဲ့ ပုံပျက်ပန်းပျက် တကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းသဏ္ဍာန်ကိုတော့ မယူနိုင်ပါဘူး။ အာဂျစ်အာမက်(Aijaz Ahmad) ( မာ့က်စ်ဝါဒီ အပတ်စဉ်၊ ၁၉၉၅၊ ဇူလိုင် – ဩဂုတ်ထုတ်စာစောင် ) ရဲ့ စကားအရတော့ ဒီအဖွဲ့အစည်းဟာ "တကမ္ဘာလုံးဆိုင်ရာနဲ့ နိုင်ငံစုံတန်းတူညီမျှရေး ယဉ်ကျေးမှု " ကို မလိုလားဘဲ သူ့ရည်ရွယ်ရင်းဟာ သွေးစုပ်မယ့် နယ်မြေအဝန်းအဝိုင်းကို ချဲ့ထွင်ဖို့သာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ၁၈၄၈ တုန်းက မာ့က်စ်ပေးတဲ့ မိန့်ခွန်းမှာ "တကမ္ဘာလုံးဆိုင်ရာ သွေးစုပ်မှုညီနောင်အဖွဲ့လို့ ခေါ်ဆိုတာဟာ ခေရှင်များရဲ့ ဦးဏှောက်ထဲက ပေါက်ဖွားလာတဲ့ အကြံအစည်သာ ဖြစ်တယ်။ တိုင်းပြည်တပြည်အတွင်း အကန့်အသတ်မရှိ ယှဉ်ပြိုင်မှုကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ အဖျက်လက္ခဏာဆောင်တဲ့ အဖြစ်အပျက်တွေ အားလုံးဟာ ကမ္ဘာ့ဈေးကွက်အတွင်းမှာ အဆမတန်ပိုမိုမြင့်မားကြီးထွားတဲ့ အချိုးအစားနဲ့ ပေါ်ထွက်လာပါတယ် " လို့ ကြေညာခဲ့ပါတယ်။

မာ့က်စ်က အခိုင်အမာ ဆက်လက်ပြောကြားတာကတော့ ဒါကိုခုခံကာကွယ်နိုင်တဲ့ ဆိုရှယ်လစ် နိုင်ငံတကာ့ဝါဒဟာ အရင်းရှင် ကမ္ဘာ့အသွင်ဆောင်မှု (capitalist globalization ) စနစ်ကို ပယ်ချတာက စရပါမယ်။ ဒီစနစ်မှာ "အရင်းအနှီးရဲ့ မြို့ကြီးပြကြီး ( metropolis of capital ) " ( ၁၉ ရာစုနိုင်ငံတကာ့စနစ်အတွင်းက ဗြိတိသျှတို့ လက်ခံကျင့်သုံးတဲ့ အခန်းအပေါ် မာ့က်စ်သုံးတဲ့စကားလုံး ) ဟာ ဒီစနစ်ဗဟိုမှာ ရှိတဲ့ ချမ်းသာတဲ့ နိုင်ငံများမှာ တည်ရှိနေကြတယ်။ လယ်ယာကဏ္ဍမှ အများစုဖြစ်တဲ့ ပိုမိုဆင်းရဲတဲ့ ကမ္ဘာလူထု အများစုကြီးဆီက ထွက်လာတဲ့အစွန်းထွက်အတိုးအမြတ်များကို သူတို့ကိုယ်ပိုင်ကြွယ်ဝမှုကို ဖန်တီးဖို့အတွက် ထပ်ဆောင်းဖြည့်ဆည်းနိုင်ပါတယ်။ အလယ်ဗဟိုရဲ့ရင်ထဲမှာ နယ်ချဲ့ဆန့်ကျင်ရေးမရှိဘဲ စစ်မှန်တဲ့ နိုင်ငံတကာ့ဝါဒဆိုတာ မရှိနိုင်ပါဘူး။

## ယနေ့ကာလ အရင်းရှင်ကမ္ဘာ့အသွင်ဆောင်မှုကို ဆန့်ကျင်တဲ့တိုက်ပွဲ

၁၈၅၂ ခုနှစ်က မိတ်ဆွေတဦးဆီ စာရေးသားရာမှာ မာ့က်စ်က "လန်ဒန်က ကာလကတ္တားကို ၇ ရက်အတွင်း သွားနိုင်တဲ့ အချိန်ရောက်ရင်တော့ ကျွန်တော်တို့နှစ်ယောက်လုံး ခေါင်းဖြတ်ခံရပြီးချိန်သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းမှုကြောင့် ခေါင်းတတုန်တုန်ဖြစ်နေချိန်သော်လည်းကောင်း ဖြစ်နိုင်ပါတယ်။ ထို့အတူ ဩစတြေးလျတို့၊ ကာလီဖိုးနီးယားတို့၊ ပစိဖိတ်တို့ကို သွားနိုင်တဲ့ကာလပေါ့လေ။ ကမ္ဘာသစ်က ကမ္ဘာသူကမ္ဘာသားများဟာ ကျွန်တော်တို့ကမ္ဘာကြီး ဘယ်လောက်သေးငယ်တယ်ဆိုတာ မစဉ်းစားတတ်နိုင်လောက်အောင် ဖြစ်လာရလိမ့်မယ် " လို့ ရေးသားခဲ့ပါတယ်။ ( ဘလူးမ်ရဲ့ နိုင်ငံများရဲ့ကမ္ဘာ၊ နှာ ၂၀၂ မှကောက်နုတ်ချက် ) သို့သော်ကမ္ဘာကြီး ဘယ်လောက်ပဲ သေးငယ်ပါစေ

မာ့က်စ်အနေနဲ့ ၁၉ ရာစုနှစ်အတွင်းက အရင်းရှင်စနစ်ရဲ့ ကမ္ဘာ့အသွင်ဆောင်တဲ့ ရေစီးကြောင်းများကို အာရုံစူးစိုက်ခြင်းဖြင့် အဲဒီဖြစ်စဉ်ကို ထိန်းချုပ်တဲ့ အခြေခံအကြောင်းအချက် အများအပြားကို ပုံဖော်ပေးနိုင်ရုံမျှမက ဒါကို တဦးတည်းတယောက်တည်းနဲ့ ခုခံတန်ပြန်နိုင်တဲ့ ဆိုရှယ်လစ် နိုင်ငံတကာ့ဝါဒကို ထိန်းချုပ်ချုပ်ကိုင်ရမယ့် အခြေခံအကြောင်းအချက်များကိုလည်း ပုံဖော်ပေးခဲ့နိုင်ပါတယ်။ အရင်းရှင် ကမ္ဘာ့အသွင်ဆောင်မှု ပိုမိုဖြစ်ထွန်းတိုးတက်နေတဲ့အဆင့် ယနေ့ကမ္ဘာမှာ အဲဒီထိုးဖောက်ကြည့်ရှုမြော်မြင်မှုများဟာ အလယ်ဗဟိုအချက်အချာအဖြစ် တည်ရှိနေပါတယ်။

ကမ္ဘာ့အတိုင်းအတာအရ အရင်းအနှီး စုပုံလာခြင်းနှင့် အလယ်ဗဟိုမှာ စုစည်းလာခြင်းတို့ လွှမ်းမိုးနေတဲ့ ယနေ့ခေတ်ကမ္ဘာရဲ့ ပိုမိုရှေ့တန်းရောက်တဲ့ နယ်ချဲ့စနစ် အနေအထားမှာ အိန္ဒိယရှိ ဗြိတိသျှတို့ရဲ့ အုပ်ချုပ်မှုအကြောင်း ဆွေးနွေးစဉ်က မာ့က်စ်ရည်ညွှန်းခဲ့ဖူးတဲ့ "သွေးယိုစီးခြင်းဖြစ်စဉ်" နဲ့ "ကပ်ဘေးကျရောက်သည့်နှစ်များ" တွေဟာ ပပျောက်သွားခြင်းမရှိဘဲ နဂိုထက် ပိုမိုမြင့်မား ပိုမိုကမ္ဘာ့အသွင်ဆောင်တဲ့ သဏ္ဍာန်များနဲ့ တည်ရှိနေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့ နိုင်ငံများက ရေနံမဟုတ်တဲ့ လူသုံးကုန်ပစ္စည်း ထုတ်ကုန်များအတွက် ကုန်သွယ်ရေး အချက်အလက်များက စနစ်တကျဖိနှိပ်ထားမှုကြောင့် ၁၉၈၀ နှင့် ၁၉၉၁ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့နိုင်ငံများရဲ့ စုစုပေါင်းဆုံးရှုံးမှုဟာ ဘီလျံဒေါ်လာ ၂၉၀ လောက်တောင် ရှိပါတယ်။ အစွန်အဖျားက နိုင်ငံအများအပြားဟာ မိမိတို့ရဲ့ ထုတ်ကုန်နှင့် နိုင်ငံခြားငွေဝင်လမ်းအဖြစ် ဒီအပေါ်အခုထိမှီခိုနေရတာပါ။ ဒီပြဿနာအပေါ် ဒီနိုင်ငံများရဲ့ ဆုံးရှုံးမှုများဟာ ၁၉၉၁ ခုနှစ် တနှစ်တည်းအတွင်းမှာ ဘီလျံဒေါ်လာ ၆၀ ရှိပြီး အဲဒီနှစ်အတွက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့နိုင်ငံများအတွက် ပေးတဲ့ ဘက်ပေါင်းစုံ အကူအညီ စုစုပေါင်းထက် ပိုပါတယ်။ ကမ္ဘာ့ဘဏ် စီးပွားရေးပညာရှင်များ တည်ထောင်ထားတဲ့ စီးပွားရေးအညွှန်း သင်္ကေတများကို အခြေခံပြီး ၁၉၀၀ အညွှန်းအရ တွက်ချက်ရင် "၁၉၈၆လူသုံးကုန်ပစ္စည်းများရဲ့တကယ့်ဈေးနှုန်းများ ပျမ်းမျှအဆင့်ဟာ ကမ္ဘာစစ်နှစ်ခု အကြားရှိ ၁၉၃၂အထွေထွေကပ်ကြီး( Great Depression ) တုန်းက ရောက်ရှိခဲ့တဲ့ အနိမ့်ဆုံး အဆင့်ထက် နိမ့်ကျပါတယ်။ "

ဒီအခြေခံအကြောင်းအချက်များက တတိယနိုင်ငံအများအပြားမှာ ပိုမိုဆိုးဝါးလာတဲ့ ဆင်းရဲမွဲပြာကျမှုနဲ့ ကြွေးမြီများတိုးပွားနေမှုကို ရှင်းလင်းပြရာမှာ အထောက်အကူ ဖြစ်ပါတယ်။ စီးပွားရေးဂျာနယ် ( Economist ) က မကြာခင်က (၂၀၀၀၊ မတ် ၂၅ ရက် ) ရေးသားရာမှာ — "စားနပ်ရိက္ခာနှင့် လယ်ယာအဖွဲ့အစည်းများ အဆိုအရ ကမ္ဘာကြီးရှိလူဦးရေ သန်း ၈၃၀ ဟာ အစားအစာ ဝလင်စွာ မစားရပါဘူး" လို့ သတင်းရေးသားထားပါတယ်။ တချိန်တည်းမှာပဲ ကမ္ဘာ့ကောက်ပဲသီးနှံ ကုန်ပစ္စည်းစုပုံမှုဟာ ကမ္ဘာကြီး နှစ်စဉ်စားသုံးနိုင်မှုထက် အများကြီးပိုပါတယ်။ ဒါကတော့ လူသန်းပေါင်းများစွာ "အမြတ်အစွန်းအတွက် ငတ်မွတ်ရခြင်း" ကို ဖြစ်စေတဲ့ နယ်ချဲ့ကမ္ဘာရဲ့ မညီမျှမှုများကိုဖော်ပြတဲ့ ကံကြမ္မာရဲ့ လှောင်ပြောင်ချက် ဖြစ်ပါတယ်။

ဒီနေ့ ဒီအခြေအနေများဟာ ကုသိုလ်ကံအကြောင်းမလှရိုးမှန်လည်း ကမ္ဘာ့အသွင်ဆောင်မှုပေါ်ထွက်လာတဲ့ဖြစ်စဉ်ရဲ့ အကျိုးရလဒ်ဖြစ်ပြီး တနိုင်ငံက တနိုင်ငံအပေါ် နိုင်ငံတကာ့သွေးစုပ်မှုနဲ့ ဘာမှမဆိုင်ဘူးလို့ ကျွန်တော်တို့ကို မကြာခဏပြောပြနေကြပါတယ်။ နဂိုရှိနေတဲ့ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျတဲ့ပြဿနာအပြင် လူဦးရေများခြင်းနဲ့ ကျိုးကြောင်းညီညွတ်တဲ့ အနောက်တိုင်း အစိုးရတွေလို အဖွဲ့အစည်းသဏ္ဍာန်များ မရှိခြင်းတို့ကြောင့် လူသားများဟာ ဒီဒုက္ခတွေကို တွေ့နေရတာ ဖြစ်ပါသတဲ့။ ဒါတွေကို အရင်းအနှီး လှုပ်ရှားမှုများကို ထိန်းချုပ်တဲ့နည်းဖြင့် ဖြေရှင်းနိုင်တဲ့ စီးပွားရေးပြဿနာများအဖြစ် ကြည့်မြင်လုပ်ရှားဖို့ ကြိုးစားတဲ့နိုင်ငံတွေ အပြောခံနေရတာကတော့ သူတို့ဟာ ကိုယ်ရတဲ့လက်ဆောင်ကို မသုံးတတ်ဘူး ဆိုတာပါပဲ။ ဒါ့အပြင် ဈေးကွက်ကို နိုင်ငံတော်က ဝင်ရောက်ချုပ်ကိုင်တဲ့ အဲသလိုမျိုး ကြိုးစားမှုအားလုံးဟာ အဆုံးမှာတော့ အသုံးမကျဖြစ်ကာ ကိုယ့်ကိုယ်ကို ရှုံးနိမ့်မှုတောင် ဖြစ်စေပါတယ်။ ကမ္ဘာ့အသွင်ဆောင်မှု အတွေးအခေါ်ရဲ့ အရေးကြီးတဲ့ အပိုင်းကတော့ လူမျိုး– နိုင်ငံများ ( nation - states ) ဟာ စီးပွားရေးဆက်ဆံမှုများရဲ့ အဖွဲ့အစည်းများအတွင်း အရေးပါအရာရောက်မှုများ မရှိတော့ဘဲ သူတို့ကို ကမ္ဘာလုံးဆိုင်ရာ အင်အားစုများက ကျော်ဖြတ်သွားပြီ ဆိုတာပါပဲ။ ကမ္ဘာ့ဈေးကွက်အတွင်း နိုင်ငံတော်ရဲ့ ဝင်ရောက်စွက်ဖက်မှုဟာ အရာရာကို ပိုမိုကောင်းမွန်စေမယ့်အစား ပိုမိုဆိုးဝါးစေတယ်လို့ သူတို့က ယူဆကြပါတယ်။ ဒါကတော့ နိုင်ငံတော်ဟာ အရင်းအနှီးကိုယ်နှိုက်ကိုယ်စား မကြာခဏ ဝင်ရောက်စွက်ဖက်တယ်ဆိုတဲ့အချက်ကို လျစ်လျူရှုတဲ့ ဆင်ခြေပါပဲ။

မာ့က်စ်က သင်ကြားခဲ့သလိုပဲ တကယ်လို့များ နိုင်ငံတော်များဟာ "ကမ္ဘာ့ဈေးကွက်ရဲ့ဘောင်အတွင်းမှာ တည်ရှိခဲ့မယ်ဆိုရင် သူတို့ဟာ 'နိုင်ငံတော်များ

စနစ်ရဲ့ဘောင်အတွင်းမှာလည်း’ တည်ရှိနေတယ် ” လို့ ပြောကြားခဲ့ပါတယ်။ ဒီနိုင်ငံတော်များစနစ်ဟာ အရင်းရှင်ကမ္ဘာဈေးကွက်ကို တည်ဆောက်ဖို့နဲ့ ထိန်းသိမ်းဖို့ လိုအပ်ပြီး ထို့ကြောင့်ပဲ ကမ္ဘာ့ဈေးကွက် ပုံမှန် လည်ပတ်ဖို့ဆိုရင် ဒါမရှိလို့ မဖြစ်နိုင်ပါဘူး။ သို့သော်လည်း ပြောင်းပြန်အဖြစ်ကတော့ မမှန်ပါဘူး။ အောက်ခြေက ပေါ်ထွက်ခဲ့တဲ့ လူတန်းစားတိုက်ပွဲများက ဒီနိုင်ငံတော်များကိုယ်တိုင်ကို ပြုပြင်ပြောင်းလဲတဲ့အထိ ဆိုရင်တော့ နိုင်ငံတော်များရဲ့စနစ်ဟာ ကမ္ဘာ့စီးပွားရေးဈေးကွက်ရဲ့ အသုံးချသွေးစုပ်ရေးဘောင်ကို ပစ်ပယ်လျစ်လျူရှုနိုင်ပါတယ်။ ဒါကြောင့်ပဲ နိုင်ငံတော်အပေါ်တိုက်ပွဲတွေဟာ နယ်ချဲ့စနစ်ရဲ့ ပိုမိုကြီးမားကျယ်ပြန့်တဲ့ တကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး အဖြစ်မှန်များနဲ့ မသက်ဆိုင်ဘူးဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။

မာ့က်စ်ရဲ့ ခွဲခြမ်းစိတ်ဖြာချက်များရဲ့ ညွှန်းဆိုမှု အတိုင်းဆိုပါက အရင်းရှင်စနစ် ကမ္ဘာ့အသွင် ဆောင်မှုဟာ သမိုင်းရေးရာ အဆုံးသတ်ချက် မဟုတ်ဘဲ၊ ဒါရဲ့ပင်ကိုယ် ဆန့်ကျင်ဘက်တရားဖြစ်တဲ့ အလုပ်သမားလူတန်းစားရဲ့ နိုင်ငံတကာ့ဝါဒသဏ္ဌာန် ပေါ်ထွက်လာပြီး ဒီအရင်းရှင်စနစ်ကမ္ဘာ့အသွင်ဆောင်မှုရဲ့ ပျက်စီးခြင်းကို မုချနီးပါး ရောက်စေနိုင်တဲ့ တိုးတက်မှု ဖြစ်စဉ်တရပ်သာ ဖြစ်ပါတယ်။ နှစ်ဆယ်ရာစုရဲ့ နောက်ဆုံးဆယ်စုနှစ်အတွင်း အရင်းရှင်စနစ်ရဲ့ အောင်ပွဲရနေတဲ့ ကာလတိုအတွင်းမှာတော့ ဒီလိုမျိုးအမြင်တွေကို အရေးမပါ အရာမရောက်ဘူး ဆိုပြီး ချက်ချင်းပယ်ချခံရမှာပါ။ သို့သော်လည်း အဲဒီ အောင်ပွဲခံတဲ့ ကာလဟာ အခုအခါ အများကြီး ကျော်လွန်သွားခဲ့ပါပြီ။ ထောင်စုနှစ်သစ်ရဲ့ ပထမနှစ်ဝက်မှာ အရင်းရှင် ကမ္ဘာ့အသွင်ဆောင်ခြင်းကို တစ္ဆေကြီးတကောင်က ခြိမ်းခြောက်နေပါပြီ။ နိုင်ငံတကာ့ဝါဒသစ်ရဲ့ တစ္ဆေကြီး ဖြစ်ပါတယ်။ ။

( ဂျွန်၊ ဘဲလ်မီ၊ ဖော့စတာဟာ Monthly Review ရဲ့ ယာယီအယ်ဒီတာ ဖြစ်ပါတယ်။ ဒီဆောင်းပါးဟာ ဂျွန်၊ ဘဲလ်မီ၊ ဖော့စတာ ရေးတဲ့ဆောင်းပါးဖြစ်ပြီး Monthly Review အတွဲ ၅၂ – နံပါတ် ၃ ၊ ၂၀၀၀ ဇူလိုင်၊ ဩဂုတ်လထုတ် စာစောင်က ဖြစ်ပါတယ်။ )

# အမေရိကန်ပြည်ထောင်စု
# နှင့်
## အင်အားကြီးများ

၂၀ ရာစုနှစ်ရဲ့ စစ်အေးရောစစ်ပူပါအပါ စစ်ပွဲတွေအားလုံးနောက်မှာတော့ မဟာအင်အားကြီးနိုင်ငံ တနိုင်ငံပဲ ကျန်ပါတော့တယ်။ အမေရိကန်တချို့အတွက်တော့ ဒါဟာ သမိုင်းကို ထာဝရပုံသွင်းလိုက်ဖို့ မဟာအခွင့်အလမ်းကြီးသဖွယ် ဖြစ်နေပါတယ်။ ပိုပြီး တိတိကျကျ ပြောရရင်တော့ မဟာသွေးဆောင်မှု ကာလပဲ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ အနေအထားဟာ ထင်သလောက်လဲ ထီးထီးကြီးဖြစ်နေတာတော့ မဟုတ်ပါဘူး။ စစ်အေးကာလရဲ့ ကျန်မဟာအင်အားကြီး နိုင်ငံကတော့ နာမည်သာရှိတော့တယ်။ အငြိမ်းစားယူသွားပြီ၊ ဒါမှမဟုတ် အကြီးအကျယ် မသန်မစွမ်း ဖြစ်သွားလို့ ရေရှည်ခွင့်ယူသွားရပြီပဲ ဆိုဦးတော့။ လက်ရှိဖရိုဖရဲဖြစ်နေတဲ့ အခြေအနေမှာတောင် ရုရှားမှာရှိတဲ့ နျူးကလီးယားလက်နက်တိုက်ဟာ စိုးရိမ်ဖွယ်ပမာဏ ရှိသေးတယ်။ အရည်အချင်းရှိတဲ့၊ မကျေမနပ်ဖြစ်နေတဲ့ များပြားလှတဲ့ ပြည်သူတွေ ရှိနေတဲ့အပြင် သဘာဝ အရင်းအမြစ်တွေလဲ အင်မတန်ကြွယ်ဝလှပါတယ်။ ၁၈ ရာစုနှစ်ကတည်းက အင်အားကြီးနိုင်ငံ ဖြစ်ခဲ့တဲ့ရုရှားဟာ ဆိုးဝါးတဲ့ ကာလများကို ကျော်ဖြတ်နိုင်ပြီး ပြန်လည်ရှင်သန်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုလဲ အဲဒီလိုပဲ ကောင်းကောင်းထပ်လုပ်နိုင်ပါလိမ့်ဦးမယ်။

ဒီနေ့ တရုတ်ပြည်ဟာလဲ အနီးကပ်အနာဂတ်အတွင်းမှာ မဟာအင်အားကြီး ဖြစ်လာနိုင်သူတဦးပဲ ဆိုတာ ထင်ရှားပါတယ်။ ၁၉ ရာစုနောက်ပိုင်း ပထမဆုံးအကြိမ် စုစည်းညီညွတ်လာတဲ့ ပြည်သူတွေဟာ အရေအတွက်များပြီး အားမာန်လဲရှိ စွမ်းရည်ပါရမီလဲ ရှိကြပါတယ်။ အခုအဆင်သင့် မဖြစ်သေးတောင်မှ အဲဒီအဆင့်ကို တက်လှမ်းနေတာတော့ သေချာပါတယ်။

အတွင်းပိုင်း စုစည်းကြံ့ခိုင်ရေးအတွက် လုံးပန်းနေရသေးပေမယ့် ဥရောပဟာ စတုတ္ထနေရာမှာ ရှိပါတယ်။ သူတို့ရဲ့ စုပေါင်းအရင်းအမြစ်တွေဟာ အမေရိကန်နဲ့ အသာလေး ယှဉ်နိုင်ပါတယ်။

နောက်ရာစုနှစ်ရဲ့ သမိုင်းအများပိုင်းကို အဲဒီ အင်အားလေးခုက သူတို့အတွင်းဆက်ဆံရေးတွေကို ဘယ်လောက်ကောင်းမွန်စွာ စီမံနိုင်သလဲဆိုတာက ပြဋ္ဌာန်းသွားမယ်ဆိုတာ သံသယရှိစရာ မလိုပါဘူး။

လောလောဆယ်မှာတော့ အမေရိကန်ဟာ ၁၈ ရာစုအကုန်က ဗြိတိသျှနိုင်ငံ တွေ့ကြုံခဲ့ရတာတွေနဲ့ မကွဲပြားလှတဲ့ ရွေးချယ်စရာတွေ ရှိနေပါတယ်။ ကိုယ့်ရဲ့ ယှဉ်ဘက်တွေကို နေရာပေးလိုက်လျှောမလား၊ ဆန့်ကျင်တိုက်ခိုက်မလား ဆိုတာပါပဲ။ အမေရိကန်ရဲ့ စိုးမိုးခြယ်လှယ်မှုအောက်မှာ ဆက်ရှိနေမယ့် အနားသတ် မရှိတဲ့ ‘ ကမ္ဘာလုံး ’စနစ်အတွက် ဆက်ဖိအားပေးခြင်းဖြင့် ယှဉ်ဘက်တွေကို ဆန့်ကျင်တိုက်ခိုက်နိုင်ပါတယ်။ ဒါမှမဟုတ် အခြားသူတွေကို ကမ္ဘာလုံးဆိုင်ရာအာဏာတွေ ခွဲဝေယူဖို့ ဆွဲဆောင်ခြင်းအားဖြင့် နေရာပေးလိုက်လျှောနိုင်ပါတယ်။ အဲဒီအာဏာခွဲဝေရေးထဲမှာ အကျိုးစီးပွားဆိုင်ရာ ဒေသစက်ဝန်းနဲ့ စုပေါင်းကမ္ဘာ့တာဝန်ယူမှုတွေ တစုံတရာ ပေါင်းစပ်ထားတာ ဖြစ်ပါတယ်။

တိုင်းပြည်အနေနဲ့ ဒီလိုမျိုး ကြမ္မာငင်ဖွယ် ရွေးချယ်စရာတွေနဲ့ ရင်ဆိုင်နေရတယ်ဆိုတာကို လူထုက သိရှိသဘောပေါက်ဟန် မရှိပါဘူး။ ကမ္ဘာ့အင်ပါယာအခန်းအတွက် အဆင်သင့်ဖြစ်ဟန် မတူသေးတာတော့ သေချာပါတယ်။ အမှန်ပါပဲ မကြာခင် နှစ်များအတွင်းက အမေရိကန် သမ္မတအဆောက်အအုံကို ဖြည်းဖြည်းမှန်မှန် ‘ ဖြိုခွဲပစ်နေခြင်း ’ ကိုကြည့်ရင် ကမ္ဘာ့စိုးမိုးခြယ်လှယ်ရေး အခန်းကို ဆက်ထိန်းထားနိုင်ဖို့ လိုအပ်တဲ့ အတွင်းပိုင်း စည်းမျဉ်းစည်းကမ်းတွေကို အမေရိကန်နိုင်ငံရေး အသိုင်းအဝန်းက အင်တိုက်အားတိုက် ပယ်ဖျက်ပစ်နေတာပဲ ဖြစ်ပါတယ်။ အထူးသဖြင့် စစ်အေးခေတ် ပြီးကတည်းက သမ္မတအဆောက်အအုံကို လျှော့ချပစ်ဖို့ ကွန်ဂရက်၊ တရားရုံးများနဲ့ ပြည်နယ်အစိုးရတွေကို ဗီဇအသိက

မောင်းနှင်နေခဲ့ဟန်တူပါတယ်။

ဒါပေမဲ့ အမေရိကန် အစိုးရအဖွဲ့အတွင်း ကြီးထွားလာနေတဲ့ ဖရိုဖရဲဖြစ်မှုက ရေရှည်ဖြစ်တဲ့၊ စဉ်းစားတွေးခေါ်မှုရှိပြီး စုစည်းညီညွတ်တဲ့ နိုင်ငံခြားရေးရာ မူဝါဒတရပ်ကို မပေါ်ထွက်နိုင်စေပေမယ့် တဖက်မှာတော့ အမေရိကန်အင်အားကို ပြည်ပမှာ အခိုင်အမာ ထုတ်ပြရေးကို လိုလားအားပေးပါတယ်။ အမေရိကန် ပြည်ထောင်စုမှာ စစ်အေးခေတ်ရဲ့ ကြီးမားတဲ့ အင်ပါယာ အဆောက်အအုံတွေ ရှိနေပါသေးတယ်။ နိုင်ငံခြား မူဝါဒရေးရာ ကျွမ်းကျင်သူတွေရဲ့ အလျှံပယ် ထောက်ပံ့မှုတွေက အားပေးထားတဲ့ အလွန်အမင်းကြီးထွားနေတဲ့ စစ်ရေး၊ သံတမန်ရေးနဲ့ ထောက်လှမ်းရေးအဆောက်အအုံတွေ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးဟာ အင်အားအာဏာ မောင်းတံတွေနဲ့ ကျွမ်းဝင်ပြီးဖြစ်နေတဲ့ ကျယ်ပြန့်လှတဲ့ ရည်မှန်းချက်တွေရှိပြီး မိမိကိုယ်မိမိ ထိန်းသိမ်းရေးအတွက် ထက်မြက်တဲ့ အသိစိတ်တွေလည်း ရှိပါတယ်။ ဘေးအန္တရာယ်နဲ့ သမ္မတအဆောက်အအုံ စည်းမျဉ်းတွေဆိုင်ရာမှာ စစ်အေးခေတ် စဉ်းစားသိမြင်မှုမျိုး မရှိရင် အမေရိကန် နိုင်ငံခြားရေးမူဝါဒဟာ အထူးအကျိုးစီးပွားတွေရဲ့ အကျပ်ကိုင်မှုကို အလွယ်တကူခံရနိုင်ပါတယ်။ ဗျူရိုကရေစီယန္တရား သို့မဟုတ် အခြားတစုံတရာက သူတို့ရဲ့ အစီအစဉ်တွေကို ကြိုကြားတွန်းဆော်နေမှာ ဖြစ်ပါတယ်။

အစောပိုင်းနှစ်တွေမှာ ကလင်တန်အစိုးရဟာ ပြည်တွင်းပြဿနာတွေအပေါ်မှာ အာရုံစူးစိုက်ခဲ့တယ်။ ကမ္ဘာလုံးဆိုင်ရာ အင်အားအသုံးပြုရေး အပေါ်မှာတော့ မယုံမရဲ ဖြစ်နေခဲ့ပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအရ သမ္မတအဆောက်အအုံဟာ အားနည်းခဲ့ပေမယ့် အစိုးရအဖွဲ့ကတော့ ၎င်းရဲ့ကမ္ဘာ့အခန်းကဏ္ဍအတွက် ပိုစိတ်အားထက်သန်လာခဲ့တယ်။ ဝီလ်ဆင်ရဲ့အမွှမ်းတင်စကားတွေကို ဆန်းသစ်ထားတဲ့ သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးဆိုတာတွေဟာ ပိုပိုပြီး အောင်ပွဲခံတဲ့၊ ဗိုလ်ကျစိုးမိုးတဲ့ လေသံတွေ ဖြစ်လာပါတယ်။ ယူဂိုဆလားဗီးယားမှာတော့ ကမ္ဘာလုံးဆိုင်ရာ အမွှမ်းတင်စကားနဲ့ ကြီးမားတဲ့ စစ်အင်အားကိုပေါင်းစပ်ဖို့ အစိုးရအဖွဲ့ဟာ စိတ်ထက်သန်နေကြောင်း ပြသခဲ့ပါတယ်။

## အမေရိကန်ရဲ့ မာနတံခွန်

ကိုဆိုဗိုက ထင်ရှားပေါ်လွင်တဲ့ သင်ခန်းစာကတော့ ဆားဗီးယားမှာ ဖြစ်နေတာတွေကို မနှစ်မြို့ကြပေမယ့် အမေရိကန်ဦးဆောင်တဲ့ စစ်ရေးတိုက်ပွဲကို ကမ္ဘာ့နေရာ အတော်များများမှာ ရှုတ်ချတဲ့ဖြစ်ရပ်တွေ အလျင်အမြန် ပေါ်ပေါက်ခဲ့တာပဲ ဖြစ်ပါတယ်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို ရပ်တံ့ပစ်ဖို့ အနောက်ရဲ့ ဆုံးဖြတ်ချက်အပေါ် အားရခဲ့ကြသူတွေတောင် အမေရိကန်က ဒီလောက်အရေးပါတဲ့နေရာ ယူထားတာကို မမြင်လိုကြပါဘူး။ ဥရောပရဲ့ ဦးဆောင်မှုကို ပိုလိုလားကြပါတယ်။ ကလင်တန်ရဲ့ အမေရိကန်ကတော့ သူ့ကိုယ်သူ ကမ္ဘာ့ပုလိပ်၊ တရားသူကြီး၊ ဂျူရီလူကြီးနဲ့ ပါးကွက်သားအဖြစ်ပါ ခန့်အပ်ထားပုံပါပဲ။ ဒီခန့်အပ်မှုကို ကမ္ဘာအနှံ့မှာ လူကြိုက်များဖို့ကတော့ အလှမ်းဝေးလှပါတယ်။

အမေရိကန်ရဲ့ ဝင်ရိုးတခု အဆိုပြုချက်တွေမှာ မာနတံခွန်ထူနေတဲ့ လက္ခဏာတွေ အများကြီး ပါနေပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၅% ပဲရှိပြီး ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ၂၈ % ကို စားသုံးပစ်နေတဲ့ အမေရိကန်ဟာ ကမ္ဘာအနှံ့က မကျေမနပ် ဖြစ်နေသူတွေရဲ့ပစ်မှတ် အလိုလို ဖြစ်နေပါတယ်။ [၁] ကျွန်တော်တို့ ကောင်းကျိုးအတွက် ကျွန်တော်တို့သမိုင်းကိုယ်နှိုက်က အကောင်းတွေ လွန်နေဟန် တူပါတယ်။ တကယ်တော့ အမေရိကန် ပြည်ထောင်စုဟာ ၁၈၁၂ ခုနှစ်စစ်ပွဲ ပြီးကတည်းက နောက်ထပ်တခါမှ အကျူးကျော် မခံရတော့ပါဘူး။ တဖက်မှာတော့ တရုတ်၊ ရုရှားနဲ့ ဥရောပနိုင်ငံ အတော်များများက ပြည်သူတွေဟာနိုင်ငံခြားမှ ကျူးကျော်ဝင်ရောက်သူတွေကြောင့် မဖော်ပြနိုင်အောင် ဆိုးဝါးတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ဂုဏ်သိက္ခာထိပါးမှုတွေ ခံစားခဲ့ရပါတယ်။ ဒါတွေကို သူတို့အမှတ်ရနေကြဆဲပါ။ ကျွန်တော်တို့ရဲ့ နှိုင်းယှဉ်ချက်အရ ချမ်းမြေ့ဖွယ်ကောင်းတဲ့ သမိုင်းက အမေရိကန်သံခင်းတမန်ခင်းအတွက် ပိုမိုကောင်းမွန်တဲ့ အရည်အသွေးအချို့ကို ပေးအပ်ခဲ့တယ်ဆိုတာကတော့ သံသယဖြစ်စရာ မလိုပါဘူး။ ဥပမာအားဖြင့် မာရှယ်စီမံကိန်းကို ဖြစ်ပေါ်စေခဲ့တဲ့ ယုံကြည်မှုနဲ့ ရက်ရောမှုတို့ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီသမိုင်းကြောင့်ပဲ ဒုက္ခပိုရောက်ခဲ့ကြသူတွေရဲ့ စိုးရိမ်ပူပန်မှုတွေကို ကျွန်တော်တို့ မစာနာတတ်တော့ဘူး။ အခြားအင်အားကြီးတွေနဲ့ တန်းတူရေး အခြေခံပေါ်မှာ ရင်းရင်းနှီးနှီး ဘယ်လိုနေရမလဲဆိုတာလဲ ကောင်းကောင်းမတတ်ကြတော့ဘူး။ အမြဲတမ်း “ သီးခြားဝါဒီ ” တယောက်အနေနဲ့ အမေရိကန်တွေဟာ သူများတွေနဲ့ ခွာနေရင်နေ၊ မဟုတ်ရင် သူများထိပ်မှာ နေပါတယ်။

စစ်အေးခေတ်ရဲ့ ဆယ်စုနှစ် ၅ ခုနီးပါးအတွက် မှတ်သားလောက်ဖွယ် ရှုပ်ထွေးနက်နဲတဲ့၊ စိတ်ရှည်မှုရှိပြီး အောင်မြင်မှုလဲရှိတဲ့ မဟာမိတ် ပေါ်လစီတရပ်ကို ဦးဆောင်လုပ်နိုင်ခဲ့တာလဲ မှန်ပါတယ်။ ဒါပေမဲ့ အမေရိကန်ရဲ့ သီးခြားဆန်ပြီး စိုးမိုးခြယ်လှယ်လိုတဲ့ ဗီဇစိတ်တွေနဲ့ အခုတဖြည်းဖြည်း ပေါ်ထွန်းလာနေတဲ့ ပိုပြီး

ကမ္ဘာလုံးဆန်တဲ့ ဗဟုကမ္ဘာမျိုးထက် အဲဒီပတ်ဝန်းကျင်မျိုးက ပိုပြီးလိုက်လျောညီထွေ ရှိပါတယ်။ အမေရိကန်ရဲ့ နိုင်ငံရေးစိတ်ကူးစိတ်သန်းဟာ အရေးကြုံတော့ သက်လုံမကောင်းဘူး ဖြစ်နေတယ်။ ပေါ်ပေါက်လာနေတဲ့ ကမ္ဘာ့စနစ်သစ်နဲ့ ထိန်းညှိမှုတွေ မလုပ်ဆောင်ဘူး။ ဝင်ရိုး ၂ ခုကနေ ဝင်ရိုးတခုအဖြစ် ခပ်လွယ်လွယ်ပဲပြောင်းဖို့ လုပ်နေပါတယ်။

အမေရိကန်ပုံစံ ကမ္ဘာ့အသွင်ဆောင်ရေးဝါဒဆိုတာ အာဏာကိုခွဲဝေထားတဲ့ အမျိုးအမည်စုံလင်တဲ့ ဗဟုကမ္ဘာ မဟုတ်ပါဘူး။ ဝင်ရိုးတခုထဲရှိတဲ့ အမေရိကန်ရဲ့ လွှမ်းမိုးမှုအောက်မှာ တည်ငြိမ်တဲ့ကမ္ဘာ ထူထောင်ရေးပဲ ဖြစ်ပါတယ်။ အသေချာမှတ်ထားတဲ့ ကျွန်တော်တို့ရဲ့ ဝင်ရိုးတခုစိတ်ကူးနဲ့ လက်တွေ့ကမ္ဘာအတွင်းမှာ လူးလွန့်လာနေတဲ့ ဗဟုတိမ်းညွတ်မှုတွေကြား ကွာဟချက်ကတော့ ကြီးထွားလာနေတဲ့ အန္တရာယ်တရပ်ပဲ ဖြစ်ပါတယ်။ အမေရိကန်ရဲ့ပေါ်လစီ တသီတတန်းကြီးထဲမှာ အဲဒီအန္တရာယ်ကို ထင်ရှားပေါ်လွင်စွာ တွေ့ရှိနိုင်ပါတယ်။ အဲဒီပေါ်လစီတွေက အမေရိကန်ပြည်ထောင်စုကို ရုရှား၊ တရုတ်တို့နဲ့သာမက ဥရောပရဲ့ အကျိုးစီးပွားတွေအားလုံးနဲ့ တပြိုင်ထဲ ဆန့်ကျင်ထိပ်တိုက် တွေ့နေစေပါတယ်။

ဆိုဗီယက်ပြိုကွဲမှုက ဥရောပတိုက်မှာ ဥရောပသမဂ္ဂကို တိုးတက်မှု ဖြစ်စေပါတယ်။ ငွေကြေးသမဂ္ဂကို အကောင်အထည် ဖော်ပြီးတဲ့နောက် အခုအခါမှာ ဘုံနိုင်ငံခြားရေးနဲ့ လုံခြုံရေးပေါ်လစီ ( Common Foreign & Security Policy CFSP ) ကို ဥရောပသမဂ္ဂဟာ ထိပ်တန်းဦးစားပေးနေပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ နေတိုးကိုအခြေအနေနဲ့ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲမလား။ ဒါမှမဟုတ် ၎င်းရဲ့ အစဉ်အလာ စစ်ရေးလွှမ်းမိုးချုပ်ကိုင်မှုကို ခိုင်မာအောင် လုပ်မလားဆိုတာကို ရွေးရမှာ ဖြစ်ပါတယ်။ လမ်းကြောင်းနှစ်ခုစလုံးရဲ့ ကောက်ကြောင်းတွေကတော့ ရှင်းလင်းလှပါတယ်။ လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရေးက နေတိုးအတွက် ကိုယ့်ဟာကိုယ်လှုပ်ရှားနိုင်စွမ်းရှိတဲ့ “ဥရောပဒေါက်တိုင်” တခုကို တောင်းဆိုပါတယ်။ နေတိုးရဲ့စစ်ဦးစီး အဆောက်အအုံ တစုံလုံးကို “ ဥရောပဖြစ်ရေး ” ဆိုတဲ့ အရေးကြီးကိစ္စရပ် အပါအဝင်ပေါ့။ ရည်ရွယ်ချက်ကတော့ သူတို့ဒေသတွေရဲ့လုံခြုံရေးကို ဥရောပနိုင်ငံတွေကပဲ တက်တက်ကြွကြွနဲ့ တာဝန်ယူလုပ်ဆောင်သွားကြဖို့ပဲ ဖြစ်ပါတယ်။

တခြား မဟာဗျူဟာအရ ဆိုရင်တော့ အမေရိကန်ဟာ သူ့ရဲ့စစ်ရေး ဗိုလ်ကျလွှမ်းမိုးမှုကို ဆက်လက်စွဲကိုင်ထားမယ်။ စစ်အေးတိုက်ပွဲ မရှိတဲ့အတွက် အမေရိကန်ဦးစီးတဲ့ နေတိုးပုံစံဟောင်းအတွက် လုပ်ငန်းအသစ်တွေ ရှာဖွေပေးရပါမယ်။ အဓိကအားဖြင့်တော့ အဖွဲ့ဝင်တွေ တိုးချဲ့တာတွေ လုပ်ရင်လုပ်ရပါမယ်။ ဒါမှမဟုတ် ရဲ သို့မဟုတ် လုံခြုံရေးလုပ်ငန်းတွေအထိ ‘ နယ်ကျော်ပြီး ’လုပ်ငန်းတိုးချဲ့ရပါမယ်။ အမေရိကန်ပြည်ထောင်စုဟာ စစ်ရေးဆိုင်ရာ အဆင့်မြင့် နည်းပညာစွမ်းဆောင်ရည်တွေ မြင့်မားအောင် လုပ်ဆောင်ထားပါတယ်။ ဒါကြောင့် ဥပဒေကျူးလွန်သူတွေကို ဒဏ်ခတ်အပြစ်ပေးတဲ့ စစ်ပွဲတွေမှာ အမေရိကန် တပ်ဖွဲ့တွေအတွင်း အကျအဆုံးအထိအခိုက်များမှာ မပူရ တော့ပါဘူး။ စစ်ပွဲကို လက်စသတ်ဖို့နဲ့ ဥပဒေထိန်းသိမ်းရေး အတွက်တော့ ဥရောပမဟာမိတ်တွေက လျှပ်တပျက်ချီ မြေပြင်တပ်တွေ တိုးချဲ့ထူထောင်ထားပါတယ်။

## ဒွိစုံအမေရိကန်

အမေရိကန်ရဲ့ တကယ့်မူဝါဒဟာ ဆန့်ကျင်ဘက်သဘောထား ၂ ရပ် ရောနေတဲ့ ဒွိစုံမူဝါဒပဲ ဖြစ်ပါတယ်။ CFSP အပါအဝင် ဥရောပပေါင်းစည်းရေးကို အမေရိကန်ပြည်ထောင်စုဟာ တရားဝင်အားဖြင့် ထောက်ခံတယ်။ နေတိုးအဖွဲ့အတွင်း ဥရောပဒေါက်တိုင်အတွက် တောင်းဆိုမှုတွေကို ဖြည်းဖြည်းချင်း နေရာပေးလာတယ်။ တချိန်ထဲမှာပဲ ဥရောပနိုင်ငံတွေအတွင်း ကွဲလွဲမှုတွေကို ချက်ယူပြီးတော့ အဲဒီပြုပြင်ရေးလုပ်ငန်းတွေကို အမြဲလိုလို ပယ်ဖျက်ပစ်နေနိုင်ပါတယ်။ ဥရောပအတွင်း ကွဲလွဲမှုတွေဆိုတာလည်း များသောအားဖြင့် သိပ်ပြီး တွန်းတွန်းတိုက်တိုက် လုပ်ပေးစရာ မလိုလှပါဘူး။ ပြီးတော့ နေတိုးမဟာမိတ် တိုးချဲ့ရေးမှာ အမေရိကန်ပြည်ထောင်စုဟာ ထည်ထည်ဝါဝါနဲ့ကို ဦးဆောင်နေတာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ရာမှာလည်း ရုရှားက သေချာပေါက် စိုးရိမ်ပူပန်မှုတွေ ဖြစ်လာစေမယ့်ပုံစံမျိုးနဲ့ လုပ်နေတာ ဖြစ်ပါတယ်။ တဖက်မှာကျတော့ ရုရှားရဲ့ ဒေါသတကြီး တုံ့ပြန်မှုတွေက အနောက်ဥရောပအနေနဲ့ အမေရိကန်ရဲ့ ကာကွယ်မှု မပါတဲ့ စီမံကိန်းတွေ ရှေ့တိုးလုပ်ဆောင်ဖို့ စိတ်မပါ လက်မပါ ဖြစ်စေပြန်ပါတယ်။ အမေရိကန်က ဦးဆောင်ခဲ့ရုံတင်မကဘဲ အလေးထားလုပ်ခဲ့တဲ့ ကိုဆိုဗိုဝင်ရောက်စွက်ဖက်မှုကတော့ ကျွန်တော်တို့ နေတိုးမူဝါဒရေးရာရဲ့ ရှေးရိုးစွဲပုံစံကို အခြေခံအားဖြင့် ရောင်ပြန်ဟပ်ပြနေတာပါပဲ။

ဘာပဲဖြစ်ဖြစ် ရေရှည်မှာတော့ ဥရောပလုံခြုံရေးပြဿနာတွေကို အမေရိကန်ကဆက်ပြီး စီမံခန့်ခွဲနေမှာကို ဆန့်ကျင်အတိုက်အခံပြုလာကြမယ့် အချက်အလက်တွေ အများကြီးပေါ်လာမှာ ဖြစ်ပါတယ်။ စစ်အေးခေတ်မှာတော့

ပြင်ပမဟာအင်အားကြီးရဲ့ခြိမ်းခြောက်မှုကို ထိန်းညှိဖို့ အတွက် ပြင်ပကမိတ်ဖက်မဟာအင်အားကြီးကို ဖိတ်ခေါ်တာဟာ သဘာဝကျပါတယ်။ ဒီနေ့ ခြိမ်းခြောက်နေတဲ့ အန္တရာယ်တွေက ကိုယ့်အတွင်းမှာပဲ ဖြစ်ပါတယ်။ အိမ်နီးချင်းမျိုးနွယ်စု စစ်ပွဲတွေ၊ အကြမ်းဖက်ဝါဒ၊ မူးယစ်ဆေးဝါးနဲ့ ဂိုဏ်းဖွဲ့ရာဇဝတ်မှုကျူးလွန်တာတွေ ဖြစ်ပါတယ်။ စစ်အေးခေတ် အစဉ်အလာ စစ်ရေးစိန်ခေါ်မှုမျိုးတွေထက် များသောအားဖြင့် ရဲနဲ့ပိုဆိုင်တဲ့ ပြဿနာတွေ ဖြစ်ပါတယ်။ ကိုယ့်အတွင်းပြဿနာတွေကို ဖြေရှင်းဖို့အတွက် ဘယ်လိုပဲ မိတ်ဆွေဖြစ်နေပါစေ၊ ပြင်ပအားကို သုံးနေတာဟာ အမေရိကန်ရော ဥရောပအတွက်ပါ ပိုပိုပြီးတော့ မသက်မသာ ဖြစ်စေမှာ ဖြစ်ပါတယ်။

ဥရောပရဲ့ တကယ့်လုံခြုံရေးပြဿနာ အများအပြားအတွက် ရုရှားရဲ့ နိုင်ငံရေး၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှုဟာ အမေရိကန်ရဲ့ ပူးပေါင်းဆောင်ရွက်မှုလိုပဲ အကျိုးရှိမှာလည်း သေချာလှပါတယ်။ ဒါ့အပြင် ရုရှားရဲ့ ရေရှည်စီးပွားရေးနဲ့ နိုင်ငံရေးအောင်မြင်မှုဟာ ဥရောပရဲ့ ကြွယ်ဝမှုနဲ့ လုံခြုံမှုအတွက် အသက်ပမာ အရေးပါလှပါတယ်။ ရုရှားဟာ လုံးဝမှန်တမ်းမကျ ဖရိုဖရဲ ဖြစ်မသွားဘူးဆိုရင် အမေရိကန်ဦးဆောင်တဲ့ ကြမ်းတမ်းကြီးမားတဲ့ စစ်အင်အားအပေါ် အားထားတာထက် အငြင်းပွားပြဿနာတွေ မဖြေရှင်းနိုင်သေးခင် ရုရှားနဲ့အတူတကွ ဆက်တွဲပြီးနေနိုင်မယ့် အစီအမံက သူတို့လုံခြုံရေးအတွက် ပိုအကျိုးရှိမယ်လို့ ဥရောပအစိုးရတွေက ယုံကြည်ကြမှာပါ။ နေတိုးကို တိုးချဲ့မှုနဲ့ ရုရှားအစပ်နယ်တွေမှာ စစ်ရေးလေ့ကျင့်မှုတွေ[၂] အမေရိကန်က တက်တက်ကြွကြွ လုပ်ချင်နေတာတွေဟာ ရုရှားရဲ့ အမျက်ဒေါသကို တောက်လျှောက်ဆွပေးနေတာပဲ ဖြစ်ပါမယ်။ ရုရှားနဲ့ သူတို့အကြားက ပြဿနာတွေကို အမေရိကန်က ဖြေရှင်းပေးနေတာ မဟုတ်ဘဲ ပြဿနာတွေဖြစ်စေတဲ့ အကြောင်းရင်းအဖြစ် ဥရောပအစိုးရတွေက ယူဆသွားကြဖွယ် ရှိပါတယ်။

လက်ရှိအမေရိကန်ရဲ့ မူဝါဒဟာ ရုရှားနဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကို သဘာဝကျစွာပဲ ဆိုးဝါးစေပါတယ်။ အရေးအကြီးဆုံးကတော့ နေတိုးရဲ့ အကန့်အသတ်မရှိ တိုးချဲ့ရေးမူဝါဒက ရုရှားကို အထိတ်တလန့် ဖြစ်စေတာပါပဲ။ ဗဟိုအာရှမှာ စစ်ရေးအရ အမေရိကန်ရဲ့ ကြိုကြားဝင်ပတ်သက်နေမှုကလည်း ရုရှားကို စိတ်ချလက်ချ မဖြစ်စေနိုင်ပါဘူး။ အမေရိကန်တွေနဲ့ မတူဘဲ ရုရှားတွေက အမေရိကန်ရဲ့ အင်အားဟာ တခြားလူမျိုးတွေရဲ့ အင်အားနဲ့ယှဉ်ရင် ပိုကြီးမားတာကလွဲလို့ ဘာမှမခြားနားဘူးလို့ မြင်ကြပါတယ်။ ကွန်မြူနစ်စနစ်အောက်မှာ နှစ် ၇၀ ကျော် နေပြီးတဲ့နောက်မှာ သူတို့ဟာ အမှန်တရားရဲ့ ကမ္ဘာလုံးဆိုင်ရာမူများဆိုတဲ့ အပေါ်ဝတ်ရုံကို ခြုံထားတဲ့ ကျူးကျော်လိုတဲ့ ရည်မှန်းချက်တွေအပေါ်မှာ အလွန်သံသယကြီးကြပါတယ်။ နေတိုးရဲ့ တိုးချဲ့ရေး ရည်မှန်းချက်တွေဟာဆိုရင် သူတို့ရဲ့ဆိုးဝါးလှတဲ့ သမိုင်းထဲက အကျွမ်းဝင်ပြီးဖြစ်တဲ့ ပုံစံမျိုးတွေကို သွားသတိရစေပါတယ်။

တကယ်လို့ ရုရှားဟာ စစ်ရေးအရ ပြန်လည်ရှင်သန်လာမယ်ဆိုရင် နေတိုးရဲ့ အကန့်သတ်မဲ့ တိုးချဲ့မှုက စစ်ရေးအရ အလွန်အန္တရာယ်ကြီးတဲ့ နယ်မြေဒေသကိုရော၊ စီးပွားရေးအရ ထိပ်တိုက်တွေ့မှုကိုပါ အလွယ်တကူပဲ ဖြစ်စေနိုင်ပါတယ်။ အခုလက်ရှိအခြေပျက်နေတဲ့ အနေအထားမှာတောင် ရုရှားဟာ နျူကလီးယားထိပ်ဖူး ၆,၀၀၀ ကျော်[၃] ဖျက်ဆီးပစ်ခဲ့ပါတယ်။ ဒီလိုအန္တရာယ်တွေနဲ့ စွန့်ပြီး လုပ်နေလို့ အမေရိကန်အတွက် ဘာတွေအကျိုးရှိသလဲဆိုတာလည်း မရှင်းပါဘူး။ လက်ရှိအခုလို ဘာကိုမှ ဂရုမစိုက်ဘဲ စိတ်အားထက်ထက်သန်သန်နဲ့ လုပ်နေပုံမျိုးနဲ့ ဆိုရင် နေတိုးမှာရော၊ ပင်တာဂွန်မှာပါ စစ်ရေးအဆောက်အအုံတွေကို အမျိုးသားအကျိုးစီးပွားနဲ့ ဆက်ပြီးထိန်းချုပ်ကွပ်ကဲလို့ ရတော့မှာ မဟုတ်ပါဘူး။ နေတိုးမူဝါဒဟာ မှန်ကန်ပါတယ်လို့ တခုတည်းသော ကျိုးကြောင်းပြစရာကတော့ ရုရှားဟာ အလေးထားရမယ့် အင်အားတရပ်အဖြစ်မှ နိဂုံးချုပ်သွားပြီလို့ ယူဆထားဖို့ပါပဲ။ ဒါကြောင့်မို့ ဒီကွက်လပ်ကိုဖြည့်ဖို့ နေတိုးကို အမေရိကန်ပြည်ထောင်စုက မလွဲမရှောင်သာ သုံးလာရတယ်။ အဲဒီကျိုးကြောင်းပြလောဂျစ်ကို ဆက်နိဂုံးချုပ်ရင် အမေရိကန်ရဲ့ တကယ့်ပထဝီနိုင်ငံရေးရန်သူဟာ အခုအခါမှာ ဥရောပကိုယ်တိုင် ဖြစ်နေပါတယ်။ အဲဒီကွက်လပ်ကို ဥရောပက ဖြည့်သွားမှာစိုးရတဲ့အတွက် အမေရိကန်ဟာ အမြန်ပြေးဖြည့်ရပါတော့မယ်။

## ရုရှားကိုလိုအပ်မှု

ဒီလမ်းကြောင်းတွေအတိုင်း ခန့်မှန်းတွက်ချက်မှုက ဥရောပအတွက် တောင့်တင်းတဲ့ ရုရှားရဲ့ အသုံးဝင်မှုကို အလေးထားပါတယ်။ ချည့်နဲ့တဲ့ရုရှားဟာ ဥရောပနဲ့ ယူရေးရှားတခုလုံးအတွက် ရန်စလှုံ့ဆော်မှု ဖြစ်ပါတယ်။ ၎င်းက အမေရိကန်ရော ဥရောပနိုင်ငံတွေအဖို့ပါ သူတို့ကိုယ်သူတို့ အလွန်အကျူး ချဲ့ထွင်ဖို့ ဆွဲဆောင်မှုကြီး ဖြစ်နေပါတယ်။ အလွယ်တကူနဲ့ အစောဆုံး ထိခိုက်မှာကတော့ ဥရောပညီညွတ်ရေးပါပဲ။ အဲဒီလိုဖြစ်မှာ စိုးရိမ်လို့ မားစထရိချ်စာချုပ်ချုပ်တဲ့ အချိန်တုန်းက ပြင်သစ်နဲ့ ဂျာမဏီတို့ဟာ ဥရောပ

ပေါင်းစည်းရေးကို အတင်းတွန်းဆော်ကြတာ ဖြစ်ပါတယ်။ အရှေ့ဥရောပနိုင်ငံတွေ အတော်များများ အဖွဲ့ဝင်စောစော ဖြစ်ရေးအတွက် အာမခံချက်ရဖို့လည်း တွန်းဆော်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကြီးမားကျယ်ပြန့်တဲ့ ဥရောပလုံးဆိုင်ရာ စနစ်ကို ဥရောပသမဂ္ဂဟာ ကိုယ်တိုင်ခန့်ခွဲဖို့ တကယ်တန်း မတတ်နိုင်ပါဘူး။ နိုင်ငံစုံသမဂ္ဂအနေနဲ့ အစွန်အဖျား နယ်တွေကို စီမံဆောင်ရွက်ဖို့ ဖွဲ့စည်းပုံအရ မစွမ်းဆောင်နိုင်ပါ။ ဥရောပသမဂ္ဂကို အလွန်အကျွံ တိုးချဲ့တာဟာလည်း အတွင်းပိုင်း ချိန်ခွင်လျှာညီမျှမှုနဲ့ စေးကပ်မှုတွေကို ဖျက်ဆီးပစ်မယ့်အန္တရာယ်တွေ ရှိနေပါတယ်။

နေတိုးဟာလည်း အလားတူ ကန့်သတ်မှုတွေ ခံနေရပါတယ်။ တကယ်လို့ ရုရှားကို ဖယ်ထုတ်ထားမယ်ဆိုရင်လည်း " ဥရောပလုံးဆိုင်ရာ " လုံခြုံရေးကို နေတိုးဟာ ဖွဲ့စည်းနိုင်မှာ မဟုတ်ပါ။ ဒါက ထင်ရှားလှတဲ့ အမေးတခုကို ပေါ်ပေါက်စေပါတယ်။ ဘာလို့ နေတိုးထဲမှာ ပါဝင်ဖို့ ရုရှားကို မဖိတ်ခေါ်တာလဲ။ အမေရိကန် သို့မဟုတ် ဥရောပရဲ့ ဗိုလ်ကျလွှမ်းမိုးမှုအတွက် နေတိုးဟာ အသုံးချခံ ကိရိယာ ဖြစ်စေမယ့်အစား ရုရှားပါဝင်လာမှုက စုပေါင်းလုံခြုံမှုအတွက် တကယ်စစ်မှန်တဲ့ ဥရောပလုံးဆိုင်ရာ အဖွဲ့အစည်းအဖြစ် နေတိုးကို ပြောင်းလဲပစ်မှာ ဖြစ်ပါတယ်။ အဖြေကတော့ နေတိုးအတွင်း ရုရှားပါဝင်လာမှုက အနောက်ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုတို့ရဲ့ အပြန်အလှန် မဟာမိတ်ဖွဲ့မှုကို ဖယ်ရှားပစ်မှာမို့ပဲ ဖြစ်ပါတယ်။ ရုရှားကိုယ်တိုင်ရဲ့ ဖြစ်ပေါ်တိုးတက်မှုဟာ မရေရာဘူးလို့ပဲထားပါ။ ဒါဟာ ရုရှားအတွက်ရော၊ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပအတွက်ပါ အမြော်အမြင် မရှိတဲ့ လမ်းကြောင်း ဖြစ်ပါတယ်။ အနောက်ဘက်နိုင်ငံတွေနဲ့ပဲ ကန့်သတ်ထားတဲ့ နေတိုးရဲ့အထက်မှာ ဥရောပလုံးဆိုင်ရာ အထက်ထပ် အဆောက်အအုံတခုခု ဖန်တီးနိုင်ရင် ပိုကောင်းပါတယ်။ အဲဒီအထဲမှာ အမေရိကန်ပြည်ထောင်စုနဲ့ ရုရှားရော ကျန်ဥရောပနိုင်ငံတွေပါ ပါဝင်စေရပါမယ်။

**ဝင်ရိုးသုံးခု ဥရောပ**

ဆိုဗီယက်စက်ဝန်းဟောင်းထဲက အနောက်တိုင်းအဆန်ဆုံးနဲ့ စီးပွားရေးအရ ရှေ့တန်းအရောက်ဆုံးနိုင်ငံတွေကို ဥရောပသမဂ္ဂနဲ့ နေတိုးထဲ သိမ်းသွင်းနိုင်မှာကို သံသယရှိစရာ မလိုပေမယ့် ကျန်နိုင်ငံတွေကိုတော့ မသိမ်းသွင်းနိုင်ပါဘူး။ ဒါကြောင့်မို့ သူတို့ကို မရေရာတဲ့ အဖြစ်မျိုးနဲ့ ဘယ်တော့မှ မဖြည့်ဆည်းပေးနိုင်တဲ့ ကတိကဝတ်တွေအပေါ်မှာ ရှင်သန်ရပ်တည်ခိုင်းထားတာမျိုးလဲ မဖြစ်သင့်ပါဘူး။ ဥရောပရဲ့ ပြီးပြည့်စုံမှုစံဟာ စွမ်းအားကြီးတဲ့ တန်ဖိုးရှိအရာတခု ဖြစ်ဆဲပါ။ ဒါပေမဲ့ ဒါဟာ ဥရောပသမဂ္ဂ သို့မဟုတ် နေတိုးရဲ့ သီးခြားပိုင်ဆိုင်မှု မဖြစ်သင့်ပါဘူး။ ပိုကျယ်ပြန့်တဲ့ ဥရောပလုံးဆိုင်ရာသမဂ္ဂကို လိုအပ်ပါတယ်။ " ဥရောပမှသည် အက်တလန်တစ် … ယူရဲလ်တောင်တန်းအထိ " ပါဝင်တဲ့ သမဂ္ဂမျိုးပေါ့။ လုံခြုံရေးကောင်စီရှိတဲ့ ဥရောပလုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ( OSCE ) လည်း ဖြစ်နိုင်ပါတယ်။ သူ့ရဲ့အသက်ကတော့ နိုင်ငံကြီးသား ကျင့်ဝတ် ဖြစ်ရပါမယ်။ အဖွဲ့ဝင်တွေက လက်ခံယုံကြည်ပြီး လိုက်နာဆောင်ရွက်ဖို့ အာမခံထားတဲ့ လူ့အခွင့်အရေးတွေ လေးစားရေးလဲ ပါရပါမယ်။ ပုံမှန်ညှိနှိုင်းဆွေးနွေးရေးနဲ့ ညီညွတ်စွာစုပေါင်းဆောင်ရွက်ဖို့အတွက်လည်း ယန္တရား ရှိပါမယ်။ ဝင်ရောက်စွက်ဖက်မှုတွေ တရားဝင်ကြောင်းပြဖို့ အမေရိကန်ရဲ့ မဟာအင်အားကြီး အနေအထားက တကမ္ဘာလုံးအတွက် အာဏာအပ်နှင်းထားတယ်လို့ ဆိုတာထက်စာရင် အဲဒီလိုမျိုးဒေသဆိုင်ရာ အဆောက်အအုံက ပိုပြီးဆွဲဆောင်မှုလည်းရှိ၊ အကျိုးလည်းရှိတဲ့ အခြေခံ ဖြစ်ပါလိမ့်မယ်။

အဲဒီလိုမျိုး ဥရောပလုံးဆိုင်ရာ အဆောက်အအုံ တည်ငြိမ်မှုဟာ ၎င်းအတွင်း " ဝင်ရိုးသုံးခု " ဘက်စုံမျှခြေရှိမှုအပေါ် မူတည်ပါတယ်။ အနောက်ဘက်အခြမ်းတွေ အတွင်း တည်ငြိမ်အေးချမ်းနေဖို့အတွက် ပိုပြီးတော့ဥရောပဆန်တဲ့နေတိုးက အဓိကတာဝန်ယူရမှာ ဖြစ်ပါတယ်။ ရုရှားကတော့ သူ့ရဲ့အနီးပြည်ပရှိ ယူရေးရှားမှာ တည်ငြိမ်အေးချမ်းနေဖို့ အဓိကတာဝန်ယူလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါပေမဲ့ ဝင်ရောက်စွက်ဖက်မှုတွေကိုတော့ အနည်းဆုံးအားဖြင့် ဘုံစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ စနစ်တခုနဲ့ ချုပ်ကိုင်ရမှာ ဖြစ်ပါတယ်။ ပုံမှန်ညှိနှိုင်းမှုနဲ့ အစိတ်အပိုင်းသုံးခုလုံးရဲ့ အနည်းဆုံးအားဖြင့် လက္ခဏာအရ ပါဝင်မှု ရှိရပါမယ်။

ဘာကြောင့်စွန့်ပြီး ရုရှားကို ပါဝင်စေချင်ရတာလဲ။ ကိုဆိုဗိုမှာ သိရှိသဘောပေါက်ခဲ့ရတဲ့အတိုင်း ဒါဟာရှောင်လွှဲလို့ မဖြစ်နိုင်ပါဘူး။ ဒါ့အပြင် အင်အားတောင့်တင်းတဲ့၊ ကြွယ်ဝတဲ့ ကျိုးကြောင်းရှိစွာ ဒီမိုကရေစီရှိတဲ့ ရုရှားမပါဘဲနဲ့ ဥရောပတခုလုံး မစည်ပင်မရှင်သန်နိုင်ပါဘူး။ အဲဒီလိုမျိုးရုရှားနိုင်ငံ ဖြစ်လာဖို့ ဆန္ဒပြုနေရုံနဲ့တော့ ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ သူ့ရဲ့အတွင်းပိုင်း နိုင်ငံရေးအပြောင်းအလဲတွေ ဘယ်လိုဖြစ်နေနေ ရုရှားဟာ ဥရောပကို ဆိုးဆိုးဝါးဝါး ဆက်ဆံခဲ့တယ်လို့ မပြောနိုင်ပါဘူး။ နောက်ဆုံးခွဲခြမ်းစိတ်ဖြာရရင် အရှေ့ဥရောပ လွတ်လပ်လာတာဟာ ရုရှားက သူ့သဘောနဲ့သူ အိမ်ပြန်သွားလို့ပဲ ဖြစ်ပါတယ်။ ဘောစနီးယားမှာ ရုရှားရဲ့ ပါဝင်မှုကလည်း အကျိုးရှိ

ပါတယ်။ ရုရှားကသာ သံတမန်ရေးအရ ဝင်မပါခဲ့ဘူးဆိုရင် ယူဂိုဆလားဗီးယားမှာ ဆင်နွှဲနေတဲ့ ဖုံးကြဲ စစ်ဆင်ရေးထဲကနေ အနောက်အုပ်စုဟာ ပြန်ထွက်လာဖို့ လွယ်မှာ မဟုတ်ပါဘူး။

အင်အားတောင့်တင်းတဲ့ရုရှားက ပြဿနာတွေ ပိုခက်ခဲရှုပ်ထွေးစေမယ်ဆိုတာလည်း မှန်ပါတယ်။ အင်အားတောင့်တင်းတဲ့ ဥရောပသမဂ္ဂကလည်း အလားတူပဲ ဖြစ်မှာပါ။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စု အနေနဲ့ သူ့ကိုယ်ပိုင် ယူရေရှားအင်ပါယာကြီး ထူထောင်ဖို့ မရည်စူးဘူးဆိုရင်တော့ အင်အားတောင့်တင်းတဲ့ ဥရောပသမဂ္ဂနဲ့ အင်အားတောင့်တင်းတဲ့ရုရှား နှစ်ခုစလုံးကို ကြိုဆိုသင့်ပါတယ်။ သဘောတူညီထားတဲ့ စည်းမျဉ်းတွေနဲ့ စုပေါင်းလုပ်ဆောင်မှုတို့အပေါ်မှာ တည်ဆောက်ထားတဲ့ ဥရောပလုံးဆိုင်ရာ လုံခြုံရေးစနစ်မှာ အဲဒီအင်အားနှစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကတည်းက အင်အားတောင့်တင်းတဲ့၊ ကြွယ်ဝတဲ့၊ ဒီမိုကရေစီရှိတဲ့၊ စုစည်းညီညွတ်တဲ့ဥရောပ ပေါ်ပေါက်လာရေးအတွက် အမေရိကန်ပြည်ထောင်စုဟာ အများကြီး ရင်းနှီးမြှုပ်နှံခဲ့တာပါ။ အခုအဲဒီလိုမျိုး ဥရောပဟာ အသက်ဝင်လာနေပါပြီ။ သူ့ရဲ့ သိသိသာသာ ကျန်နေသေးတဲ့ ချို့ယွင်းအားနည်းချက်တွေကို သရော်လှောင်ပြောင်နေတာဟာ အမေရိကန်တွေအတွက် တန်ဖိုးလည်းမရှိသလို၊ အကျိုးလည်း မရှိပါဘူး။ အဲဒီလို လုပ်မယ့်အစား ပိုအင်အားတောင့်တင်းလာတဲ့ ဥရောပကို ကျွန်တော်တို့အကျိုးအတွက် ဘယ်လိုလှည့်ပြောင်းမလဲ ဆိုတာကိုပဲ စူးစမ်းလေ့လာရမှာပါ။ စစ်အေးတိုက်ပွဲကို ကျွန်တော်တို့ ဆင်နွှဲခဲ့တဲ့ ရည်ရွယ်ချက်ဟာလည်း ရုရှားနေရာမှာ ကျွန်တော်တို့က အစားထိုးဝင်ဖို့ မဟုတ်ပါဘူး။ သူ့အတွင်းပိုင်း ပြုပြင်ရေးတွေလုပ်ပြီး ကျယ်ပြန့်တဲ့ ပူးပေါင်းဆောင်ရွက်ရေးစနစ်ထဲမှာ ပါဝင်လာဖို့ ဖြစ်ပါတယ်။ ရုရှားက ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ကိုက်ညီအောင် လုပ်ဆောင်လာပြီဆိုရင် ကျွန်တော်တို့လည်း လုပ်ရမှာ ဖြစ်ပါတယ်။

## နောက်ဆုံးအားထားရာ စားသုံးသူ

တရုတ်ပြည်သစ်နဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးမှာလည်း အလားတူ စိန်ခေါ်မှုတွေ ရှိနေပါတယ်။ အရှေ့ဖျားဒေသမှာ အမေရိကန်ရဲ့ ဗိုလ်ကျစိုးမိုးမှု အနေအထားဟာ စီးပွားရေးပမာဏအရဆိုရင် ဥရောပမှာထက် သိသိသာသာ အတော်လေး ပိုများပါတယ်။ ၎င်းရဲ့ ပြည်တွင်းဈေးကွက်ကို ဖွင့်ပေးခြင်းအားဖြင့် အမေရိကန်ဟာ အာရှရဲ့ စီးပွားရေးအသစ်တွေကို ရှင်သန်စေခဲ့တာ ဖြစ်ပါတယ်။ အာရှရဲ့စီးပွားရေး ဖွံ့ဖြိုးဝေစည်လာတာနဲ့ အမျှ အမေရိကန်ရဲ့ ကုန်သွယ်ရေးလိုငွေဟာလည်း ကြီးထွားလာခဲ့ပါတယ်။ အာရှရဲ့စီးပွားရေးတွေဟာ အနောက်တိုင်းလူနေမှု အဆင့်အတန်းကို မီအောင် စွမ်းဆောင်နိုင်တဲ့အခါမှာ ကုန်သွယ်ရေး မညီမျှမှုဟာ ပျောက်ကွယ်သွားလိမ့်မယ်လို့ အမြဲပဲ မျှော်လင့်ခဲ့ကြတာပါ။

ကမ္ဘာ့ကုန်သွယ်ရေးထဲ တရုတ်ပြည် ဝင်ရောက်လာခြင်းက လုံးလုံးသစ်လွင်တဲ့ အခြေအနေတရပ်ကို ဖန်တီးလိုက်ပါတယ်။ တရုတ်ပြည်ရဲ့ စီးပွားရေးပမာဏကသာ ၎င်းကိုအဓိကရ ထုတ်လုပ်သူ ဖြစ်စေတာ မဟုတ်ပါဘူး။ သူ့ရဲ့အင်မတန်ကြီးမားတဲ့ အလုပ်အင်အားစုတွေကလည်း လုပ်ခအဆင့်တွေကို အနောက်တိုင်းလုပ်ခအဆင့်တွေအထိ ဘယ်တော့မှ နီးကပ်မလာစေဖို့ အာမခံထားပါတယ်။ အနည်းဆုံးအားဖြင့် စွမ်းအင်ပုံစံသစ်တမျိုးမျိုးက နေရာအနှံ့မှာ ညစ်ညမ်းမှုမရှိဘဲ အလျှံပယ် ဖြစ်မလာသေးသရွေ့ပေါ့။ မကြာခင်လေးက ကုန်ထုတ်လုပ်မှုဆိုင်ရာ ကမ္ဘာ့ဈေးနှုန်းစရိတ်တွေ အတော်လေးကျဆင်းလာတဲ့ တိမ်းညွှတ်မှုဟာ ကမ္ဘာ့စီးပွားရေးထဲ တရုတ်ပြည် ဝင်ရောက်လာမှုရဲ့ သဘာဝရလဒ် ဖြစ်ဟန်တူပါတယ်။

မကြာခင်က တခြားအာရှစီးပွားရေးတွေကို ငွေကြေးအကျပ်အတည်းက ထိခိုက်စေခဲ့ပြီး ပြိုင်ဆိုင်မှုပိုနည်းတဲ့ အတိတ်ကာလတုန်းက မသိသာလှတဲ့ အားနည်းချက်တွေကို ဖော်ထုတ်လိုက်တာဟာလဲ အံ့ဩစရာတော့ မဟုတ်ပါဘူး။ အာရှဘဏ်တွေနဲ့ ထုတ်လုပ်သူတွေ အကျပ်အတည်းက လွတ်မြောက်စေဖို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ နိုင်ငံတကာချေးငွေတွေ အသက်ဝင်လှုပ်ရှားလာရေးမှာ အမေရိကန်ပြည်ထောင်စုဟာ အဓိကအခန်းက ပါဝင်ပြီးတုံ့ပြန်ခဲ့ပါတယ်။ ဒါ့အပြင် ၎င်းရဲ့လက်ရှိစိုးမိုးထားတဲ့ " နောက်ဆုံးအားထားရာ စားသုံးသူ " အခန်းကိုလဲ အခိုင်အမာ လုပ်ဆောင်ပြီး တုံ့ပြန်ခဲ့ပါတယ်။

ပြဿနာက အဲဒီအခန်းကို ရေရှည်ထိန်းထားနိုင်ပါ့မလား ဆိုတာပါပဲ။ အမေရိကန်ပြည်ထောင်စုရဲ့ လက်ရှိငွေစာရင်းလိုငွေပြမှုဟာ နှစ်စဉ်ဒေါ်လာ ၂၃၃ ဘီလျံပတ်ဝန်းကျင် ဖြစ်နေပါတယ်။[၆] နောက်ပြီး အမေရိကန်ရဲ့ စားသုံးမှုအဆင့်ဟာလဲ အခုဆိုရင် သိပ်မြင့်လွန်းတဲ့အတွက် တိုင်းပြည်ရဲ့ အိမ်ထောင်အလိုက် စုဆောင်းမှုအချိုးဟာ တကယ်တမ်းအားဖြင့် အနုတ်လက္ခဏာ ပြနေပါတယ်။ မြင့်မားတဲ့ စားသုံးမှု ဆက်ဖြစ်နေတာဟာ ပွယောင်းနေတဲ့ စတော့ဈေးကွက်ကနေ တောက်လျှောက်ဆက်ရနေတဲ့ အမြတ်တွေကြောင့်လို့ ပြောရမှာပါပဲ။ အဲဒီဈေးကွက်ဆိုတာကလဲ ကမ္ဘာ့စနစ်သစ်အတွက်တော့ အန္တရာယ်

များလှတဲ့ အခြေခံပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ယူရိုငွေကြေး ရှိနေတာကြောင့် နောက်ဆုံးမှာ အမေရိကန်လိုငွေတွေ နိုင်ငံခြားသို့ ဖြေရှင်းပေးရတာဟာ ပိုပြီးအကုန်အကျ များစေမှာ ဖြစ်ပါတယ်။ ဒါကြောင့်လိုငွေကို လျှော့ချဖို့ ဖိအားတွေတိုးလာတာ ဖြစ်ပါတယ်။ တရုတ်နဲ့ဂျပန် ဈေးကွက်တွေ အတင်းဖွင့်လှစ်ဖို့ အမေရိကန် ပြည်ထောင်စုက မျှော်လင့်နေပါတယ်။ အထူးသဖြင့် နည်းပညာမြင့် ထုတ်ကုန်တွေအတွက်ပါ။ ဒါပေမဲ့ ဂျပန်နဲ့ ဥရောပရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုကို ကြုံတွေ့နေရပါတယ်။ ဒ့ါအပြင် တရုတ်ပြည်ရဲ့ စစ်ရေးစွမ်းရည်ကို တည်ဆောက်ပေးမယ့် ပို့ကုန်တွေကို ထိန်းချုပ်ဖို့ ၎င်းကိုယ်တိုင် စိုးရိမ်တကြီး လုပ်နေတာနဲ့လဲ အတိုက်အခံ သွားဖြစ်နေပြန်ပါတယ်။

အလုပ်သမားအဆင့်အတန်းနဲ့ လူ့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး တရုတ်ပြည်ကို ဖိအားပေးဖို့ ကြိုကြားဆိုသလို အမေရိကန်ဟာ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ တရုတ်ပြည်ရဲ့ ဈေးပေါတဲ့လုပ်အား အကြီးအကျယ် များပြားတာကြောင့် အလုပ်သမားအခွင့်အရေးတွေ တိုးမြင့်ပေးတာ ဘယ်လောက်ပဲချီးကျူးဖွယ် ကောင်းနေပါစေ၊ အမေရိကန်ရဲ့ ငွေပေးငွေယူရှင်းတမ်း တိုးတက်ကောင်းမွန်စေမယ့်ပုံတော့ မပေါ်ပါဘူး။ အဲဒီလို စိတ်ပျက်စရာ အခြေအနေတွေအောက်မှာ ကုန်သွယ်ရေးဆိုင်ရာ သံခင်းတမန်ခင်းဟာ ပိုပြီးတင်းမာပြင်းထန်လာခဲ့ပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ( WTO ) ထဲ တရုတ်ပြည်ဝင်ခွင့်ရရေးအတွက် ညှိနှိုင်းမှုတွေ ဟန့်တားပိတ်ပင်ခံနေရတာဟာ အဲဒါကိုဖော်ပြတဲ့ သင်္ကေတပါပဲ။

အဲဒီလှုပ်ရှားမှုတွေရဲ့ နောက်ကွယ်မှာတော့ ကမ္ဘာ့စီးပွားရေးအပေါ် မေးခွန်းကြီးတခုဟာ လွှမ်းမိုးနေပါတယ်။ တရုတ်ပြည်အတွက် ဘယ်လိုအခန်းနေရာ ဖန်တီးပေးမလဲ ဆိုတာပါပဲ။ ခပ်တိုတို ဖြေရရင်တော့ တရုတ်ပြည်အနေနဲ့ သူ့အတွင်းမှာပဲ သူ့ဟာသူ အခန်းနေရာ ဖန်တီးဖို့ အတော်လေး လိုအပ်ပါတယ်။ ၎င်းရဲ့ အတွင်းဈေးကွက်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ကြီးထွားမှုကို အလယ်အလတ်ဖြစ်စေဖို့ပါပဲ။ တချို့ဘက်တွေမှာတော့ အဲဒီလိုမဟာဗျူဟာမျိုးကို တရုတ်ပြည်ဟာ ချမှတ်လုပ်ဆောင်နေပါတယ်။ ဘဏ္ဍာရေးသုံးစွဲမှုနဲ့ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းကြီးတွေ ချထားသလို ၎င်းရဲ့အိမ်နီးချင်းယှဉ်ဘက်အများစုက ငွေတန်ဖိုးချခဲ့ကြတာတောင်မှ တရုတ်ပြည်က ဒေါ်လာငွေလဲနှုန်းကို မချခဲ့ပါဘူး။ မကြာသေးခင်ကလဲ လျှော့ပေါ့ချေးငွေတွေနဲ့ ပြည်တွင်းဝယ်လိုအားကို မြင့်တင်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ဒါပေမဲ့ တရုတ်အစိုးရအနေနဲ့ အခြေအနေတွေကို ဆက်ပြီးထိန်းထားနိုင်မလားဆိုတာကိုတော့ စောင့်ကြည့်ရပါဦးမယ်။ အရင်းရှင် စွမ်းရည်တွေက ဘဝတွေကို ပြောင်းပြန်လှန်ပစ်လိုက်တဲ့ အခါ၊ ခြားနားတဲ့မှုတွေအပေါ်မှာ အခြေခံထားတဲ့ ဆင်းရဲတဲ့ လူ့အဖွဲ့အစည်းအတွင်းမှာ ခနဉစ္စာသစ်ကို ဖန်တီးလိုက်တဲ့အခါမှာ အရာကိစ္စတွေကို စီမံခန့်ခွဲရတာ မလွယ်ပါဘူး။ ထင်အန်မင်မှာ အလွန်မနှစ်မြို့ဖွယ် လူသတ်ပွဲကြီး ဖြစ်ခဲ့တဲ့ကြားက တရုတ်ပြည်အစိုးရဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ ၎င်းရဲ့သြဇာအာဏာနဲ့ တည်ငြိမ်မှုကို အများအားဖြင့် ထိန်းထားနိုင်ခဲ့ပါတယ်။ တရုတ်ပြည်အစိုးရရဲ့ အင်အားနဲ့ အရည်အချင်းကို လျှော့တွက်တာရော တည်ငြိမ်နေမယ်လို့ ယူဆတာရောဟာ ဥာဏ်အမြော်အမြင် မရှိရာ ကျပါလိမ့်မယ်။

တရုတ် – အမေရိကန် ဆက်ဆံရေးထဲမှာ အရေးပါတဲ့ စစ်အင်အားကိစ္စလဲ ပါပါတယ်။ ဥရောပမှာလိုပဲ အာရှမှာလဲ အမေရိကန်ရဲ့ တိုးချဲ့ထားတဲ့ ဟန့်တားရေးစနစ်ဟာ “ ပြုလွယ်ပြင်လွယ်တဲ့ တုံ့ပြန်မှု ” ကို လိုအပ်ပါတယ်။သမရိုးကျရွေးလမ်းတွေသာဆိုရင် ကုန်ကျစရိတ် ကြီးမားမှာ ဖြစ်ပါတယ်။ အာရှပိတ်ဆို့ရေးက စင်စစ်အားဖြင့် အမေရိကန်ပြည်ထောင်စုကို ကိုးရီးယားနဲ့ ဗီယက်နမ်တို့မှာ ကြီးမားတဲ့ သမရိုးကျစစ်ပွဲကြီး နှစ်ပွဲကို တိုက်ခိုက်စေခဲ့ပြီး ဖြစ်ပါတယ်။ ၁၉၇၀ ခုနှစ်တွေမှာတော့ တရုတ်ပြည်နဲ့ရုရှားကြားမှာ ပြိုင်ဆိုင်မှု ဖြစ်ပေါ်စေခြင်းအားဖြင့် အမေရိကန်ဟာ ၎င်းရဲ့ဝန်ထုပ်ဝန်ပိုးတွေ လျှော့ချနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအခါမှာတော့ တရုတ်ပြည်ဟာ ရုရှားတွေမပါဘဲနဲ့ကို နျူကလီးယားဖွံ့ဖြိုးမှု အဆင့်တရပ်ကို ချဉ်းကပ်လာနေပြီ ဖြစ်ပါတယ်။ အဲဒါက ကျိုးကြောင်းဆီလျော်မှုရှိစွာဖြင့် ပြုလွယ်ပြင်လွယ်တဲ့တုံ့ပြန်မှု မဟာဗျူဟာတရပ်ကို အမေရိကန်အနေနဲ့ မဖြစ်မနေ ချမှတ်ရပါတော့တယ်။ အဲဒီအတွက် ဒီဒေသအတွင်း ကျွန်တော်တို့ရဲ့ သမရိုးကျတပ်ဖွဲ့တွေကို တိုးချဲ့ရတော့မယ်လို့ မှတ်ယူရဖွယ် ဖြစ်နေပါတယ်။ အခုလောလောဆယ်မှာ ဗြိတိန်ရဲ့ စစ်သုံးစရိတ်နဲ့ တကယ့်ကိန်းဂဏန်းတွေအရ တူညီနေတဲ့ တရုတ်ပြည်ရဲ့စစ်သုံးစရိတ်ဟာ အလျင်အမြန် ကြီးထွားနေတာ ဖြစ်ပါတယ်။ [၆]

ဒီကြားထဲမှာ နိုင်ငံရေးနဲ့စစ်ရေး ပြဿနာတွေမှာရော စီးပွားရေးကိစ္စတွေမှာပါ သံတမန်ဆက်ဆံရေးတွေ ဆိုးဝါးလာနေပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် တရုတ်ပြည်ကို အမေရိကန်မှာ အကျယ်အပြန့် ဝေဖန်နေကြပါတယ်။ တိဘက်လွတ်မြောက်ရေးဟာ ခေတ်စားတဲ့ အကြောင်းအရာတရပ် ဖြစ်လာနေတယ်။ အနိမ့်ဆုံးအားဖြင့် စီအိုင်အေဟာ တချိန်တုန်းက တိဘက်

ခုခံရေးအတွက် အဓိကထောက်ပံ့မှုတွေ လမ်းဖောက်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။[၇]

ထိုင်ဝမ်ဟာလဲ အရေးပါတဲ့ နောက်သဘောကွဲလွဲမှုတခု ဖြစ်နေဆဲပါ။ မူအားဖြင့် ထိုင်ဝမ်ဟာ တရုတ်ပြည်ရဲ့ ခွဲမရတဲ့ အစိတ်အပိုင်းအဖြစ် အမေရိကန်ပြည်ထောင်စုက လက်ခံတယ်။ လက်တွေ့မှာကျတော့ ပီကင်းက ၎င်းရဲ့အချုပ်အခြာအာဏာပိုင်မှုကို အခိုင်အမာပြုဖို့ ကြိုးပမ်းမယ့် လက္ခဏာရပ်တိုင်းကို အမေရိကန်ဟာ စစ်ရေးအရ အလျင်အမြန် တုံ့ပြန်ခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်အစောပိုင်းထဲက ဒီကစားပွဲဟာ အဖြေရရှိမယ့် လက္ခဏာမရှိဘဲ ဆက်ဖြစ်နေတာ ဖြစ်ပါတယ်။ မကြာသေးခင်ကတော့ ထိုင်ဝမ်ဟာ တရားဝင်လွတ်လပ်ရေးကို အခိုင်အမာ ပြောလာပါတယ်။ ကြိုတင်ခန့်မှန်းနိုင်တဲ့အတိုင်း ပီကင်းက အပြင်းအထန် တုံ့ပြန်ခဲ့တယ်။

ကိုဆိုဗို ဝင်စွက်ဖက်မှုမှာ အမေရိကန်ရဲ့ အခန်းကဏ္ဍကို တကယ်တော့ တရုတ်ပြည်ကလဲ ဒေါသတကြီးနဲ့ တုံ့ပြန်ခဲ့တာပါ။ ဘဲလ်ဂရိတ်က သူတို့ရဲ့သံရုံးဗုံးအကြဲခံရမှုက သူတို့ရဲ့အမျက်ဒေါသကို ပိုကြီးစေခဲ့တယ်။ ဒါပေမဲ့ အရေးအကြီးဆုံးကတော့ ကမ္ဘာ့ပုလိပ်ကြီးအဖြစ်နဲ့ အမေရိကန်ပြည်ထောင်စုဟာ လူ့အခွင့်အရေး သို့မဟုတ် လူမျိုးရေးအခွင့်အရေးတွေ အချိုးဖောက်ခံနေရတယ်လို့ မှတ်ယူလိုက်တဲ့ ကိစ္စတွေကို ရပ်တံ့ပစ်ဖို့အတွက် ဘယ်နေရာမှာမဆို ဝင်စွက်ဖက်နိုင်တယ်ဆိုတဲ့ အယူအဆကို တရုတ်ပြည်က ဆန့်ကျင်တာ ဖြစ်ပါတယ်။[၈] အဓိကအားဖြင့် အနောက်တိုင်းက သာသနာပြုအဖွဲ့တွေနဲ့ ကုန်သည်တွေရဲ့ တောင်းဆိုမှုအရ အနှစ်တရာ့ငါးဆယ်ကြာ နိုင်ငံခြား ဝင်ရောက်စွက်ဖက်မှုကြောင့် ဂုဏ်သိက္ခာကျဆုံးထိခိုက်ခဲ့ရတာဟာ သူတို့စိတ်ထဲမှာ အခိုင်အမာစွဲနေတုန်းပဲ ဖြစ်ပါတယ်။ နောက်ဆုံးမှာ အင်အားတောင့်တင်းတဲ့ အစိုးရလက်အောက်မှာ အမျိုးသားညီညွတ်ရေးကို ပြန်လည်တည်ဆောက်ပြီးတဲ့နောက် မကြာလှသေးတဲ့ ကာလတုန်းက ဝရန်းသုန်းကားနဲ့ ပျက်စီးမှုတွေ ဖြစ်ခဲ့သလို ပြန်ဖြစ်မှာ သူတို့အလွန်စိုးရိမ်ထိတ်လန့်ကြပါတယ်။

တရုတ် – အမေရိကန် သံတမန်ဆက်ဆံရေး ဆိုးဝါးလာမှုရဲ့ အကျိုးဆက်တခုကတော့ ၎င်းဟာ ရုရှားနဲ့ ဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် လုပ်လာခြင်းပဲ ဖြစ်ပါတယ်။ ဒီလိုပြန်လည်သင့်မြတ်မှု ဖြစ်နေတာ အချိန်တခုရှိပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ကိုဆိုဗိုက အရေးပါတဲ့ စစ်ရေးပူးပေါင်းမှုအသစ်တရပ်ကို ပေါက်ဖွားစေခဲ့ပါတယ်။ ပိုမိုကောင်းမွန်တဲ့ တရုတ် – ရုရှား ဆက်ဆံရေးဟာ ယူရေးရှားလုံခြုံရေးအတွက် အပေါင်းလက္ခဏာဖြစ်ပေါ်မှု ဖြစ်သင့်ပါတယ်။ အမေရိကန်ပြည်ထောင်စုအပေါ် ဖြစ်ပွားတဲ့ ဒေါသအမျက်က သူတို့ကို ညီညွတ်စေခဲ့တာဆိုရင်တော့ အပေါင်းလက္ခဏာဖြစ်မှာ မဟုတ်ပါဘူး။ အဲဒီလို စုစည်းမှုမျိုးဟာ အမေရိကန်ရဲ့ အာရှပိတ်ဆို့ရေးပေါ်လစီအတွက် မကောင်းတဲ့ လက္ခဏာပါပဲ။ ပြုလွယ်ပြင်လွယ်တဲ့ တုံ့ပြန်မှု မဟာဗျူဟာနဲ့ တရုတ်ပြည်ကို ဟန့်တားမယ်ဆိုရင် အားထားလက်ခံလောက်တဲ့သမရိုးကျရွေးလမ်းတွေလိုအပ်ပါတယ်။ ရုရှားရဲ့ ကျယ်ပြန့်ကြွယ်ဝပြီး လူဦးရေနည်းတဲ့ ယူရေးရှားဒေသကြောင့် ရုရှားကို အမေရိကန်ရဲ့ သဘာဝ မဟာမိတ်ဖြစ်အောင် လုပ်သင့်ပါတယ်။ ဒါပေမဲ့ ဥရောပမှာ အမေရိကန်ရဲ့ ရန်လိုပြီးဉာဏ်အမြော်အမြင်မရှိတဲ့ ရပ်တည်ချက် အကျိုးကြောင့် အာရှမှာရုရှားဟာ အမေရိကန်ရဲ့ ဆန့်ကျင်ဘက် ဖြစ်လာပါတယ်။

ဂျပန်ကို ကျွန်တော်တို့ရဲ့ အဓိကမဟာမိတ်အဖြစ် ယူဆရမှာလဲ အမှန်ပါပဲ။ ၎င်းဟာပြုလွယ်ပြင်လွယ်တဲ့ တုံ့ပြန်မှုအတွက် လိုအပ်တဲ့ သမရိုးကျတပ်ဖွဲ့တွေကို ထောက်ပံ့ပေးသူ ဖြစ်ပါတယ်။ တရုတ်ပြည်နဲ့ ဆင်နွှဲရတဲ့ အရှေ့စစ်အေးတိုက်ပွဲသစ်မှာ ဂျပန်ဟာ အာရှရဲ့ ဂျာမဏီပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်လို့ ဂျပန်မှာကွဲပြားခြားနားတဲ့ စိတ်ကူးတွေရှိနေရင်လဲ အံ့သြစရာတော့ မဟုတ်ပါဘူး။ ဒါဟာ တကယ်တော့ သူ့အကြောင်းအချက်အရကို ဖြစ်တာပါ။ ဒီမှာတော့ ရိုးရှင်းတဲ့ အချက်အနည်းငယ်ပဲ ဖော်ပြ နိုင်ပါမယ်။ ဂျပန်ဟာ အနာဂတ် မဟာအင်အားကြီးစာရင်းထဲမှာ တခါတလေ ပါလာပါတယ်။ အာရှမှာ ဂျပန်တွေဟာ အမေရိကန်ရဲ့ အဓိကစီးပွားရေးပြိုင်ဘက် ဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့ရဲ့အပြန်အလှန်ကူးသန်းရောင်းဝယ်ရေး ဆက်ဆံမှုတွေဟာလဲ နက်နက်ရှိုင်းရှိုင်း ပဋိပက္ခဖြစ်နေတာ နှစ်အတော်ကြာပြီ ဖြစ်ပါတယ်။ သူတို့ရဲ့ စီးပွားရေးဟာလဲ အကျပ်ဆိုက်နေတာ ကြာလှပြီ ဖြစ်ပါတယ်။ တရုတ်ပြည်ကို ဖြစ်လာနိုင်တဲ့ စစ်ရေးအန္တရာယ်တရပ် အဖြစ်သာမက သူတို့အတွက် ဒုက္ခတွေ့နေတဲ့ အမေရိကန်ထွက်ပေါက်နေရာမှာ အစားထိုးကူညီမယ့် ကြီးမားတဲ့ဈေးကွက်အဖြစ်နဲ့လဲ မြင်နိုင်ပါတယ်။ ဒီလိုအခြေအနေတွေအောက်မှာ တရုတ်ပြည်နဲ့သူတို့ကို ပိုပြီးအလှမ်းကွာသွားစေနိုင်မယ့် မဟာမိတ်ဖွဲ့မှုထဲမှာ အမေရိကန်ရဲ့ အဓိကစစ်ရေးအကူအဖြစ် ပါဝင်ဖို့ သဘောတူ လက်မှတ်ထိုးရေးမှာ စိတ်ပါလှမှာ မဟုတ်တာ သိပ်ဖြစ်နိုင်ပါတယ်။ ဂျာမဏီနဲ့ နှိုင်းယှဉ်တာဟာလဲ တလွဲတချော် ဖြစ်စေနိုင်ပါတယ်။ ကျွန်းနိုင်ငံဖြစ်တဲ့ ဂျပန်ဟာ အနောက်စစ်အေးတိုက်ပွဲကာလက ဂျာမဏီလို သမရိုးကျစစ်ပွဲအန္တရာယ်ခံရမယ့်အန္တရာယ် ကြီးမားလှတာ မဟုတ်ပါဘူး။ ရှေ့ဆောင်နည်းပညာ အင်အားတရပ်အနေနဲ့ ဂျပန်နိုင်ငံ

ဟာ ဆန္ဒရှိရင် သူတို့ကိုယ်ပိုင် ကာကွယ်ရေးကို တည်ဆောက်နိုင်မယ်လို့ ယူဆရပါတယ်။

**အပိုင်စီးခံနေရတဲ့ အမေရိကန်နိုင်ငံခြားရေးဝါဒ**

အနာဂတ်မှာ မဟာအင်အားကြီး ဖြစ်လာနိုင်တဲ့ အဲဒီအင်အားသုံးရပ်နဲ့ အမေရိကန်ရဲ့ဆက်ဆံရေးကို အကြမ်းဖျင်းသုံးသပ်ချက်က အတော်လေးထိတ်လန့်ဖွယ်ကောင်းတဲ့ ပုံစံကို ပြနေပါတယ်။ ဗိုလ်ကျလွှမ်းမိုးရေး ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာထဲ သက်ဆင်းနေတဲ့ အမေရိကန်ပြည်ထောင်စုဟာ ကိုယ့်ဟာကိုယ် အဲဒီအင်အားသုံးရပ်လုံးနဲ့ တချိန်ထဲ ဆန့်ကျင်နေတဲ့အဖြစ်ရောက်အောင် ပိုပိုပြီး ကျူးလွန်နေဟန်ရှိပါတယ်။ ဒီလိုမျိုးမဟာဗျူဟာချရာမှာ အမျိုးသားကုန်ကျစရိတ်နဲ့ အကျိုးစီးပွားတွေအပိုင်းကို အသိရှိရှိနဲ့ စဉ်းစားတွေးခေါ်ကြရဲ့လား။ အဲဒါကို လူထုထောက်ခံမှုများများ ရှိရဲ့လားဆိုတာတွေဟာလဲ မရှင်းပါဘူး။ အမေရိကန်တွေဟာ သူတို့ကိုယ်သူတို့ ကမ္ဘာ့နံပါတ်တစ်အင်အားကြီးအဖြစ် မှတ်ယူချင်ကြပါတယ်။ လူအများစုက သူတို့ဒေသဘောလုံးအသင်းကို အနားတဝိုက်မှာ အကောင်းဆုံးလို့ ထင်ကြသလိုမျိုးပေ့ါ။ ဒါပေမဲ့ အခြားသူတွေကို လွှမ်းမိုးဖို့ သို့မဟုတ် ပြုပြင်ဖို့အတွက် နက်ရှိုင်းတဲ့သမိုင်းဆိုင်ရာ မကျေမနပ်ဖြစ်ရမှုတွေနဲ့ ပြင်းပြတဲ့စိတ်ခံစားမှုတွေ အမေရိကန်တွေမှာ မရှိပါဘူး။ တကမ္ဘာလုံး စိုးမိုးခြယ်လှယ်ဖို့အတွက် လိုအပ်တဲ့ စည်းမျဉ်းစနစ်တွေကို သူတို့ရဲ့ ဗြဲလျမ်းကြီးဖြစ်နေတဲ့ အစိုးရအဖွဲ့မှာ တပ်ဆင်ပေးရဦးမှာပါ။

အသေအကြေတိုက်မယ့် ရန်ဘက်ရဲ့ အန္တရာယ်ကို နောက်ထပ်ရင်ဆိုင်ရပြီလို့ ယူဆရရင် အဲဒီစည်းမျဉ်းစနစ်ကို ရရှိနိုင်ပါတယ်။ စစ်အေးအစမှာ ရခဲ့ဖူးသလိုပေ့ါ။ ဒီနေရာမှာ ဆွေးနွေးနေတဲ့ ရန်ဘက်ဖြစ်မှုတွေဟာ တကယ့်ကို သူသေကိုယ်သေ ကိစ္စမျိုးတွေ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီရန်ဘက်ဖြစ်မှုတွေက လိုအပ်ရဲ့လားဆိုတာတော့ မရှင်းလှပါဘူး။ ဥပမာအားဖြင့် ဥရောပနဲ့ ကျွန်တော်တို့ကြားက စစ်ရေးနဲ့သံတမန်ရေး အခက်အခဲတွေကို ကြည့်ပါ။ ဒါတွေကို ကျွန်တော်တို့ဟာ နေတိုးရဲ့နောက်တန်းမှာသာ ခပ်ပြတ်ပြတ်နေပြီး သူတို့ဒေသအတွင်းက လုံခြုံရေး ပြဿနာတွေကို ဥရောပသားတွေကပဲ တဖြည်းဖြည်းနဲ့ စီမံခန့်ခွဲစေခြင်းအားဖြင့် ဖြေရှင်းနိုင်ပါတယ်။ ဥရောပပိုဆန်တဲ့ နေတိုးဖြစ်သွားမှာကို စိုးရိမ်ထိတ်လန့်နေဖို့ ဘယ်လိုအခရာကျတဲ့ အမေရိကန်အကျိုးစီးပွားမှ မရှိပါဘူး။

ရုရှားနဲ့ ကျွန်တော်တို့ ခိုက်ရန်ပွားနေတာလဲ မလိုအပ်လှပါဘူး။ နိုင်ငံအနေနဲ့ ကျွန်တော်တို့အတွက် မဖြစ်စလောက်သာ အကျိုးရှိတဲ့ အရှေ့ဥရောပနဲ့ အလယ်အာရှတို့မှာ ပါဝင်ပတ်သက်ခြင်းအားဖြင့် အမေရိကန်နိုင်ငံခြားရေးဝါဒဟာ အပိုင်စီးခံလိုက်ရတယ်။ ဒီလိုနဲ့ ရုရှားနဲ့ မလွဲမရှောင်သာ စိုးရိမ်ဖွယ်ပဋိပက္ခတွေ ဖြစ်ရတော့တယ်။ ရုရှားရဲ့ သမိုင်းအရ သူတို့ဟာ တခြားနည်းနဲ့ တုံ့ပြန်မယ်လို့ ကျွန်တော်တို့ မမျှော်လင့်နိုင်ပါဘူး။ တချိန်ထဲမှာပဲ ကျွန်တော်တို့က ကူညီဖို့ရည်စူးထားတဲ့ နိုင်ငံတွေကိုလဲ ဖျက်ဆီးရာ ရောက်နေပါတယ်။ စိုးရိမ်ဖွယ်အန္တရာယ်ကနေ သူတို့ကို ကာကွယ်ပေးနိုင်တဲ့ အနေအထားလဲ ကျွန်တော်တို့မှာ မရှိပါဘူး။ အားနည်းနေတဲ့အချိန်မှာ ရုရှားကို စိမ်းစိမ်းကားကား ပြုလုပ်ခြင်းအားဖြင့် အဲဒီအိမ်နီးချင်းတွေဟာ အနာဂတ်မှာ သူတို့အပေါ် ဆိုးဝါးတဲ့ဆက်ဆံမှုတွေ သေချာပေါက်ဖြစ်လာအောင် လုပ်နေတာသာ ဖြစ်ပါတယ်။ အာရှမှာ ရုရှားဟာ ကျွန်တော်တို့ရဲ့မဟာမိတ် ဖြစ်ရမယ့်အစား ၎င်းရဲ့တုံ့ပြန်မှုတွေက အာရှရှိ ကျွန်တော်တို့ရဲ့ အကျိုးစီးပွားတွေကို ဆိုးဆိုးဝါးဝါး ဖျက်ဆီးပစ်နေပါတယ်။ အဆိုးဆုံးကတော့ ရုရှားရဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်မယ့် ၎င်းရဲ့ရေရှည်အလားအလာတွေကို အမေရိကန်ရဲ့ မူဝါဒက ဖျက်ဆီးလိုက်တာပါပဲ။ အဆုံးမှာတော့ တကယ်လို့ ရုရှားဟာ ပြည်တွင်းမှာ မအောင်မြင်ဘူးဆိုရင် ဥရောပနဲ့အာရှမှာ ငြိမ်းချမ်းရေးနဲ့ ပေါကြွယ်ဝရေး အလားအလာတွေဟာ အင်မတန်ကို အန္တရာယ်ကြီးသွားမှာပါ။

တရုတ်ပြည်နဲ့ ကျွန်တော်တို့ရဲ့ အစဉ်အလာအတိုက်အခံဖြစ်မှုတွေက ပိုပြီးခက်ခဲတယ်ဆိုတာကို ဝန်ခံရမှာပါ။ ကမ္ဘာ့စီးပွားရေးထဲ တရုတ်ပြည် ဝင်လာခြင်းဟာ ဥရောပနဲ့ အမေရိကန်မှာရော၊ တရုတ်ပြည်မှာပါ အခြေခံစီးပွားရေးနဲ့ လူမှုရေး ထိန်းညှိမှုတွေ လုပ်ရမယ်လို့ ဆိုလိုတာပါပဲ။ ကျွန်တော်တို့နဲ့ ဥရောပတို့ဟာ တရုတ်ပြည်နဲ့ ကုန်သွယ်ရေးအတွက် နည်းလမ်းရှာရပါမယ်။ ကုန်သွယ်ရေးဖြစ်စဉ် အတွင်းမှာ ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အလုပ်သမားတွေကို အကြီးအကျယ် မထိခိုက်စေမယ့်နည်းလမ်း ဖြစ်ရပါမယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေထဲက တရုတ်ပြည်ကို ဖယ်ထုတ်ထားခြင်းဟာ ဆန့်ကျင်ဘက် ရလဒ်ကို ပေါ်ထွက်စေသလို စော်ကားတာလဲ ဖြစ်ပါတယ်။ ဒီအဖွဲ့အစည်းတွေအတွင်းမှာ နေရာပေးဖို့ ညှိနှိုင်းဆွေးနွေးကြဖို့ လိုပါတယ်။ ပိုပြီး အခြေခံကျတာကတော့ တရုတ်ပြည်ရဲ့ ပို့ကုန်လုပ်ငန်းကို နိုင်ငံခြားစီးပွားရေးတွေက ထိန်းမထားနိုင်တော့တဲ့ အဆင့်အထိ တိုးတက်အောင် လုပ်ဖို့ သူတို့ကို အားပေးတာဟာ တာဝန်မဲ့ရာ

ကျပါတယ်။ အမှန်ပါပဲ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့ အလွန် အမင်း ချဲ့ကားစိုးမိုးထားတဲ့ အာရှရဲ့ " နောက်ဆုံး အားထားရာ စားသုံးသူကြီး " အခန်းကို ဖြည်းဖြည်းချင်း လျှော့ချသွားရမှာ ဖြစ်ပါတယ်။

သံတမန်ရေးအရ တရုတ်ပြည်ကို နေရာ ပေးခြင်းဟာ ကျွန်တော်တို့ဖန်တီးထားတဲ့ ထိုင်ဝမ်ပြဿနာ ထဲက ထွက်ခွာဖို့ နည်းလမ်းတခုခုကို ရှာဖွေတာပါပဲ။ နောက်ပြီး လူ့အခွင့်အရေးအတွက် ကျွန်တော်တို့ရဲ့ စိုးရိမ် ပူပန်မှုတွေကို ကျွန်တော်တို့ မချိုးနှိမ်ထားနိုင်သလို စိတ်ဓာတ်ရေးရာအရ ဆွဲဆောင်တာနဲ့ စစ်ရေးအရ အဓမ္မ ပြုမူတာအကြား ကွဲလွဲချက်ကို အသိအမှတ်ပြုကြောင်း ရှင်းလင်းအောင် လုပ်ထားသင့်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့ စိတ်အားထက်သန်မှုအတွင်းမှာ တခြား နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်မှုအပေါ် လေးစားမှု အားလုံးကို စွန့်ပယ်မထားဘူးဆိုတာလဲ ရှင်းအောင် လုပ်ထားရပါမယ်။ ကိုဆိုဗိုမှာ ဝင်ရောက်စွက်ဖက်မှုက တရုတ်တွေကို ဘယ်လောက်အထိတ်တလန့် ဖြစ်စေသလဲ ဆိုတာ ကောင်းကောင်းသဘောပေါက်အောင် ကျွန်တော် တို့ အလေးအနက် လုံးပန်းအားထုတ်သင့်ပါတယ်။ ထင်သလို ဝင်စွက်ဖက်တဲ့ ရေးဟောင်းအနောက်ရဲ့အခွင့် အရေးမျိုးဆိုတဲ့ အနံ့အသက်ရစေတဲ့ ကိစ္စမှန်သမျှ သူတို့ နည်းနည်းမှ မခံနိုင်ပါဘူး။ မှတ်သားထားရမှာက အဲဒီလို အထိ မခံနိုင်မှုဟာ နေရာအနှံ့အပြားမှာ ရှိနေတယ် ဆိုတာပါပဲ။ အိန္ဒိယအပါအဝင် ရုရှားတို့မှာလဲ သေချာပေါက် ရှိကြပါတယ်။ တရုတ်ပြည် လက်ရှိ လူ့အဖွဲ့အစည်းရဲ့ အခြေမကျသေးတဲ့ အနေအထားအရ သူတို့ကို အလွန်အမင်း ဖိအားပေးတာဟာ တကယ်တော့ ကျွန်တော်တို့အတွက် အကျိုးမရှိပါဘူး။ နောက်ထပ် တကြိမ် တရုတ်ပြည် အစိတ်စိတ်အမွှာမွှာ ဖြစ်သွားရင် အဲဒီအကျိုးဆက်တွေကို ကျွန်တော်တို့အားလုံး ခံကြရမှာ ဖြစ်ပါတယ်။ ဥရောပသားတွေအတွက် ဥရောပကို စီမံခန့်ခွဲပေးဖို့ သို့မဟုတ် ရုရှားတွေဆီက ယူရေးရှားကို တာဝန်လွှဲယူလိုက်ဖို့ အမေရိကန်ပြည်ထောင်စုဟာ အဆင်သင့်မရှိသလို တရုတ်ပြည်ရေးရာတွေကို စီမံခန့်ခွဲနိုင်တဲ့ အနေအထားမှာ မရှိတာလဲ သေချာလှ ပါတယ်။

ဥရောပမှာလိုပဲ အာရှမှာလဲ အမေရိကန်ရဲ့ မူဝါဒဟာ အချို့ကို ဆန့်ကျင်ဖို့အတွက် အချို့နဲ့ ပြောင် မဟာမိတ်ဖွဲ့တာမျိုးတွေအပေါ်မှာ အလေးမထားသင့် ပါဘူး။ အဲဒီလိုမဟာမိတ်ဖွဲ့တာမျိုး လိုအပ်တုန်းပဲဆိုဦးတော့ မလုပ်သင့်ပါဘူး။ ဒေသအတွင်းရှိ အဓိကအင်အားတွေ အားလုံး ပါဝင်တဲ့ စုပေါင်းလုံခြုံရေးစနစ်တွေ တည်ဆောက် ရေးကိုပဲ အလေးထားသင့်ပါတယ်။ အဲဒီအတွက် တူညီတဲ့ အခွင့်အာဏာတွေနဲ့ ပုံမှန်ညှိနှိုင်းဆွေးနွေးမှုတွေရှိတဲ့ အဆောက်အအုံတွေ လိုအပ်ပါတယ်။ ဒီလိုညှိနှိုင်းမှုတွေနဲ့ ပြဿနာ မဖြေရှင်းနိုင်ခင်အတွင်း အငြင်းပွားသူတွေ အတူတကွ ဆက်လက်နေထိုင်နိုင်မယ့် အစီအစဉ်တွေ ချမှတ်ထိန်းသိမ်းပေးရပါမယ်။ အကြမ်းဖက်မှုတွေ ပေါက်ဖွားလာတဲ့ အခါမှာလဲ စုပေါင်းဝင်ရောက်စွက်ဖက် နိုင်ရပါမယ်။ ဒီလိုအဖွဲ့အစည်းမျိုးတွေ အာရှမှာ သန္ဓေတည် ပေါက်ဖွားနေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ ( ASEAN ) ဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်နောက်ကျနေသလို ဖြစ်နေပါတယ်။ စိတ်ထားတွေက ပူးပေါင်းဆောင်ရွက်ရေးကနေ ဝေးရာဆီ မျောသွားနေကြ ပါပြီ။ မကြာခဏ ကြမ်းကြမ်းတမ်းတမ်း ထိပ်တိုက် တွေ့မှုတွေ များလာတာနဲ့အမျှ ဘက်အသီးသီးမှာ အဆိုးဆုံးတွေ ဖြစ်ပေါ်နေစေပါတယ်။

ဥရောပနဲ့ အာရှမှာ ဗိုလ်ကျပြီး အခြား သူတွေရဲ့အခွင့်အရေးတွေကို ငြင်းပယ်တဲ့ ကျွန်တော်တို့ရဲ့ မူဝါဒကို စွန့်လွှတ်လိုက်ခြင်းဟာ မကြာခင်နှစ်များက သာမန်ကမ္ဘာ့အသွင်ဆောင်ရေးပုံစံကို ကျောခိုင်း လိုက်တာလို့ အဓိပ္ပာယ်ထွက်ပါတယ်။ နောက်ပြီး တကယ်တမ်း ဖြည်းဖြည်းချင်း ပေါ်ထွက်လာနေတဲ့ ဗဟုကမ္ဘာသစ်နဲ့ကိုက်ညီအောင် အမျိုးသားအကျိုးစီးပွား ကို ပြန်လည်အဓိပ္ပာယ် သတ်မှတ်တာလဲ ဖြစ်ပါတယ်။ နိုင်ငံရေးစနစ်တခုလုံးမှာ အမျိုးသားအကျိုးစီးပွားကို ပိုပြီး တည်တည်ကြည်ကြည် အလေးဂရုထားမှုကို ပြန် တည်ဆောက်ဖို့လဲ လိုပါတယ်။ ဒါဟာ တကယ်ပဲ လွယ်မှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အရာကိစ္စတွေကို ရှိနေတဲ့အတိုင်း ပစ်ထားလိုက်တာက အမေရိကန် ပြည်ထောင်စုအတွက် နောက်ရာစုနှစ်ဟာ အလားအလာ အလွန်ဆိုးစေမှာ ဖြစ်ပါတယ်။ အခုလို ရင်လေးဖွယ်ရာ အန္တရာယ်တွေကိုကြည့်ရင် ကမ္ဘာမှာ ပေါ်ထွက်လာနေကြ တဲ့ အင်အားတွေနဲ့ တိုက်ခိုက်နေရတဲ့ လမ်းကြောင်းပေါ်မှာ ကျွန်တော်တို့ကို ရောက်မသွားစေမယ့် နိုင်ငံခြားရေးမူဝါဒ ကို ဖော်ထုတ်ဖို့ အချိန်တောင်လွန်သလို ဖြစ်နေပါပြီ။

ဒေးဗစ်ပီ၊ ကယ်လ်လီယို
David P. Calleo

( စာရေးသူဟာ အာချီဆန်ဌာနမှူး ပါမောက္ခဖြစ်ပြီး The Johns Hopkins တက္ကသိုလ် အဆင့်မြင့်နိုင်ငံတကာ လေ့လာရေးရဲ့ ညွှန်ကြားရေးမှူးလဲ ဖြစ်ပါတယ်။ )

World Policy Journal အတွဲ ၁၆၊ အမှတ် ၃၊ ဆောင်းဦး

၁၉၉၉ မှ The United States and the Great Powers ကို ဘာသာပြန်ပါတယ်။

မှတ်စုများ။ ။

၁။ အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းဗျူရိုရဲ့ ခန့်မှန်းချက်အရ ၁၉၉၉ ခုနှစ်၊ ဂျူလိုင် ၁၅ ရက်နေ့မှာ ကမ္ဘာ့လူဦးရေ ၅, ၉၉၉, ၂၇၆, ၄၄၃ ရှိသည့်အနက် အမေရိကန်လူဦးရေမှာ ၂၇၂, ၉၉၅, ၅၁၇ ဖြစ်ပါတယ်။ စားသုံးမှုကိန်းဂဏန်းတွေကို ကမ္ဘာ့ဘဏ်ရဲ့ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများ ၁၉၉၉။ ( ဝါရှင်တန်ဒီစီ၊ ၁၉၉၉) နှာ ၂၂၆ မှ ယူပါတယ်။

၂။ ဗဟိုအာရှနိုင်ငံများနဲ့ အဆင့်အမျိုးမျိုးရှိတဲ့ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အမေရိကန်ဟာ လက်မှတ်ရေးထိုးခဲ့တယ်။ ဒီသဘောတူညီချက်တွေက ဗဟိုအာရှငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်မဟာ ( CENTRAZBAT ) ထဲမှာ အမေရိကန်ပါဝင်ခွင့် အပါအဝင် လက်နက်ရောင်းချရေးနဲ့ ဒေသတွင်းစစ်ရေး လေ့ကျင့်မှုတွေအတွက် အခြေခံကို ချပေးခဲ့တယ်။ ဥပမာအားဖြင့် ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလမှာ ခါဇက်စတန်နဲ့ လက်မှတ်ထိုးခဲ့တဲ့ သဘောတူညီချက်ကို ကြည့်ပါ။ ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ အမေရိကန်တပ်မတော် ပြန်ကြားရေးဌာန၊ 'အမေရိကန်၊ ခါဇက်စတန်တို့ စစ်ရေးဆက်သွယ်မှုတိုးမြှင့်ခြင်း ' လင်ဒါဒီခိုတန်ရဲ့ သတင်းပေးပို့ချက်။

အာရှတပ်မဟာလေ့ကျင့်ရေး ၉၇ ကာလတုန်းက ရုရှား၊ ယူကရိန်းနဲ့ ယူရေရှားဆိုင်ရာ ဒုလက်ထောက်ကာကွယ်ရေးဝန်ကြီးဖြစ်သူ ကက်သရင်းကဲလာဟာက အခုလို ပြောခဲ့ပါတယ်။ " အဲဒီဒေသအတွင်း အမေရိကန်ပြည်ထောင်စုရဲ့ စိတ်ဝင်စားမှုဟာ ၎င်းရဲ့လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်မှုနဲ့ တည်ငြိမ်ရေးတို့ လိုအပ်ခြင်းကို အသိအမှတ်ပြုခြင်းပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအတွက် တွဲဖက်လုပ်ဆောင်မှုက တိုက်ရိုက်ကျပြီး ကျယ်ပြန့်တဲ့ ဆက်သွယ်မှုတွေအတွက် အခြေခံဘောင်နဲ့ လျော်ကန်သင့်မြတ်တဲ့ အကြောင်းအချက်တွေ ရရှိစေပါတယ်။ " ( ဒေါက်ကလပ်စ်ဂျေဂစ်လတ်က " ယခင်ဆိုဗီယက်ဒေသတွင် အမေရိကန်က သတိကြီးစွာဖြင့် စွန့်စားဝင်ရောက် လုပ်ကိုင်နေခြင်း " ဆိုတဲ့အထဲမှာ ကိုးကားဖော်ပြခဲ့တယ်။ အမေရိကန်တပ်မတော် ဝါဒဖြန့်ချိရေးဌာန၊ စက်တင်ဘာ၊ ၁၉၉၇။ )

ရုရှားရဲ့ အနီးပြည်ပအတွင်း အနောက်ရဲ့ ကျူးကျော်ဝင်စွက်မှုတွေကို ထက်ထက်မြက်မြက်နဲ့ တရားဝင်ခုခံကာကွယ်ထားတာတွေကို အက်ဖ်စတီပင်လာရာဘဲလ်ရဲ့ ' ဥရောပနဲ့ ဒေသလုံခြုံရေးမှာ ယူကရိန်းရဲ့ နေရာ ' နဲ့ ဝူလ်ဖန်အိုင်ရှင်ဂျာရဲ့ ' ရုရှားကို မဆန့်ကျင်ပါနဲ့။ ဘောလ်တစ်ဒေသ လုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ' ( Internationale Politik ) ဖေဖော်ဝါရီ၊ ၁၉၉၈ တို့မှာ တွေ့နိုင်ပါတယ်။

၃။ မဟာဗျူဟာလက်နက်လျှော့ချရေးစာချုပ် အမှတ် (၁) ရဲ့ လုပ်ငန်းစဉ်အောက်မှာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှာ ရုရှားက ထိပ်ဖူး ၆, ၅၇၈ ခု ဖျက်ဆီးခဲ့ကြောင်း ကျေညာခဲ့ပါတယ်။

၄။ OECD Economic Outlook ဂျွန်လ ၁၉၉၉။ ( ပါရီ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ၁၉၉၉ ) နှာ ၄၂။

၅။ အမေရိကန်မှာ အိမ်ထောင်အလိုက် စုဆောင်းမှုအချိုးဟာ ( စုစုပေါင်းဝင်ငွေရဲ့ ရာခိုင်နှုန်း ) ၁၉၉၉ ခုနှစ်အတွက် –၀.၈ ဖြစ်ပြီး၊ ၂၀၀၀ ခုနှစ်မှာ –၁.၀ အထိ ကျသွားမယ်လို့ ခန့်မှန်းထားပါတယ်။ ( OECD Economic Outlook ဂျွန် ၁၉၉၉၊ နှာ ၄၁။ )

၆။ တရုတ်ပြည်ရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာ ၁၉၉၇ ခုနှစ်မှာ တကယ့်ကိန်းဂဏန်းတွေအရ ဒေါ်လာ ၃၆ ဘီလျံရှိတယ်လို့ နိုင်ငံတကာမဟာဗျူဟာ လေ့လာရေးအဖွဲ့က ( IISS ) ခန့်မှန်းပါတယ်။ ကာကွယ်ရေးအသုံးစရိတ်နဲ့ ပတ်သက်တဲ့ IISS ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်တွေနဲ့ နိုင်ငံရဝယ်နိုင်စွမ်းအားတွေ တွက်ချက်မှုတွေအပေါ် အားထားတဲ့ ဒီတွက်ပုံမျိုးဟာ အငြင်းပွားဖွယ် ယူဆချက်အများအပြားပေါ်မှာ အခြေခံထားတာ ဖြစ်ပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် နှိုင်းယှဉ်ချက်အားဖြင့်တော့ ဗြိတိန်ရဲ့ အသုံးစရိတ် က စတာလင်ပေါင် ၂၂.၂ ဘီလျံ ( ဒေါ်လာ ၃၇ ဘီလျံ ) ဖြစ်ပါတယ်။ ၁၉၉၇ မှ ၁၉၉၈ အတွင်းမှာ တရုတ်ပြည်ရဲ့ တရားဝင်ကာကွယ်ရေး ဘတ်ဂျက်ဟာ ၁၁ ရာခိုင်နှုန်း တိုးခဲ့ပါတယ်။ ( IISS, The Military Balance ၁၉၉၈–၉၉ [ အောက်စဖို့၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၉၈ ] နှာ ၁၆၅–၆၉ )

၇။ ဂျင်မန်းရဲ့ " တိဘက်တို့ရဲ့ အခွင့်အရေးတွေကို စီအိုင်အေက ကာကွယ်ပေးဖို့ ကြိုးစားခဲ့ပုံနဲ့ ရှုံးနိမ့်ခဲ့ပုံ " ( အင်တာနေရှင်နယ်ဟာရီထရီဗျူန်း၊ ၁၉၉၉ ခုနှစ်၊ ဇူလိုင် ၈ ) ကို ကြည့်ပါ။

၈။ ကိုဆိုဗိုအကျပ်အတည်းအပေါ် တရုတ်ရဲ့ တုံ့ပြန်မှုကို ရှင်းရှင်းနဲ့ အချက်အလက် ကြွယ်ကြွယ်ဝဝ ခွဲခြမ်းစိတ်ဖြာထားတာကို ကြည့်လိုရင် လန်ရှင်းရှန်းရဲ့ " တရုတ်ပြည်စစ်ရေး၊ ခေတ်မီရေး ပြဿနာများ " PSIS Occasional Papers, No. 3 ( ဂျီနီဗာ၊ ၁၉၉၉ ) ကို ကြည့်ပါ။ တုံ့ပြန်မှုတခုမှာ တရုတ်ပြည်ရဲ့ ပထမဦးဆုံး လေယာဉ်တင်သင်္ဘော ဝယ်ယူရေးအတွက် လူထုရန်ပုံငွေ စုဆောင်းရေး တွန်းဆော်ချက် ဖြစ်ပါတယ်။ ။

# ကမ္ဘာ့အသွင်ဆောင်မှုနှင့်
# နိုင်ငံတကာဆက်ဆံရေးအပေါ်
## ၎င်းပေါ်သက်ရောက်မှု

မကြုံဘူးလောက်အောင် ကျယ်ပြန့်နက်ရှိုင်းလှတဲ့ ကမ္ဘာ့အသွင်ဆောင်မှု ( globalization ) ဟာ ဒီနေ့ကမ္ဘာ့အနှံ့အပြားမှာ အရှိန်အဟုန်ပြင်းစွာ ဖြစ်ပေါ်နေပြီး ဒီခေတ်ရဲ့အထင်ရှားဆုံးနဲ့ အရေးပါတဲ့ ဝိသေသလက္ခဏာတရပ် ဖြစ်လာနေပါတယ်။ လူ့ဖြစ်ပေါ်တိုးတက်မှုတွင် ပကတိတိမ်းညွတ်မှုတရပ် ဖြစ်တဲ့အတိုင်း ကမ္ဘာ့ အသွင်ဆောင်မှုဟာ နိုင်ငံတကာ့ဆက်ဆံရေး အပေါ်မှာလည်း ထိရောက်တဲ့ ဩဇာသက်ရောက်မှု ရှိပါတယ်။

### သမိုင်းနဲ့မျက်မှောက်အခြေအနေ

ကမ္ဘာ့အသွင်ဆောင်မှုဟာ ရှည်ကြာတဲ့ဖြစ်စဉ်တခု ဖြစ်ပါတယ်။ ၁၄၉၂ ခုနှစ်မှာ ကိုလံဘတ်စ် အမေရိကတိုက်ကို စတင်တွေ့ရှိချိန်ကစပြီး လူသားမျိုးနွယ်များဟာ ပထဝီဆိုင်ရာတွေ့ရှိမှုကြီးများ၊ ဥရောပစက်မှုတော်လှန်ရေးနဲ့ အရင်းရှင်တော်လှန်ရေး ခေတ်ကာလများကို တွေ့ကြုံဖြတ်သန်းခဲ့ကြရပါတယ်။ တဖြည်းဖြည်းနဲ့ ကမ္ဘာပေါ်က စီးပွားရေးမျိုးစုံဟာ အချင်းချင်း ဆက်သွယ်မိလာတယ်။ ၂၀ ရာစုနှစ်မှာ လူသားတွေဟာ ကမ္ဘာစစ်ကြီးနှစ်ခု၊ စစ်အေးတိုက်ပွဲတခုနဲ့ ကြုံတွေ့ခဲ့ရသည့်တိုင် ကမ္ဘာ့အသွင်ဆောင်မှုကတော့ သတိမထားမိလိုက်ဘဲ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ အခုအခါမှာ ကမ္ဘာပေါ်က တခြားစီးပွားရေးတွေနဲ့ အချင်းချင်းအပြန်အလှန် ဆက်သွယ်ဖလှယ်မှုမပြုဘဲ ဘယ်စီးပွားရေးမှ ရေရှည်မတည်တံ့နိုင်ပါဘူး။ ၁၉၉၂ ခုနှစ်မှာ ယခင်ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဘုထရို့စ် ဘုထရို့စ်ဂါလီ ( Butros Butros Ghali ) က တကယ့်ကမ္ဘာ့အသွင်ဆောင်မှု ခေတ်ဆန်းချိန်ရောက်ပြီလို့ ကြေညာခဲ့ပါတယ်။ ဒါကို ဒီနေ့ တကမ္ဘာလုံးက လက်ခံထားပါပြီ။

လက်ရှိသုံးနှုန်းနေတဲ့ ကမ္ဘာ့အသွင်ဆောင်မှု ဆိုတဲ့ဝေါဟာရဟာ ယေဘုယျအားဖြင့် စီးပွားရေး ကမ္ဘာ့အသွင်ဆောင်မှုကို ရည်ညွှန်းတာပါ။ စီးပွားရေး ကမ္ဘာ့အသွင်ဆောင်မှုရဲ့ အဓိကဖော်ပြချက်များကတော့ –

– ကမ္ဘာ့စီးပွားရေးမှာ လွှမ်းမိုးချုပ်ကိုင်တဲ့ အင်အားတရပ်အဖြစ် နိုင်ငံလွှန်လုပ်ငန်းကြီးများ အရှိန်မြန်ဆန်စွာ ဖွံ့ဖြိုးလာတာနဲ့အမျှ ထုတ်လုပ်ရေး ကမ္ဘာ့အသွင်ဆောင်မှု ပိုမိုနက်ရှိုင်းလာခြင်း။ ၁၉၉၈ ခုနှစ် အကုန်မှာ နိုင်ငံလွှန်လုပ်ငန်းကြီးပေါင်း ၆၀,၀၀၀ ရှိခဲ့တယ်။ စာရင်းများအရ သူတို့ဟာ တကမ္ဘာလုံး ပြည်တွင်းထုတ်ကုန်တန်ဖိုး စုစုပေါင်း ( GDP ) ရဲ့ ၄၀%၊ နိုင်ငံတကာ့ကုန်သွယ်မှုစုစုပေါင်းပမာဏရဲ့ ၆၀%၊ နိုင်ငံတကာ့ နည်းပညာကုန်သွယ်မှု စုစုပေါင်းပမာဏရဲ့ ၆၀% မှ ၇၀% နဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏရဲ့ ၉၀% ရှိပါတယ်။

– ထုတ်လုပ်ရေးအင်အားစုသုံးရပ် – အရင်း၊ လုပ်အားနဲ့ သိပ္ပံနဲ့နည်းပညာ – ကမ္ဘာ့အသွင်ဆောင်မှု အလျင်အမြန်ဖွံ့ဖြိုးလာခြင်း။ ငွေကြေး ကမ္ဘာ့အသွင်ဆောင်မှုရဲ့ အဓိကသင်္ကေတန်များမှာ နိုင်ငံတကာ့ အရင်းအနှီး အတိုင်းအတာကြီးမားစွာ နိုင်ငံလွှန်စီးဆင်းမှု၊ နိုင်ငံတကာ့ငွေကြေးဈေးကွက် သန်စွမ်းကြီးထွားမှုနဲ့ ငွေကြေးလှုပ်ရှားလည်ပတ်မှုကို ပဲ့ကိုင်တဲ့ ဘုံစည်းကမ်းဥပဒေများကို လက်ခံမှုတို့ ဖြစ်ပါတယ်။ ၁၉၉၉ မှာ နိုင်ငံလွှန်

တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဟာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀ အထိရှိပါတယ်။ လုပ်အားကမ္ဘာ့အသွင်ဆောင်မှုဟာ ပေါ်လွင်ထင်ရှားတဲ့ စစ်အပြီးသွင်ပြင် ဖြစ်ပါတယ်။ အခုအခါ ကမ္ဘာပေါ်မှာ နိုင်ငံရပ်ခြားကို ထွက်အလုပ်လုပ်နေသူ သန်းပေါင်း ၁၃၀ ခန့်ရှိပါတယ်။ နည်းပညာ ကမ္ဘာ့အသွင်ဆောင်မှုဟာ စီးပွားရေး ကမ္ဘာ့အသွင်ဆောင်မှုရဲ့ အချက်အချာ မဏ္ဍိုင်ပါပဲ။ ဒါရဲ့အဓိကဖော်ပြချက်များကတော့ သုတေသနပြုရေးနဲ့ ဖွံ့ဖြိုးရေး ( R&D ) ရင်းမြစ်များ ကမ္ဘာလုံးဆိုင်ရာ တာဝန်ခွဲဝေသတ်မှတ်မှု၊ သိပ္ပံနဲ့နည်းပညာ လုပ်ရှား ဆောင်ရွက်ချက်များကို ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုနဲ့ သုတေသနပြုရေးနဲ့ ဖွံ့ဖြိုးရေးမှ အောင်မြင်ရရှိချက်များကို ကမ္ဘာလုံးဆိုင်ရာ ခွဲဝေမှုတို့ ဖြစ်ပါတယ်။

–ပေါင်းစည်းထားတဲ့ ကမ္ဘာ့ဈေးကွက် ပေါ်ပေါက်လာခြင်း။ နိုင်ငံတကာ့ ကုန်သွယ်မှုဟာ နှစ်စဉ်ပျမ်းမျှတိုးတက်မှု ၆.၂ % နဲ့ လွန်ခဲ့တဲ့အနှစ် ၃၀ အတွင်း အထပ် ၃၀ တိုးတက်ခဲ့ပါတယ်။ အခုအထိ ပေါင်းစည်းထားတဲ့ ကမ္ဘာ့ဈေးကွက်ဖွံ့ဖြိုးမှုရဲ့ အဓိက ဖော်ပြချက်များကတော့ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနဲ့ ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောက်ရွက်တဲ့ ပုံစံများပါပဲ။ ၁၉၄၈ ခုနဲ့ ၁၉၉၄ ခု အတွင်းမှာ တကမ္ဘာလုံးနီးပါး လွှမ်းခြုံတဲ့ ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းပေါင်း ၁၀၉ ဖွဲ့ ပေါ်ပေါက်လာပါတယ်။ အခုအခါမှာ မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးဇုံ ( NAFTA )၊ ဥရောပသမဂ္ဂနဲ့ အရှေ့အာရှနိုင်ငံများရဲ့ စီးပွားရေးစက်ဝန်း (အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယား အပါအဝင် ) များရဲ့ GDP စုစုပေါင်းဟာ ကမ္ဘာ့ စီးပွားရေး စုစုပေါင်းတန်ဖိုးရဲ့ ၈၁ % ရှိတယ်လို့ စာရင်းများမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ကို စိတ်ပူပန်စရာ ဖြစ်စေတာက ကမ္ဘာ့အသွင်ဆောင်မှုဟာ စီးပွားရေး သက်သက်မှာသာ မဟုတ်လို့ပါပဲ။ လွန်ခဲ့တဲ့ဆယ်စုနှစ်မှာ လူဦးရေပေါက်ကွဲမှု၊ စွမ်းအင်ပြတ်လပ်မှု၊ နျူကလီယာ အလျင်အမြန်တိုးများလာမှုနဲ့ နိုင်ငံတကာအကြမ်းဖက်ဝါဒ စတာမျိုးလို ပြဿနာအများအပြားဟာ တကမ္ဘာလုံးချီတဲ့ အကျိုးဆက်များဖြစ်ပေါ်စေလျက် ပိုမိုကြီးထွားဆိုးဝါး လာပါတယ်။ ဒါကြောင့် ဒီပြဿနာတွေကို ဖြေရှင်းဖို့ အတွက် နိုင်ငံတကာ့ပူးတွဲကြိုးပမ်းမှုတရပ် လိုအပ်ပါတယ်။ ဒါအပြင် နိုင်ငံရေးနဲ့ ယဉ်ကျေးမှုနယ်ပယ်မှာ ကမ္ဘာ့အသွင်ဆောင်မှုဟာလည်း အလေးထား အာရုံစိုက်သင့်တဲ့ နောက်ထပ်ဖွံ့ဖြိုးမှုလမ်းကြောင်း ဖြစ်ပါတယ်။

**နိုင်ငံတကာ့ဆက်ဆံရေးများအပေါ်**

**ကမ္ဘာ့အသွင်ဆောင်မှုရဲ့သက်ရောက်မှု**

ကမ္ဘာ့အသွင်ဆောင်မှုဟာ လူ့ဆန္ဒနဲ့ ကင်းကွာပြီး ဖြစ်ပေါ်တဲ့ လူမှုဖြစ်စဉ်တခု ဖြစ်တယ်။ ကမ္ဘာ့အသွင်ဆောင်မှုဟာ အတွင်းပိုင်းပဋိပက္ခ ဖြစ်မှုများ ရှိတဲ့အပြင် နှစ်ခွလက္ခဏာဆောင်မှုလည်းရှိတဲ့ လှုပ်ရှား တက်ကြွတဲ့ ဖွံ့ဖြိုးမှုဖြစ်စဉ်တခုလည်း ဖြစ်တယ်။ ၎င်းဟာ တိုင်းပြည်အများအပြားကို သမိုင်းတွင်တဲ့ ဖွံ့ဖြိုးတိုးတက်ခွင့် ပေးခဲ့သော်လည်း ကွဲလွဲမှုများ၊ ယှဉ်ပြိုင်မှုနဲ့ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှုများကိုလည်း ဖန်တီးပေးတယ်။ ကမ္ဘာ့အသွင်ဆောင်မှုရဲ့ ပဋိပက္ခများနဲ့ နှစ်ခွလက္ခဏာဟာ မျက်မှောက်ခေတ် နိုင်ငံတကာ့ဆက်ဆံရေးများအပေါ် ရှုပ်ထွေးတဲ့ ဩဇာလွှမ်းမိုးသက်ရောက်မှုလည်း ရှိတယ်။

ကမ္ဘာ့အသွင်ဆောင်မှုဟာ အပြန်အလှန် မှီခိုမှုကို ပိုမိုနက်ရှိုင်းစေပြီး ဒီခေတ်ရဲ့လမ်းကြောင်းကို ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆီသို့ ပိုတိုးသွားစေချိန်မှာ သူ့ရဲ့ ချိန်ခွင်လျှာမညီမျှမှု လက္ခဏာက အင်အားပြနိုင်ငံရေး ကြီးထွားရေးဆီသို့ ဦးတည်နေတဲ့တချိန်တည်းမှာ ဝင်ရိုး အများအပြားဖြစ်ပေါ်မှု ဖြစ်စဉ်ကို ထပ်ဆင့်ဖြစ်ပွားစေပြန်တယ်။

ကမ္ဘာ့အသွင်ဆောင်မှု အရှိန်ပိုမိုမြန်ဆန်လာခြင်းဟာ တိုင်းပြည်များအကြား စီးပွားရေး နယ်ပယ်အပါအဝင် နယ်ပယ်မျိုးစုံမှာ အပြန်အလှန်မှီခိုမှုနဲ့ အပြန်အလှန်ထိုးဖောက်မှုကို အဆက်မပြတ် ပိုမိုနက်ရှိုင်းလာစေတယ်။ ဒါ့အပြင် ဘုံအကျိုးစီးပွားကိုလည်း တိုးပွားလာစေပါတယ်။ အင်အားကြီးများအကြား အပြိုင်အဆိုင်နဲ့ ပွတ်တိုက်မိတဲ့ဆက်ဆံရေးများအတွင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန် အကျိုးသက်ရောက်မှု ပေါ်ပေါက်ခဲ့ပါတယ်။ နိုင်ငံတကာ့ ရေးရာကိစ္စများမှာ နိုင်ငံတနိုင်ငံတည်းက တဖက်သတ် ဖြေရှင်းနိုင်မှုနဲ့ လွှမ်းမိုးချုပ်ကိုင်နိုင်မှု စွမ်းအားဟာ လျော့နည်းသွားပါပြီ။ တခြားနိုင်ငံတွေရဲ့ အကျိုးစီးပွားကို ယိုယွင်းပျက်ပြားသွားအောင် တမင်သက်သက် နိုင်ငံခြား စွက်ဖက်မှု၊ စီးပွားရေး ပိတ်ဆို့မှုနဲ့ စစ်ရေးအသုံးပြုတဲ့ ဘယ်နိုင်ငံမဆို အမြဲလိုလို အန္တရာယ်တွေ့လေ့ ရှိပါတယ်။

ဒါကြောင့် နိုင်ငံတကာ့ ပဋိပက္ခများကို ဖြေရှင်းရာမှာ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းညှိနှိုင်းခြင်းနဲ့ ဘုံအကျိုးစီးပွား ရှာဖွေခြင်းများကို လက်ခံကျင့်သုံးတာ တိုးများလာပါတယ်။ ကမ္ဘာ့အသွင်ဆောင်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ အင်အားကြီးများအကြား ထိပ်တိုက်ဖြစ်မှုကို အစွမ်းကုန်ထိန်းချုပ်ကန့်သတ်ရာမှာ အလွန့်အလွန်အရေးကြီးတဲ့ အခန်းက ပါဝင်လျက် စစ်အေးလွန်ခေတ် နိုင်ငံတကာ့စနစ်ကို နှိုင်းယှဉ်ချက်အရ

တည်ငြိမ်စေခဲ့တဲ့ အရေးပါတဲ့ အကြောင်းရင်းတရပ် ဖြစ်တယ်။ ဒီအချက်က သက်သေပြနေတာကတော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ ခေတ်ကာလရဲ့ ပင်မ လက္ခဏာရပ်အဖြစ် အချိန်အတော်ကြာကြာ ဆက်ရှိနေဦးမယ် ဆိုတာပါပဲ။ ပိုပြီးအကျိုးရှိတဲ့ နိုင်ငံတကာ့ စီးပွားရေး အခင်းအကျင်းတရပ်ကို ရှာဖွေနေခိုက်မှာ အတိုင်းအတာကြီးမားတဲ့ ကမ္ဘာစစ်ကို ရှောင်လွှဲလို့ရတဲ့အပြင် စီးပွားရေး ဖွံ့ဖြိုးကြီးထွားမှုကို သန်စွမ်းစေခြင်းဟာ ဦးစားပေး ဖြစ်ရပါလိမ့်မယ်။ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေး အခင်းအကျင်းမှ ဒီအခြေခံအနေအထားကို အခါအားလျော်စွာ ဖြစ်လာတဲ့ ဘယ်လိုဖြစ်ရပ်ကမဆို ပြောင်းလဲပစ်ဖို့ ခက်ခဲပါလိမ့်မယ်။

ဒါပေမဲ့ နိုင်ငံတကာ့ အခင်းအကျင်းဟောင်း အခြေခံပြောင်းလဲမှု မပြီးဆုံးသေးမီအချိန်မှာ အခုလက်ရှိ ကမ္ဘာ့အသွင်ဆောင်မှုဖြစ်စဉ် ပုံပေါ်လာတာဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများဟာ ဆက်လက်ပြီး လွှမ်းမိုးချုပ်ကိုင်နေတုန်းပါပဲ။ ဖွံ့ဖြိုးဆဲနိုင်ငံများ အခြေအနေဆိုးဝါးနေချိန်မှာ သူတို့ဟာ အကျိုးအရှိဆုံးသူများ ဖြစ်နေပါတယ်။ ဒါကြောင့် နိုင်ငံတကာ့ ဖွဲ့စည်းတည်ဆောက်ပုံမှာ အင်အားချိန်ခွင်လျှာမညီမျှမှုကို ပိုမိုကြီးထွားလာစေတယ်။

၁၉၉၉ ခုမှာ ကမ္ဘာ့လူဦးရေစုစုပေါင်းရဲ့ ၂၀% မျှသာရှိတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများဟာ တကမ္ဘာလုံး GDP ရဲ့ ၈၀% နဲ့ ကမ္ဘာ့ကုန်သွယ်မှု စုစုပေါင်းပမာဏရဲ့ ၈၁ .၂ % ကို ပိုင်ဆိုင်ထားကြပါတယ်။ အရေအတွက် အများစုကြီးဖြစ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအင်အားကတော့ ကာလတချို့အတွင်း နှိုင်းယှဉ်ချက်အရ အားပြည့်မှုထက် အားနည်းလာမှုက ပိုပါတယ်။ ဗိုလ်ကျစိုးမိုးရေးဝါဒနဲ့ အင်အားပြနိုင်ငံရေးဟာ ကာလအတော်ကြာ အားကြီးနေဦးမှာပါ။ ဝင်ရောက်စွက်ဖက်ရေးဝါဒသစ်ဟာ အထိန်းအချုပ်မရှိ ဆက်ရမ်းနေဖွယ်ရှိပါတယ်။ ကမ္ဘာ့အသွင်ဆောင်မှုဖြစ်စဉ်မှာ ချိန်ခွင်လျှာမညီမျှမှုက ကမ္ဘာ့နိုင်ငံရေး ဝင်ရိုးအများအပြားဖြစ်ပေါ်မှုဟာ ရှည်ကြာပြီး ကွေ့ကောက်တဲ့လမ်းကို လိုက်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြပါတယ်။

ကမ္ဘာ့အသွင်ဆောင်မှု ဖြစ်စဉ်အတွင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုကြီးဟာ အမျိုးသား အချုပ်အခြာအာဏာ ပြဿနာအပေါ် ပို၍ပို၍စိန်ခေါ်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ အမျိုးသားစီးပွားရေး လုံခြုံရေးကို ထိရောက်စွာ ကာကွယ်ရေးဟာ အဲဒီနိုင်ငံများအတွက် လုပ်ငန်းတာဝန်သစ်တရပ် ဖြစ်ပါတယ်။

ကမ္ဘာ့အသွင်ဆောင်မှု ဖြစ်စဉ်အတွင်းမှာ မတူခြားနားတဲ့တိုင်းပြည်များမှာ ကွဲပြားခြားနားတဲ့ အခြေအနေအကြောင်းအချက်နဲ့ ရပ်တည်ချက် ရှိပါတယ်။ တရုတ်ပြည်အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများဟာ အရင်က မကြုံဘူးခဲ့တဲ့ ဖိအားနဲ့စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါတယ်။

ပထမအချက်။ ကမ္ဘာ့အသွင်ဆောင်မှုဟာ အင်အားကြီး နိုင်ငံများနဲ့ အင်အားချည့်နဲ့တဲ့ နိုင်ငံများအကြား မညီမျှမှုကိုပိုမိုနက်ရှိုင်းလာစေတယ်။ အဆင့်မြင့်နည်းပညာနဲ့ အရင်းအနှီးကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ အနေအထားက ဖွံ့ဖြိုးဆဲနိုင်ငံများကို မတက်မကြွ ထုံထိုင်းတဲ့ ပိုပြီးအလွယ်တကူ ပျက်စီးသွားနိုင်တဲ့ အနေအထားကို ကျရောက်စေပါတယ်။

ဒုတိယအချက်။ ကမ္ဘာ့အသွင်ဆောင်မှု ဖြစ်စဉ်က နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ နိုင်ငံတကာ ကြီးကြပ်ကွပ်ကဲရေး စည်းကမ်းဥပဒေများကို ထပ်ပြီး တောင်းဆိုတယ်။ ဒါပေမဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများက သူတို့ရဲ့ ဘက်ပေါင်းစုံ အမျိုးသားအင်အားတောင့်တင်းမှုဖြင့် နိုင်ငံတကာကြီးကြပ်ကွပ်ကဲရေး စည်းကမ်းများချမှတ်တဲ့ နိုင်ငံတကာ့ အဖွဲ့အစည်းများ အားလုံးနီးပါးထဲမှာ သူတို့ ကိုယ်ကျိုးစီးပွားအတွက် စကားပြောခွင့် ပိုပြီးရယူထားပါတယ်။ ဒီဥပဒေများက ဖွံ့ဖြိုးပြီးနိုင်ငံများအပေါ်မှာ ပိုပြီး လွတ်လပ်ခွင့် ပေးထားပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများဟာ အကျိုးစီးပွားသစ်များ၊ ရပိုင်ခွင့်များနဲ့ အခွင့်အရေးများကို ရယူနေချိန်မှာ ပြဿနာ အများအပြားကို ဖွံ့ဖြိုးပြီးနိုင်ငံများနဲ့ ညှိနှိုင်းရတာ၊ ပူးပေါင်းဆောင်ရွက်ရတာ ဖြစ်တယ်။ သူတို့ရဲ့ နိုင်ငံခြားရေးရာအပေါ် နိုင်ငံတော်အာဏာရဲ့ ချုပ်ကိုင်မှုဟာ မစွမ်းမသန် ဖြစ်ခဲ့ရတယ်။ တချိန်တည်းမှာ "လူ့အခွင့်အရေးဟာ အချုပ်အခြာအာဏာရဲ့ အထက်ကဖြစ်တယ် " နဲ့ "အကန့်အသတ်ရှိတဲ့ အချုပ်အခြာအာဏာ" ဆိုတဲ့ မျက်နှာဖုံးအောက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများကို အချုပ်အခြာအာဏာ တစိတ်တပိုင်း စွန့်လွှတ်ဖို့ တောင်းဆိုတယ်။ ဒါ့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ဖို့အတွက် အဲဒီပြဿနာတွေကို အကြောင်းပြတယ်။ သူတို့ရဲ့ တကယ့်ရည်ရွယ်ချက်က သူတို့ရဲ့ကိုယ်ကျိုးစီးပွား ကာကွယ်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်ဆုံးရှုံးစေတာ ဖြစ်တယ်။

အမျိုးသားလုံခြုံရေး ပြဿနာဟာ အမျိုးသား အချုပ်အခြာအာဏာနဲ့ အများကြီးဆက်စပ်မှုရှိပါတယ်။ ကမ္ဘာ့အသွင်ဆောင်ရေးလမ်းကြောင်းဟာ လူ့အဖွဲ့အစည်းကို ဘက်အားလုံးမှာ ဩဇာလွှမ်းမိုးမှုရှိတယ်။ လုံခြုံရေးလို့ဆိုရင် စစ်ရေးလုံခြုံရေးတင် မကဘူး၊

ဘက်အသီးသီးလုံခြုံရေးနဲ့ ပတ်သက်တယ်။ ဘဏ္ဍာရေး၊ သတင်းအချက်အလက်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနဲ့ စွမ်းအင်နယ်ပယ်များနဲ့လည်း သက်ဆိုင်တယ်။ ဒီနယ်ပယ်တွေမှာ လုံခြုံရေးအရေးကြီးမှုဟာ စစ်ရေးလုံခြုံရေးအရေးကြီးမှုထက် မလျော့ဘူး။ ကမ္ဘာ့အသွင်ဆောင်မှုဖြစ်စဉ်ကြောင့် နိုင်ငံတကာ့စီးပွားရေးလုပ်ဆောင်မှုများမကြုံဘူးလောက်အောင် ကျယ်ပြန့်လာ ရှုပ်ထွေးလာတာနဲ့အမျှ စီးပွားရေးလုံခြုံမှု ပြဿနာဟာ ပိုပြီးသတိပြုစရာ ဖြစ်လာတယ်။ ဘဏ္ဍာရေးလုံခြုံမှုဟာ ပိုလို့တောင် အရေးကြီးလာတယ်။

ကမ္ဘာ့အသွင်ဆောင်မှုခေတ်မှာ အရင်းအနှီးဟာ ဘာအကန့်အသတ်မှမရှိဘဲ ကမ္ဘာအနှံ့စီးဆင်းနိုင်တယ်။ ဒါ့အပြင် အချုပ်အခြာအာဏာပိုင်နိုင်ငံများဟာ သူတို့ရဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးများကို သူတို့တခါက ထိန်းချုပ်ခဲ့သလို မထိန်းချုပ်နိုင်တော့ဘူး။ ဈေးကွက်စည်းကမ်းဥပဒေများကို အကန့်အသတ်မရှိဘဲ အလွဲသုံးစားပြုနိုင်တယ်။ ရင့်မှည့်ပြီးတဲ့ဈေးကွက်များဟာ မဖွံ့ဖြိုးသေးတဲ့ဈေးကွက်များကို လူမှုရေးနဲ့စီးပွားရေးလုံခြုံမှုအတွက် သေစေလောက်တဲ့ အကျိုးဆက်များဖြင့် ဝင်ရောက်ကျူးကျော်မှု ပြုနိုင်တယ်။ စစ်ကြောင့် အဆုံးအရှုံးကြီးသလောက်ကြီးနိုင်တယ်။ ၁၉၉၇ ခု အာရှငွေကြေးအကျပ်အတည်း ကာလတုန်းက အင်ဒိုနီးရှားနဲ့ ထိုင်းရဲ့ GDP ဟာ တနှစ် သို့မဟုတ် အဲဒီလောက်ကာလအတွင်းမှာပဲ ၄၀% မှ ၆၀% အထိ ကျဆင်းသွားခဲ့တယ်။ အဲဒီနိုင်ငံတွေရဲ့ ပြည်တွင်းစီးပွားရေးဟာ ၁၀ နှစ်မတိုင်မီက အရွယ်အစားထိ သေးကျုံ့သွားခဲ့တယ်။ ဒါကြောင့် အမျိုးသားလုံခြုံရေးကို ဘယ်လိုကာကွယ်ကြမလဲ ဆိုတာဟာ ဒီဝေါဟာရရဲ့ သမရိုးကျ အဓိပ္ပာယ်ထက် ကျော်လွန်ပြီး တရုတ်ပြည်အပါအဝင် ဖွံ့ဖြိုးဆဲတိုင်းပြည်အများစုကြီးက တင်းတင်းကျပ်ကျပ် ဂရုစိုက်သင့်တဲ့ အပူတပြင်းပြဿနာ ဖြစ်လာပါတယ်။

ကမ္ဘာ့အသွင်ဆောင်ရေးခေတ်မှာ မျက်မှောက်နိုင်ငံတကာဆက်ဆံရေးရဲ့ ထူးခြားတဲ့လက္ခဏာသစ်တရပ်ကတော့ နိုင်ငံတကာ ဆက်ဆံရေးကို လမ်းညွှန်တဲ့ ကြီးကြပ်ကွပ်ကဲရေး စည်းကမ်းဥပဒေများကို ပြုပြင်မှုနဲ့ ပုံစံချမှတ်မှုအပေါ် ပြင်းပြင်းထန်ထန် ဆန့်ကျင်ငြင်းခုံမှုတွေ ဆက်လက်ဖြစ်ပေါ်နေတာပါပဲ။

"အားလုံးအကျိုးရှိ " စေနိုင်တဲ့ ကမ္ဘာ့အသွင်ဆောင်မှုကို ဥပဒေဖြင့် ကာကွယ်သင့်ပါတယ်။ ဓမ္မဓိဋ္ဌာန်ကျကျပြောရရင် နိုင်ငံတကာဆိုင်ရာ အဖွဲ့တွေဟာ ထိရောက်တဲ့ နိုင်ငံတကာ့အဆောက်အအုံများရဲ့ ထောက်ပံ့အားပေးကူညီမှုဖြင့် နိုင်ငံတကာ့ ဆက်ဆံရေးမှာ ပိုမိုအားကောင်းတဲ့ အခန်းကပါဝင်ဖို့ ကမ္ဘာ့အသွင်ဆောင်မှုက တောင်းဆိုပါတယ်။ ဒါပေမဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ( IMF )၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ( WTO )၊ ကုလသမဂ္ဂ နဲ့ စက်မှု ၈ နိုင်ငံအုပ်စုတို့လိုလက်ရှိနိုင်ငံတကာအဖွဲ့အစည်း အားလုံးလိုလိုဟာ စစ်အေးကာလအတွင်းက ထူထောင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး အနောက်အင်အားကြီးများက လွှမ်းမိုးချုပ်ကိုင်ထားတာဖြစ်ပါတယ်။ စစ်အေးလွန်ခေတ်မှာတော့ ကမ္ဘာ့အသွင်ဆောင်မှု ဖြစ်စဉ်အတွင်း ပေါ်ပေါက်လာတဲ့ ပြဿနာသစ်တွေကို ဖြေရှင်းနိုင်စွမ်းရှိပုံမရတဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ လက္ခဏာနဲ့ ဆောင်ရွက်ချက်တွေကို လူတွေက ပိုပိုပြီး မေးခွန်းထုတ်လာကြတယ်။ မျက်မှောက်နိုင်ငံတကာ့ နိုင်ငံရေးအင်အားစုများနဲ့ စီးပွားရေးအင်အားစုများရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကြောင့် နောက် ၁၅ နှစ်အတွင်း ဒီအဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲတာ ဒါမှမဟုတ် လုံးဝဥဿုံ တွန်းလှန်ဖယ်ရှားတာဟာ ဖြစ်နိုင်ဖွယ်မရှိဘူး။ ဒါပေမဲ့ နိုင်ငံတကာကြီးကြပ်ကွပ်ကဲရေး စည်းကမ်းဥပဒေများ ချမှတ်မှုနဲ့ပြုပြင်မှုအပေါ် ပြင်းပြင်းထန်ထန်အခြေအတင်ပြောကြဆိုကြတာတွေ ဆက်လက်ဖြစ်နေဦးမှာပါ။

သမိုင်းဆိုင်ရာ အကြောင်းများကြောင့် တရုတ်ပြည်ဟာ နိုင်ငံတကာ အဖွဲ့အစည်းများမှ ဖယ်ထုတ်ထားခံခဲ့ရပါတယ်။ ပြုပြင်ပြောင်းလဲမှုနဲ့ ပြင်ပကမ္ဘာကို တံခါးဖွင့်တဲ့ပေါ်လစီ ချမှတ်ပြီးတဲ့အချိန်ကစပြီး တရုတ်ပြည်ကို တရားမျှတမှုလည်းမရှိ လျော်ကန်သင့်မြတ်မှုလည်းမရှိတဲ့ နိုင်ငံတကာစည်းကမ်းဥပဒေအများအပြားကို တာဝန်အရ လိုက်နာစေခဲ့ပါတယ်။ ကမ္ဘာ့အသွင်ဆောင်မှုဖြစ်စဉ် ထိန်းညှိမှုများက နိုင်ငံတကာအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းရာမှာ၊ နိုင်ငံတကာကြီးကြပ်ကွပ်ကဲရေး စည်းကမ်းဥပဒေများကို ချမှတ်ခြင်းသို့မဟုတ် ပြင်ဆင်ခြင်းပြုရာမှာ တက်တက်ကြွကြွပါဝင်ကြဖို့ လိုအပ်တောင်းဆိုနေပါတယ်။ ရာစုနှစ်သစ်အတွင်း နိုင်ငံတကာယှဉ်ပြိုင်မှုမှာ အကျိုးရှိတဲ့အနေအထားကို ရယူဖို့အတွက် တရုတ်ပြည်ဟာ ဒီအခွင့်အရေးကို အသုံးချသင့်ပါတယ်။ ။

ပီကင်းရီဗျူး ( Feb. 15, 2001 ) မှ Pan Tao ရဲ့ ဆောင်းပါး Globalization and Its Effect on International Relations ကို ဘာသာပြန်ဆိုပါတယ်။

# ကမ္ဘာ့အသွင်ဆောင်ရေး

## သူစိမ်းတို့၏အဖွဲ့အစည်းလော

ကျွန်တော်တို့ခေတ်ကို စဉ်းစားဆင်ခြင်ခြင်း–၅

ကမ္ဘာ့အသွင်ဆောင်ရေးဆိုတဲ့ ဝေါဟာရဟာ အချို့သောချက်ကျတဲ့ ဘက်တွေမှာ အဓိပ္ပာယ် လွဲမှားသွားစေတဲ့ ဝေါဟာရမျှသာ ဖြစ်ပါတယ်။ ‘ အင်ပါယာ ’ လို့ပဲ ကျွန်တော်တို့ ပြောလိုက်နိုင်ပါတယ်။ “အမေရိကန် အင်ပါယာ ” ဆိုပြီးတော့တောင် ပြောနိုင်ပါတယ်။ ဒါလဲ ပိုပြီးတော့တိကျတယ်လို့ ပြောနိုင်ပေမယ့် တချို့ဘက်တွေမှာ အဓိပ္ပာယ်လွဲမှားမှုကို ဖြစ်စေနိုင်နေပြန်သေးတယ်။ ဘာကြောင့်လဲဆိုတော့ သမိုင်းမှာ ပထမဦးဆုံးအကြိမ် ကျွန်တော်တို့ တွေ့နေရတာက ပြောင်ပြောင်တင်းတင်း အကျဆုံးနဲ့ အရင်းကိုယ်နှိုက်ရဲ့ ကမ္ဘာတခုလုံး လွှမ်းခြုံထားတဲ့ အင်ပါယာကြီး ဖြစ်နေလို့ပါပဲ။ အဲဒီ အင်ပါယာကြီးထဲမှာတော့ အမေရိကန်ပြည်ထောင်စု အင်ပါယာ အရှင်သခင်ကြီးဟာ ဘဏ္ဍာအရင်းအရ၊ စစ်ရေးအရ၊ အဆောက်အအုံအရ၊ သဘောတရားရေးအရ လွှမ်းမိုးခြယ်လှယ်ထားတဲ့ အခန်းက ပါဝင်နေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကမ္ဘာ့အသွင်ဆောင်ရေး ( Globalisation ) ဆိုတဲ့ ဝေါဟာရကိုပဲ ကျွန်တော်တို့ ဆက်သုံးသွားပါမယ်။ ဘာကြောင့်လဲဆိုတော့ ဒီဝေါဟာရဟာ အကျွမ်းဝင်ပြီးသားဖြစ်တဲ့ အပြင် ရည်မှန်းချက်နဲ့လဲကိုက်လို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒါကဘယ်လို အဓိပ္ပာယ်ရှိတယ်၊ ဘယ်လိုဖြစ်လာသလဲဆိုတာကိုတော့ ကျွန်တော်တို့ ရှင်းပြရပါလိမ့်မယ်။

ဒီအက်ဆေးစဉ်တွေရဲ့ အရင်တပုဒ် ( “ ကိုလိုနီစနစ်၊ ဖက်ဆစ်စနစ်နှင့် ဦးလေးရှိုင်းလော့ခ် ” Frontline၊ စက်တင်ဘာ ၁၊ ၂၀၀၀။ ) မှာ အခုဆွေးနွေးနေတာနဲ့ ဆက်စပ်တဲ့အချက်အချို့ကို ကျွန်တော်တင်ပြခဲ့ပါတယ်။ ပထမအချက်ကတော့ စုစည်းပေါင်းချုပ်ထားတဲ့ ကမ္ဘာ့ဈေးကွက်ဆီသို့ ဦးတည်မောင်းနှင်ရေးဆိုတာ အစကတည်းက အရင်းရှင်စနစ်ရဲ့ ကျိုးကြောင်းဆင်ခြင်တုံတရားထဲမှာ သန္ဓေပါလာတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာကြီးကို ကိုလိုနီပြုခြင်းဟာ မတော်တဆဖြစ်လာတာ မဟုတ်ဘဲ ဒီစနစ်ရဲ့ အခရာကျတဲ့ အခြေခံပဲ ဖြစ်ပါတယ်။ ဒုတိယအားဖြင့် ဒါတွေအားလုံးအစပြုလာတဲ့ ၁၅ ရာစု အကုန်ပိုင်းကနေ ၁၈ ရာစုအကုန်အထိ အချိန်အတွင်းမှာ တကယ့်ကိုလိုနီပြုခြင်း ဖြစ်စဉ်ဟာ အများအားဖြင့် အမေရိကတိုက်တွေမှာ ဗဟိုပြုတာ ဖြစ်ပါတယ်။ ၁၉ ရာစုကျတော့မှသာ အာရှနဲ့ အာဖရိကကို အကြီးအကျယ် ကိုလိုနီပြုကြတာ ဖြစ်ပါတယ်။ ဒီလိုနဲ့ ကမ္ဘာကြီးကို နှစ်ပိုင်းခွဲပစ်ခဲ့ကြပါတယ်။ တပိုင်းမှာတော့ ရှေ့တန်းရောက်အနောက်က အချက်အချာကျတဲ့ စက်မှုနိုင်ငံတွေ ပါဝင်ကြတယ်။ နောက်ကျကျန်ခဲ့တဲ့ ကျယ်ပြောလှတဲ့ ဒေသတွေအတွင်းမှာတော့ စက်မှုမထွန်းကားတဲ့ ကိုလိုနီတွေနဲ့ မှီခိုဒေသတွေ ပါကြတယ်။ အဲဒီမှီခိုတွေ အများစုဟာ တရားဝင်အားဖြင့်တော့ လွတ်လပ်ကြပါတယ်။

၂၀ ရာစုနှစ်ရဲ့ ဇာတ်လမ်းကတော့ အနှစ်သာရအားဖြင့် အဲဒီစနစ်ရဲ့ အကျပ်အတည်းနဲ့ ပြိုကွဲမှု ဇာတ်လမ်းပဲ ဖြစ်ပါတယ်။ ကိုလိုနီနိုင်ငံတွေမှ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲတွေနဲ့ ကမ္ဘာအနှံ့မှ ဆိုရှယ်လစ်ရေးလှုပ်ရှားမှုတွေကြောင့် ဒီလိုဖြစ်ရတာပါပဲ။ ဒါပေမဲ့ ပုံစံသစ်ဖြစ်တဲ့ *ပိုင်နက်မဲ့* ကမ္ဘာ့အင်ပါယာနဲ့ အကျိုးဆက်အားဖြင့် ပုံစံသစ်ကိုလိုနီခေတ်လွန် *အင်ပါယာ* အချုပ်အခြာအာဏာပိုင်မှု ပေါ်ပေါက်လာခြင်းရဲ့ ဇာတ်လမ်းလဲ ဖြစ်ပါတယ်။

အခုအနေအထားအရ ကမ္ဘာကြီးကို

အမေရိကန်ရဲ့ အပြည့်အဝလွှမ်းမိုးခြယ်လှယ်မှုကို အရင်းနဲ့အင်ပါယာရဲ့ မကြုံဖူးတဲ့ အသစ်အဆန်း အဖြစ်အပျက်လို့လဲ တနည်းအားဖြင့် ပြောနိုင်ပါတယ်။ ဒီအင်ပါယာသစ် အခင်းအကျင်းရဲ့ အတုမဲ့ထူးခြားမှုကို နောက်ပိုင်းမှာ အချုပ်ဝေဖန်သုံးသပ်ပါမယ်။ ဒါပေမဲ့ ဒါတွေအားလုံး ဘယ်လိုအစချီလာပါသလဲ။ အရင်အက်ဆေးတွေမှာ စဉ်းစားဆင်ခြင်ခဲ့သလိုပဲ ဒီဇာတ်လမ်းဟာ ၁၉၁၄ ခုနှစ် စစ်ပွဲနဲ့အတူ အစချီလာပါတယ်။ ဒီစစ်ပွဲမှာ အခုဆွေးနွေးနေတာနဲ့ သက်ဆိုင်တဲ့ အဓိကအကျိုးဆက်လေးခု ရှိပါတယ်။

ဒီစစ်ပွဲဟာ ကိုလိုနီစနစ် ပြိုကွဲမှုဆီ ဦးတည်တဲ့ ဖြစ်စဉ်ကို တွန်းဆော်ပေးပါတယ်။ ဒါပေမဲ့ကိုလိုနီစနစ်ပြိုကွဲမှု အဓိကလှိုင်းဟာ ဒုတိယကမ္ဘာစစ်ပြီးမှသာ ပေါ်ပေါက်လာပြီး၊ အဲဒီနောက်မှာတောင် ကိုလိုနီစနစ်ဟာ နှစ်အနည်းငယ် ဆက်ရှိနေပါသေးတယ်။ ဒုတိယအားဖြင့် အဲဒီအချိန်ကတည်းက ကမ္ဘာ့ရှေ့ဆောင် စက်မှုအင်အားနိုင်ငံဖြစ်နေပြီဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဟာ အခုအချိန်မှာတော့ နယ်ပယ်အားလုံးမှာ အားအကြီးဆုံး အင်အားနိုင်ငံ ဖြစ်လာပါပြီ။ စက်မှုထုတ်လုပ်ရေး၊ ဘဏ္ဍာအရင်း စုစည်းမှု၊ စစ်အင်အား စတဲ့စတဲ့ဘက်တွေ ဖြစ်ပါတယ်။ တတိယ အားဖြင့် ဘော်ရှီဗစ်တော်လှန်ရေးက ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံတော်ကို ဖန်တီးခဲ့တယ်။ ပြည်ထောင်စု ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံဟာ အထီးကျန်အဖြစ် ဆက်ရှိနေပြီး ဒုတိယကမ္ဘာစစ်ပြီးမှ နောက်ထပ်ဆိုရှယ်လစ် တော်လှန်ရေးတွေ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ၎င်းက ကိုလိုနီဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို အကြီး အကျယ် စွမ်းအင်တွေ တိုးပွားစေပြီး အရင်းရှင်စနစ်အပေါ် ကမ္ဘာ့အနှံ့စိန်ခေါ်မှုအဖြစ် ဆိုရှယ်လစ်ဝါဒကို အသွင်ပြောင်း ပေးလိုက်ပါတယ်။

နောက်ဆုံးအချက်အားဖြင့် ဗြိတိန်ထက်ရော၊ ပြင်သစ်ထက်ပါ ပိုပြီးအင်အားကြီးတဲ့ စက်မှုနိုင်ငံအဖြစ် ဂျာမဏီဟာလဲ အမေရိကန်ပြည်ထောင်စုနဲ့အတူ ယှဉ်တွဲပေါ်ထွန်းလာခဲ့ပြီး ပထမကမ္ဘာစစ်မှာ စစ်ရှုံးခဲ့တယ်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်တွေနဲ့အတူ နာဇီလက်အောက်မှာ တခါထပ်တက်လာခဲ့ပြီး ဒုတိယကမ္ဘာစစ်မှာ တခါထပ်ပြီး စစ်ရှုံးပြန်ပါတယ်။ အဲဒီဂျာမန် ရှုံးနိမ့်မှုက ယိမ်းယိုင်ချည့်နဲ့နေတဲ့ ဗြိတိသျှနဲ့ ပြင်သစ်အင်ပါယာတွေကို အမေရိကန်ကသာ အမွေဆက်ခံရေးကို အာမခံချက်ပေးလိုက်တာပါပဲ။ ကမ္ဘာ့စနစ်မှာ အားအကြီးဆုံး အဆင့်အတန်းကို အမေရိကန်ဟာ ဘယ်တော့မှ လက်လွှတ်မှာ မဟုတ်ပါဘူး။ အမေရိကန်စာရေးဆရာနဲ့ လက်ဝဲစည်းရုံးသူ မဖြစ်နိုင်တဲ့ ( တကယ်တော့ ဂျက်ကလင်းကနေဒီနဲ့ ဝမ်းကွဲမောင်နှမတော်သူ ) ဂိုးဗီဒယ်လ်က အမေရိကန်ဟာ ၁၉၄၆ ခုနှစ်ကစပြီးတော့ ဒီအဆင့်အတန်းကို ထိန်းသိမ်းထားဖို့စစ်အင်အားမှာ ဒေါ်လာ ၇.၁ ထရီလီယံ သုံးစွဲခဲ့တယ်လို့ ပြောပါတယ်။ ဂျပန်နဲ့ အနောက်ဥရောပနိုင်ငံတွေ သူ့အင်အားအပေါ် မှီခိုနေစေဖို့ဆိုရင် အမေရိကန်အတွက် ဒီအဆင့်အတန်းဟာ အရေးကြီးပါတယ်။ ဒီအတွက် အင်ပါယာနယ်အတွင်းက အမျိုးသားလွတ်မြောက်ရေးနဲ့ ကမ္ဘာတဝှမ်း ကွန်မြူနစ်ဝါဒတို့ကို ဆန့်ကျင်တဲ့ စစ်အေးရော စစ်ပူပါ အမေရိကန်ဟာ မရပ်မနားတိုက်ခိုက်ခဲ့တယ်။ အဲဒီမှာ တတိယကမ္ဘာက ပြည်သူတွေ သန်း ၂၀ လောက် အသက်ဆုံးရှုံးခဲ့ရပါတယ်။

အမေရိကန်နဲ့ ဆိုဗီယက်ကြားက ဒီရာစုနှစ်ရဲ့ မကျေအေးနိုင်တဲ့ အတိုက်အခံဖြစ်မှုဟာ အဲဒီလို ပိုကျယ်ပြန့်တဲ့ အခြေအနေတွေအောက်မှာ သွားဆုံကြတာ ဖြစ်ပါတယ်။ အထက်မှာ ဖော်ပြထားတဲ့ အမေရိကန် အင်အားဆိုင်ရာ အချက်အလက်တွေနဲ့ နှိုင်းယှဉ်ရင် ဆိုဗီယက်ရဲ့ အခြေအနေနဲ့ ပတ်သက်တဲ့ အချက်နှစ်ချက်လောက်ကကိုပဲ ဒီအတိုက်အခံဖြစ်မှုရဲ့ စည်းကမ်းချက်တွေဟာ ဘယ်လောက်မမျှတဘူးလဲဆိုတာ သက်သေပြနေပါတယ်။ ပထမကမ္ဘာစစ်ရဲ့ အကျိုးဆက်အဖြစ် ဆုံးရှုံးမှုများနဲ့ စီးပွားရေးဖရိုဖရဲဖြစ်မှု၊ တော်လှန်ရေးပြီးပြီးချင်း ပြည်တွင်းစစ်ဖြစ်ပွားမှုနဲ့ အဲဒါနဲ့ ထက်ကြပ်မကွာပဲ ညွန့်ပေါင်းအနောက်အင်အားစုတွေက ဆိုဗီယက်ထဲ ဝင်ရောက်ကျူးကျော်မှုတွေကြောင့် ၁၉၂၁ ခုနှစ်မှာ ၎င်းရဲ့စီးပွားရေးဟာ စစ်မဖြစ်မီက ပမာဏရဲ့ ၁၀% သာသာမျှပဲ ရှိပါတော့တယ်။ စစ်ကြီးနှစ်ခုကြားမှာတော့ ဆိုဗီယက်စီးပွားရေးဟာ ကမ္ဘာပေါ်ရှိ ဘယ်နိုင်ငံထက်မဆို ပိုလျင်မြန်စွာ ကြီးထွားခဲ့တယ်။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ကြီးမှာ ၎င်းရဲ့ ရုပ်ဝတ္ထုပိုင်မှုတန်ဖိုး (အက်ဆက်) စုစုပေါင်းရဲ့ ၂၅ % နဲ့ ပြည်သူသန်း ၂၀ တို့ရဲ့ အသက်တွေ ဆုံးရှုံးရပြန်ပါတယ်။ စစ်ပွဲကြီး နှစ်ခုလုံးအတွင်းမှာ အမေရိကန်စီးပွားရေးဟာ နှစ်စဉ် ၁၀ % လောက်တိုးတက်နေပြီး စစ်ပွဲ နှစ်ပွဲလုံးဟာလဲ ၎င်းရဲ့မြေပေါ်မှာ တိုက်ခဲ့ရတာ မဟုတ်ပါဘူး။ ဒုတိယကမ္ဘာစစ် ပြီးကတည်းက ကျန်ရှေ့တန်းရောက် အရင်းရှင်စနစ်ရဲ့ ရင်းမြစ်ခနတွေဟာ စစ်ပွဲနဲ့ဆက်စပ်သလောက် အမေရိကန် လက်ခုပ်ထဲမှာ ဖြစ်နေတယ်ဆိုတာကိုလဲ ဖြည့်စွက်ပြောနိုင်ပါတယ်။

သိပ်မကြာသေးခင် နှစ်များအတွင်း အပြည့်အဝ ကမ္ဘာ့အသွင်ဆောင်လာရေး ပေါ်ထွန်းလာဖို့အတွက် လိုအပ်ချက်အချို့ကို အခုလို ချုပ်ပြနိုင်ပါတယ်။ ( ၁ )

အရင်းရှင်ကမ္ဘာတခုလုံးဟာ တခုတည်းသော လွှမ်းမိုးချုပ်ကိုင်မှုအောက်မှာ စုစည်းလာနိုင်ဖို့အတွက် ကိုလိုနီဟောင်းအင်ပါယာတွေရဲ့ ခွဲဝေထားမှုကို ဖျက်သိမ်းပစ်ရမယ်။ ( ၂ ) ဒါကို အကောင်အထည်ဖော်နိုင်တဲ့ အားလုံးထက် သာလွန်တဲ့ အင်အားတရပ် ရှိရမယ်။ ( ၃ ) ဆိုရှယ်လစ်နိုင်ငံတွေကို ဖြိုခွဲပြီး အရင်းရှင်ဈေးကွက်ထဲကို ပြန်ဆွဲသွင်းရမယ်။ ဒါမှသာ တကယ့်ကမ္ဘာ့အသွင်ဆောင်ရေး ဖြစ်မယ်။ ( ၄ ) အရင်းရှင်ဈေးကွက် အလှမ်းမီမှုနက်ရှိုင်းဖို့ဆိုရင် ယခင်ကိုလိုနီ နိုင်ငံတွေရဲ့ စက်မှုလုပ်ငန်းဟာ အတိုင်းအတာတခုအထိ ထွန်းကားဖို့ လိုအပ်တယ်။ ( ၅ ) ကမ္ဘာ့ဘဏ္ဍာအရင်း ဈေးကွက်တွေ ပေါင်းချုပ်နိုင်ဖို့နဲ့ ထုတ်လုပ်ရေးအရင်း ပိုပြီးလှုပ်ရှားနိုင်ဖို့အတွက် နည်းပညာပုံစံသစ်တွေ လိုအပ်တယ်။ ( ၆ ) အလားတူပဲ ပုံစံသစ် စစ်ရေးအတတ်ပညာ ( ဥပမာ အလိုအလျောက် စနစ်သုံး စစ်တလင်းများ ) တွေ လိုအပ်ပါတယ်။ ကမ္ဘာအနှံ့ ပြန့်ပွားနေတဲ့ များပြားပြီးဆုပ်ဖမ်းရခက်လှတဲ့ ရန်သူငယ်လေးတွေကို တိုက်ခိုက်ရာမှာ ဒီပုံစံသစ် စစ်ပညာတွေက အင်ပါယာရဲ့အင်အားကို ထိရောက်လျင်မြန်စွာ ဖော်ထုတ်ပေးပါတယ်။ ( ၇ ) နောက်ဆုံးအနေနဲ့ ကိုယ်ကျင့်တရားဖိအား၊ သဘောတရားရေးအရ တရားဝင်ဖြစ်မှုနဲ့ ယဉ်ကျေးမှု လက်ခံယူမှုတွေအတွက် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ **( NGO )** အစ စိတ်သဘောထား မြင့်မြတ်တဲ့ ပို့စ်မော်ဒန်ဝါဒအလယ် ' သမိုင်းနိဂုံး ' သဘောတရားအဆုံး ပုံစံမျိုးစုံပါဝင်တဲ့ အဆင့်မြင့်ရှုပ်ထွေးတဲ့ ကွန်ယက်ကြီးလဲ လိုအပ်ပါတယ်။

ဒီအင်ပါယာကြီး စုစည်းဖို့အတွက် တကမ္ဘာလုံးအရ ပေါင်းစည်းထားတဲ့ ဘဏ္ဍာအရင်းဟာ အချက်အချာကျတဲ့ ကိုယ်စားလှယ်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ပြဿနာက ကမ္ဘာ့အသွင်ဆောင်ရေးအကြောင်း ဆွေးနွေးကြရာမှာ အများစုက ဒါဟာ အင်တာနက်ကွန်ယက် အတွင်းမှာ ဘဏ္ဍာအရင်း သတင်းအချက်အလက်နဲ့ အသွင်ယူငွေကြေးတို့ရဲ့ လည်ပတ်မှုအရှိန်နှုန်းကိစ္စပဲ ဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်နေကြတာပဲ ဖြစ်ပါတယ်။ အတောင်အလက်စုံလာတဲ့ နယ်ချဲ့စနစ်အနေနဲ့ ကမ္ဘာ့အသွင်ဆောင်ရေးဟာ တကယ့်ဘုတ်အဖွဲ့အခန်းတွေမှာ တကယ့်လူတွေက ကြီးကြပ်စီစဉ်နေတဲ့ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးနဲ့ သဘောတရားရေးစွမ်းအားနဲ့ ပထဝီနိုင်ငံရေး အစီအမံတွေ စုစည်းပေါင်းချုပ်ထားတဲ့ စနစ်တခုပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကာတာအစိုးရလက်ထက်မှာ အမျိုးသားလုံခြုံရေး အကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဇဘစ်နီယူးဘာရ်ဇီဇင်စကီးရဲ့ မကြာလှသေးတဲ့ ဖော်နည်းကားကိုကြည့်ရင် ပထဝီနိုင်ငံရေးနယ်မှာ အတော်လေး ခရီးပေါက်နေပြီဆိုတာ တွေ့ရပါမယ်။ သူဟာ အာဖဂန်စစ်ပွဲအစကို ကြီးကြပ်ညွှန်ကြားခဲ့ပြီး ဆိုဗီယက်စနစ်ပြိုကျခဲ့တာအတွက် သူ့ကိုယ်သူ အမှတ်ယူနေသူလဲ ဖြစ်ပါတယ်။ "ပထမဆုံးအကြိမ်အဖြစ်နဲ့ ဥရောပအာရှ အင်အားဆက်ဆံရေးမှာ သော့ချက်ကျတဲ့ ဩဇာအာဏာ ရှိသူအဖြစ်နဲ့သာမက ကမ္ဘာ့ထိပ်တန်း အင်အားကြီးအဖြစ် ဥရောပကမဟုတ်တဲ့အင်အားတရပ် ပေါ်ပေါက်လာခဲ့ပါပြီ။" ဆိုတဲ့ သုံးသပ်ချက်နဲ့ သူက အစချီပါတယ်။ ဒီနောက်မှာတော့ ပိုးလူမျိုးမင်းမျိုးမင်းနွယ်ဝင် ဖြစ်တဲ့အတိုင်း စိတ်ရင်းမှန်နဲ့ 'ပထမဦးဆုံးနဲ့ တခုတည်းသော အစစ်အမှန် ကမ္ဘာလုံးဆိုင်ရာ မဟာအင်အားကြီး ' ရဲ့ ' ပဏ္ဏာဆက်တွေနဲ့ အစောင့်အရှောက်ခံတွေ ' အကြောင်း ဆက်ပြောပါတယ်။ အဲဒီအထဲမှာ အနောက်ဥရောပနိုင်ငံတွေ တောင်ပါနေဟန်တူပါတယ်။ ဒီနောက် ဘာရ်ဇီဇင်ဇကီးက အခုလို အကြံပြုပါတော့တယ်။ ' ပထဝီနိုင်ငံရေး မဟာဗျူဟာမှာ မဖြစ်မနေ လုပ်ရမယ့်ကိစ္စကြီး ၃ ခုကတော့ ပဏ္ဏာဆက်နိုင်ငံတွေအတွင်းမှာ လျှို့ဝှက်သဘောတူ ပူးပေါင်းမှုတွေ မဖြစ်စေဖို့နဲ့ လုံခြုံရေးမှီခိုရမှုကို ဆက် ထိန်းသိမ်းထားရေး၊ အစောင့်အရှောက်ခံတွေရဲ့ ရိုကျိုးမှုကို ထိန်းထားရေးနဲ့ အရိုင်းအစိုင်းတွေ ပေါင်းမသွားမိရေးတွေပဲ ဖြစ်ပါတယ်။ ' [ဇက် ဘာရ်ဇီဇင်စကီးရဲ့ ' ခန့်ထည်တဲ့ စစ်တုရင်ခုံ ' နျူးယောက်၊ ဘေ့စစ်စာအုပ်တိုက်၊ ၁၉၉၇ ]

"အရိုင်းအစိုင်း" တွေဆိုတာကတော့ တတိယကမ္ဘာက ပြည်သူတွေကို ဆိုလိုတာပါ။ ဒါပေမဲ့ ဒီဖော်နည်းကားမှာ အလေးထားသင့်တဲ့ အချက် ၂ ချက် ရှိပါတယ်။ တချက်ကတော့ ကမ္ဘာ့အသွင်ဆောင်ရေးကို အပျော့ဆွဲရောင်းနေသူတွေက တန်းတူရေး၊ လွတ်လပ်မှုနဲ့ အခွင့်အရေးတွေ ပေါ်ပေါက်လာပြီလို့ ပုံဖော်နေတာတွေနဲ့ ကွဲပြားလွန်းလှတာပါပဲ။ အားနည်းသူတွေအပေါ် မင်းမျိုးမင်းနွယ်တွေရဲ့ အဖက်မတန်တဲ့ သဘောထားမျိုးရှိပြီး လက်တွေ့ကျ ပြတ်သားတဲ့ ပညာရှင်တဦးပီပီ ဘာရ်ဇီဇင်စကီးကတော့ ကမ္ဘာ့အသွင်ဆောင်ရေးကို အဆင့်သုံးဆင့်ရှိတဲ့စနစ်လို့ အဓိပ္ပာယ်ဖွင့်ပါတယ်။ အရိုင်းအစိုင်းတွေက အောက်ဆုံးအဆင့်မှာရှိပြီး တခုတည်းသော မဟာအင်အားကြီးကတော့ ထိပ်ဆုံးမှာ ရှိပါတယ်။ အလယ်မှာတော့ ယူရေရှားလို့ သူကခေါ်တဲ့ဟာရှိပြီး အဲဒီအထဲမှာ ဥရောပနဲ့ ဂျပန်ဟာ ကြီးစိုးနေတာ ဖြစ်ပေမယ့် တကွဲတပြားဖရိုဖရဲ ဖြစ်နေကြတယ်လို့ ဆိုပါတယ်။

ပဒေသရာဇ်အရှင်သခင်ကို ဆန့်ကျင်ဖို့ပူးပေါင်းကြံစည်ကြတာဟာ " ပဏ္ဏာဆက်တွေနဲ့ အစောင့်ရှောက်ခံတွေ "ရဲ့ သဘာဝပဲမို့ အမေရိကန်ကို ဆန့်ကျင်ဖို့ ဥရောပယူနီယံနဲ့ ဂျပန်တို့ တိတ်တဆိတ်သဘောတူညီမှု

ရမသွားအောင် ဟန့်တားထားရပါမယ်။ အမေရိကန် အပေါ် သူတို့ရဲ့စစ်ရေးလုံခြုံမှုအတွက် ဆက်ပြီးမှီခိုနေရအောင် လုပ်ထားခြင်းဖြင့် သူတို့ " ရိုကျိုးမှု " ရှိနေအောင် ဆက်ထိန်းထားနိုင်ပါတယ်။ ဥပမာအားဖြင့် ပင်လယ်ကွေ့က ရေနံတွေရရှိရေးအတွက် အာမခံချက်ရှိအောင် ဆယ်စုနှစ်ပေါင်းများစွာ အမေရိကန်က လုပ်ပေးထားတာမျိုးပေါ့။ ဥရောပမှာ ဂျာမဏီဟာ ရှေ့ဆောင်အင်အားရပ်ဖြစ်ပါတယ်။ ဒါကြောင့် ဂျာမဏီရဲ့ " ရိုကျိုးမှု " ကို ထိန်းထားဖို့အတွက် ယူဂိုဆလားဗီးယားမှာ ၎င်းရဲ့ ရည်ရွယ်ချက်တွေ အထမြောက်အောင် အမေရိကန်အနေနဲ့ ကူတောင်ကူညီရမှာ ဖြစ်ပါတယ်။

ဒါတွေကတော့ သမ္မတကလင်တန်က အမွေဆက်ခံထားတဲ့ ပထဝီနိုင်ငံရေး စဉ်းစားတွေးခေါ်ပုံကို အတော် ကလေး ခြုံငုံဖော်ပြလိုက်တာပါပဲ။ ဒါတွေကို သူ့ရဲ့ နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်းအောဘရိုက်ကနေတဆင့် လက်တွေ့ကျင့်သုံးနေပါတယ်။ ဘာရ်ဇီဇင်စကီးဟာ အောဘရိုက်ကို တချိန်တုန်းက သင်တန်းပေးခဲ့ဖူးပါတယ်။ ၂၀ ရာစုအကုန်ရဲ့ ဒီပထဝီနိုင်ငံရေး အမြော်အမြင်ဟာ ဒီရာစုနှစ်အစက သမ္မတတယ်ဒီရုစဗဲ့ရဲ့ ကြေညာချက်နဲ့ တသဘောထဲပဲ ဖြစ်ပါတယ်။ အဲဒီမှာ " နိုင်ငံတကာ ပုလိပ်အာဏာ " လုပ်ငန်းတာဝန်ကို ထမ်းဆောင်ဖို့က လွဲလို့ အမေရိကန်အနေနဲ့ အခြားရွေးစရာ မရှိပါလို့ ဆိုထားပါတယ်။

ပထဝီနိုင်ငံရေး ပိသုကာပညာကို အမေရိကန် မူဝါဒရေးရာတွေရဲ့ အဓိကပိသုကာပညာရှင်တွေ ကိုယ်တိုင်က ဘယ်လိုသိမြင် နားလည်ထားတယ်ဆိုတာကို ရှင်းလင်းပုံဖော်ပြပြီးနောက်မှာ ဒီစနစ်ကို အခြေခံပုံဖော်ခြင်းနဲ့ ၎င်းရဲ့သဘောချက်ကျတဲ့ ဘက်အချို့ကို ဝေဖန်ရေးဘက် လှည့်နိုင်ပါပြီ။

အင်ပါယာဟာ နယ်မြေအရ တကမ္ဘာလုံးကို လွှမ်းခြုံပါတယ်။ ဒါဟာ ဆိုဗီယက်အုပ်စု ပြိုကွဲမှုနဲ့ ကမ္ဘာ့ဈေးကွက်ထဲ တရုတ်ပြည်က အပြည့်အဝ ပူးပေါင်းပါဝင်လာတာတွေရဲ့ အကျိုးကျေးဇူးကြောင့် ဖြစ်ပါတယ်။ ဒါကြောင့်မို့ အရင်းရဲ့တိုက်ရိုက်စိုးမိုးခြယ်လှယ်မှု အပြင်ဘက်မှာ အရေးပါတဲ့ နေရာဒေသဆိုလို့ မကျန်ရှိတော့ပါဘူး။ ဈေးကွက်ရဲ့ အဲဒီလို အကျယ်အပြန့် ချဲ့ထွင်မှုဟာ အထူးတလည်နက်ရှိုင်းမှုနဲ့ ပေါင်းစပ်သွားပါတယ်။ ဒါကြောင့် ယခင်ကိုလိုနီတွေ တစိတ်တပိုင်း စက်မှုထွန်းကားရေး၊ ကမ္ဘာအနှံ့က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအများစုကို ငွေကြေးစီးပွားရေးထဲ စုပ်ယူလိုက်ခြင်းနဲ့ ငွေမဖြစ်တဲ့ လယ်သမားထုတ်လုပ်မှုတွေ အလျင်အမြန်ကျဆင်းလာခြင်းတွေက တကမ္ဘာလုံးနီးနီးဟာ တူညီတဲ့ တန်ဖိုးဥပဒေသအောက်မှာ ကောင်းကောင်းကြီး ရောက်သွားပြီလို့ပြနေတာ ဖြစ်ပါတယ်။ လုပ်ခနဲ့ ဈေးနှုန်းတွေကို ဒေသအလိုက် နိုင်ငံအလိုက် သတ်မှတ်ကြတာ ဖြစ်လို့ ဒါနဲ့ဆိုင်တဲ့ဥပဒေသကိုတော့ ကွဲပြားစွာ စီမံခန့်ခွဲကြပါတယ်။

ဝါရှင်တန်ဒီစီကတော့ ဒီအင်ပါယာကြီးရဲ့ အရင်းအနှီးမြို့တော်ကြီးအဖြစ် ထမ်းဆောင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နယူးယောက်မြို့နဲ့ ပေါင်းလိုက်ရင် အမေရိကန်အစိုးရရဲ့ ဌာနချုပ်သာမကဘဲ အင်ပါယာ အချုပ်အခြာအာဏာသစ်ရဲ့ သဘောချက်အဆောက်အအုံ အများစုရဲ့ ဌာနချုပ်လဲ ဖြစ်နေပါတယ်။ဝေါလ်စထရိ၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့ကုလသမဂ္ဂ စတာစတာတွေ ဖြစ်ပါတယ်။

ဒီကမ္ဘာကြီးရဲ့ ဘဏ္ဍာအရင်း ပေါင်းစည်းမှုဟာ ကိုယ်ပိုင်စီမံပြီး အတွင်းပိုင်းချိတ်ဆက်နေကြတဲ့ အမျိုးသားဈေးကွက်တွေရဲ့ မပြည့်စုံတဲ့ ပေါင်းစည်းမှုပုံသဏ္ဍာန် မဟုတ်ပါဘူး။ ကမ္ဘာရဲ့ ဘဏ္ဍာအရင်းဆိုင်ရာ သဘောချက်ဆုံးဖြတ်ချက်တွေပါဝင်တဲ့ သတင်းအချက်အလက်တွေ ကမ္ဘာတဖက်စွန်းကနေ နောက်တဖက်စွန်းဆီ ပို့ပေးဖို့ လိုအပ်ချိန်ကို သုညနီးပါးဖြစ်အောင် လုပ်နိုင်တဲ့ နည်းပညာတွေနဲ့ လည်ပတ်နေတဲ့ တခုတည်းသော ဇီဝရုပ်ဖြစ်ပါတယ်။ ။

( ၂၀၀၀ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်ထုတ် FRONT-LINE တွင်ပါရှိသော Aijaz Ahmad ရဲ့ Globalisation: A Society of Aliens ကို ကောက်နှုတ် ပြန်ဆိုပါတယ်။ )

# ၂၁ ရာစုအတွင်း

## တရုတ် – အမေရိကန် ဆက်ဆံရေး

### အလားအလာများ

**၂၁ ရာစုနှစ်။**
**ဒါဟာ အမေရိကန်ရဲ့ ရာစုနှစ်လား။**

၁၉၈၀ ခုနှစ်များကစလို့ လူတွေက ကမ္ဘာကြီးရဲ့ ဗဟိုအချက်အချာဒေသဟာ အာရှ – ပစိဖိတ်ဒေသကို ပြောင်းရွှေ့သွားမှာဖြစ်တဲ့အတွက် ၂၁ ရာစုဟာ ပင်လယ်နဲ့ ဆိုင်တဲ့ ရာစုနှစ်ဖြစ်လိမ့်မယ်လို့ ကြိုတင်ဟောကိန်းထုတ်ခဲ့ကြပါတယ်။ အဓိကအကြောင်းပြချက်ကတော့ ၂၁ ရာစုနှစ်မှာ ဂျပန်နဲ့တရုတ်တို့ ကြီးထွားတိုးတက်လာလိမ့်မယ် ဆိုတာပါပဲ။ တိုးတက်ဖွံ့ဖြိုးလာနေတဲ့ ဂျပန်နဲ့တရုတ်ဟာ တကယ်ပဲ အမေရိကန်ကို အစားထိုးနိုင်ပြီး ရာစုနှစ်သစ်က လူ့လောကကြီးရဲ့ ကံကြမ္မာကို ပဲ့ကိုင်ထိန်းချုပ်နိုင်တဲ့ အင်အားစုတရပ် ဖြစ်လာနိုင်သလား။

၁၅ ရာစုနှစ်လယ်မှစလို့ ၂၀ ရာစုနှစ်လယ်အထိ နှစ်ပေါင်း ၄၀၀ ကျော် ဗြိတိသျှတို့ဟာ ကမ္ဘာကြီးရဲ့ ဗဟိုအချက်အချာ ဖြစ်ခဲ့ပါတယ်။ ဗြိတိသျှတို့ဟာ ပထမပိုင်းမှာ သူတို့ဩဇာနယ်ပယ်ကို ကိုလိုနီ သွေးစုပ်မှုများနှင့် ထူထောင်ချဲ့ထွင်ခဲ့ကြပါတယ်။ ၁၈ ရာစုနှစ်အလယ် လွန်လာပြီးနောက်မှာတော့ သူတို့တတွေဟာ စက်မှုတော်လှန်ရေးက ဖန်တီးပေးတဲ့ အခွင့်အရေးများကို ဖမ်းဆုပ်ပြီး သင်္ဘောတည်ဆောက်ရေး လုပ်ငန်း၊ အမြောက်ထုတ်လုပ်ရေးလုပ်ငန်းစတဲ့ စက်ပစ္စည်းထုတ်လုပ်ရေးနဲ့ လက်နက်ထုတ်လုပ်ရေး လုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးစေခဲ့ပါတယ်။ ကိုလိုနီ သွေးစုပ်မှုနဲ့ စက်မှုတော်လှန်ရေးကို အခြေခံပြီး ဗြိတိသျှတို့ဟာ ကမ္ဘာတလွှား ၎င်းရဲ့ ဩဇာအာဏာကို အလျင်အမြန် ဖြန့်ကြက်လိုက်ပြီး "နေမဝင်အင်ပါယာ" ကို ထူထောင်လိုက်ကြပါတယ်။ ၁၉ ရာစုနောက်ပိုင်း မှာတော့ ဗြိတိသျှကိုလိုနီများမှာရှိတဲ့ လူဦးရေဟာ သန်း ၄၀၀ ကျော်ခဲ့ပြီး သူ့ကိုလိုနီဧရိယာကတော့ သူ့မွေးရပ်မြေထက် အဆပေါင်း ၁၀၀ ကျော် ကျယ်ခဲ့ပါတယ်။ ၂၀ ရာစုနှစ်ကျတော့ အမေရိကန်တို့ဟာ လေယာဉ်တင်သင်္ဘော တည်ဆောက်ရေး အပါအဝင် အဆင့်မြင့် စစ်ရေးစက်မှုလုပ်ငန်းများ၊ လေယာဉ် တည်ဆောက်ရေး လုပ်ငန်းများ၊ အဏုမြူလုပ်ငန်းများ၊ လျှပ်စစ်လုပ်ငန်းများနှင့် အာကာသ လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့်လည်းကောင်း၊ ကမ္ဘာစစ်ကြီး နှစ်ခုကို အခွင့်ကောင်းယူခြင်းဖြင့် လည်းကောင်း ကမ္ဘာပေါ်မှာ ဩဇာကြီးမားလာပါတယ်။ သူတို့က ဗြိတိသျှတို့ကို ကမ္ဘာ့ဘုရင်ထီးနန်းမှ ကန်ထုတ်လိုက်ပြီး သူတို့ကိုယ်တိုင် ကမ္ဘာ့အင်အားကြီးနိုင်ငံ (စူပါပါဝါ) ဖြစ်လာပါတော့တယ်။ နှစ် ၄၀ ကြာ စစ်အေးကာလအတွင်း သူ့ကို ယှဉ်ပြိုင်သူတဦး ပေါ်ခဲ့ပါသေးတယ်။ ဒါပေမဲ့ ဒီယှဉ်ပြိုင်သူကြီးကလည်း ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုလိုက်ရဘဲ လွန်ခဲ့တဲ့ ၁၀ နှစ်က ရှုံးနိမ့်သွားခဲ့ပါပြီ။ အခုအချိန်အထိတော့ အမေရိကန်အင်အားနဲ့ တန်းတူညီမျှတဲ့ ယှဉ်ပြိုင်နိုင်သူ တယောက်မှ မတွေ့မိသေးပါဘူး။

ဗြိတိသျှတို့ဟာ အင်အားကျဆင်းနေပြီး ဆိုဗီယက်ယူနီယံကတော့ ပြိုလဲသွားခဲ့ပါပြီ။ အမေရိကန်တို့ကော ကမ္ဘာ့အင်အားကြီး ရာဇပလ္လင်က ပြုတ်ကျနိုင်

သလား။ ပြင်သစ်စာရေးဆရာတဦးက “၂၁ – ရာစုနှစ်ဟာ အမေရိကန်အတွက်မဟုတ်ဘူး” ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတအုပ် ရေးသားခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ တရုတ်၊ ဂျပန်နဲ့ အိန္ဒိယစတဲ့ နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုနဲ့ စိန်ခေါ်မှုများကို ခွဲခြမ်းစိတ်ဖြာပြပြီး၊ ဒီနိုင်ငံများဟာ စုပေါင်းအင်အားနဲ့ အမေရိကန်ကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်ကြောင်း၊ ဒါဟာ အမေရိကန်တို့ရဲ့ ကမ္ဘာ့အင်အားကြီးနေရာအဆင့် (စူပါပါဝါ) ကို ကိုင်လှုပ်နိုင်ကြောင်းဖြင့် နိဂုံးချုပ်သုံးသပ်ထားပါတယ်။ တကယ်ကော အဲဒီအတိုင်း ဖြစ်လာနိုင်မလား။ တကယ်တော့ အတော်ဖြေရခက်တဲ့ မေးခွန်းပါ။ ဒီစာရေးဆရာရဲ့ တဦးချင်းအမြင်အရတော့ နောက် နှစ် ၅၀ အတွင်း အမေရိကန်ကို အစားထိုးပြီး ကမ္ဘာ့အင်အားကြီး နိုင်ငံသစ်တခုပေါ်လာဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတာပါပဲ။ ဒီအမြင်ကို ရှင်းပြဖို့ အဓိကအချက် သုံးချက်တင်ပြပါမယ်။

ပထမ။ အမေရိကန်ရဲ့ စီးပွားရေးဟာ အလွန်အမင်း မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ အမေရိကန်တို့ဟာ သူတို့ရဲ့ အမျိုးသားရေး သေနင်္ဗျူဟာကို ၁၉၉၃ မှစလို့ ထိန်းညှိပြုပြင်ခဲ့ပါတယ်။ ဒါကြောင့်ပဲ ကမ္ဘာပေါ်မှာ ၂၁ ရာစု အစောပိုင်းကာလအတွင်း သတင်းပြန့်ပွားရေးခေတ် (Information age) အတွင်းသို့ ပထမဆုံးနှင့် တဦးတည်း ဝင်လာတဲ့နိုင်ငံ ဖြစ်သွားခဲ့ပါတယ်။ သတင်းပြန့်ပွားရေး လမ်းမကြီးက အမေရိကန်စီးပွားရေးကို အမြန်လမ်းမကြီး ပေါ် တင်ပေးလိုက်ပြီး သမရိုးကျ စီးပွားရေးသမားများက ရှေ့နေလိုက်နေတဲ့ ငွေကြေးဖောင်းပွမှုဆိုင်ရာ သံသရာကိုလည်း ရပ်ဆိုင်းပစ်လိုက်ပါတယ်။ အမေရိကန် နိုင်ငံအနေနဲ့ လပေါင်း ၁၁၆ လတိတိ စီးပွားရေး ကြီးထွားနှုန်း အရှိန်မြင့်နေမှုကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး အနာဂတ်ကာလတစုံတရာအထိ စီးပွားရေးအရှိန်နှုန်း ကျသွားမယ့်လက္ခဏာ မတွေ့ရသေးပါဘူး။ အမေရိကန်တို့ အနေနဲ့ သတင်းဆက်သွယ်ရေးပညာမှာ အပေါ်စီးရနေမှုကို ထိန်းထားနိုင်နေသရွေ့ မိမိရဲ့ထိပ်တန်းနေရာကို ထိန်းထားနိုင်မှာဖြစ်ပြီး အပေါ်စီးကနေ ကမ္ဘာကြီးကို ချုပ်ကိုင်ထားနိုင်မှာ ဖြစ်ပါတယ်။

ဒုတိယ။ အမေရိကန်တို့မှာ အလွန်အမင်း အင်အားတောင့်တင်းတဲ့ စစ်ရေးအင်အားစု ရှိနေပါတယ်။ သူ့ရဲ့အလွန်အကျွံ ခိုင်မာတောင့်တင်းတဲ့ စီးပွားရေး အုတ်မြစ်က ကမ္ဘာပေါ်မှာ အင်အားအကြီးဆုံးစစ်တပ်ကို ထိန်းထားနိုင်စေခဲ့ပါတယ်။ ဒီစစ်တပ်ရဲ့ အဓိက တာဝန်ကတော့ အမျိုးသားလုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ကာကွယ်ဖို့ပါပဲ။ ဒါပေမဲ့ အရေးအကြီးဆုံးကတော့ ကမ္ဘာ့ ပုလိပ်အဖွဲ့နဲ့ မီးသတ်အဖွဲ့အခန်းက ပါဝင်ဖို့ပါပဲ။ သူတို့တတွေက အမေရိကန်ကို “အာခံ” ရဲတဲ့ နိုင်ငံတွေကို ဆုံးမဖို့နဲ့ အပူချိန်မြင့်နေတဲ့ဒေသတွေ သို့မဟုတ် မီးလောင်နေတဲ့ဒေသအရပ်များမှာ ရေလောင်းမီးသတ်ပေးဖို့ပါပဲ။ ဒီလိုလုပ်ခြင်းဖြင့် အမေရိကန်တို့ဟာ အမေရိကန်လုံခြုံရေးနဲ့ အမေရိကန် ကမ္ဘာ့အင်အားကြီး အဆင့်နေရာကို ယှဉ်ပြိုင်သူမည်သူ့ကိုမဆို အဖူး အညှောက် ဘဝမှာပဲ အစတုံးပစ်လိုက်နိုင်ပါတယ်။ အမေရိကန်အစိုးရက ဒီလိုမျိုးအင်အားနိုင်ငံရေးနဲ့ စစ်ရေး အဟန့်အတားများကို ကျင့်သုံးနေသရွေ့ သူတို့အဆင့် နေရာကို ပူပန်စရာ မရှိပါဘူး။

တတိယ။ အမေရိကန်တို့ဟာ သိပ္ပံပညာနဲ့ နည်းပညာ အင်အားမှာ ကမ္ဘာမှာ ရှေ့ဆောင်နေပါတယ်။ သဘာဝ သိပ္ပံပညာရပ်များမှာ နိုဘယ်ဆုရထားသူ အများစုကြီးဟာ အမေရိကန်ကပါ။ အမေရိကန် တက္ကသိုလ် အများအပြားမှာ ဒီလိုပညာရှင်များ ၂၀ – ၃၀ ထိ ရှိနေတတ်ပါတယ်။ အမေရိကန်ဟာ စက်မှုလုပ်ငန်း၊ အဆောက်အဦလုပ်ငန်း၊ ဓာတုလုပ်ငန်းများစတဲ့ တချို့သမရိုးကျ စက်မှုလုပ်ငန်းများ တင်မက အာကာသလုပ်ငန်းများ၊ ဇီဝအင်ဂျင်နီယာ လုပ်ငန်းများ၊ မိုက်ကရိုလျှပ်စစ်လုပ်ငန်းများ၊ နာနိုမီတာနဲ့ အဆင့်မြင့်လျှပ်ကူးများစတဲ့ အဆင့်မြင့်နည်းပညာ နယ်ပယ်များမှာလည်း ရှေ့တန်းရောက်နေတာပါ။ အမေရိကန်တို့အနေနဲ့ သိပ္ပံပညာနဲ့ နည်းပညာဆိုင်ရာ တို့မှာ ဒီလိုမျိုးအသာစီးရနေသရွေ့ သူ့ရဲ့ဘက်ပေါင်းစုံ အမျိုးသားအင်အားကို ဆက်လက်မြှင့်တင်နိုင်နေမှာပါ။

ဝင်ရိုးစွန်းအများအပြားရှိရေး ရေစီးကြောင်းဟာ အမေရိကန်ရဲ့ ဗိုလ်ကျလွှမ်းမိုးရေးဝါဒကို စိန်ခေါ်နိုင်ပြီး အမေရိကန်တွေရဲ့ လောဘရမက်တွေကို ဇက်သတ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ ဒီရေစီးကြောင်းရဲ့ အကျိုးဆက်တွေ ပေါ်လာဖို့ကတော့ အချိန်တပိုင်း ယူရပါလိမ့်မယ်။

## တရုတ် – အမေရိကန် ဆက်ဆံရေးတွေဟာ ၂၁ ရာစုနှစ်မှာ ဘယ်အရပ်သို့ဦးတည်သွားမလဲ။

နှစ်နိုင်ငံအကြား ဆက်ဆံရေးဟာ လူနှစ်ဦး အကြား သို့မဟုတ် အိမ်နီးနားချင်း နှစ်ဦးအကြား ဆက်ဆံရေးများနဲ့ အလားတူပါတယ်။ ပဋိပက္ခဖြစ်မှုများနဲ့ အတိုက်အခံဖြစ်မှုများဟာ သဘာဝပဲဖြစ်ပြီး ဘာမှ အထူးအဆန်း ပြောစရာမဟုတ်ပါဘူး။ သို့သော် တရုတ်နဲ့ အမေရိကန် နှစ်နိုင်ငံကတော့ ထူးခြားတဲ့ နှစ်နိုင်ငံဖြစ်နေပြီး တဦးချင်းအနေနဲ့လည်း ကမ္ဘာပေါ်မှာ သေနင်္ဗျူဟာ ဩဇာလွှမ်းမိုးမှုကို အတိုင်းအတာတခုစီအထိ ပြုလုပ်နိုင်စွမ်းရှိတဲ့အတွက် ဒီနှစ်နိုင်ငံအကြား ဆက်ဆံရေး

ကတော့ အဲသလောက်မလွယ်ကူလှပါဘူး။ ဒါကြောင့် တရုတ် – အမေရိကန် ဆက်ဆံရေးတွေဟာ ဒီနှစ်နိုင်ငံရဲ့ အကျိုးစီးပွားနဲ့သာ ပတ်သက်နေတာ မကပဲ၊ ပိုမို အရေးပါစွာ ကမ္ဘာ့လုံခြုံရေးအတွက်ပါ အရေးပါနေပါ တော့တယ်။

အမေရိကန်တွေရဲ့ စဉ်းစားတွေးခေါ်မှု ဖြစ်စဉ်ဟာ အမြဲတမ်းအားဖြင့် ၎င်းရဲ့ကမ္ဘာလုံးဆိုင်ရာနဲ့ အမျိုးသားအကျိုးစီးပွားက အစချီပါတယ်။ အမေရိကန် ဟာ သူ့ကိုယ်သူ ရှားဝုဒ်သစ်တောထဲက ရော်ဘင်ဟုဒ်လို သဘောထားကြီးမား ပြည့်ဝစွာနဲ့ အင်အားချည့်နဲ့ သူများကို အနိုင်ကျင့်မခံရအောင် ကာကွယ်ပေးသူအဖြစ် ပုံဖော်လေ့ရှိပါတယ်။ တကယ်မှာတော့ အမေရိကန်တို့ဟာ အလွန်ပဲကိုယ်ကျိုးကြီးကြပြီး သူတို့လုပ်ဟန်များရဲ့ မူကတော့ မိမိတို့အတွက် အကျိုးရှိမယ်ဆိုရင် ဘာမဆို လုပ်မယ်ဆိုတာပါပဲ။ “အမြဲတမ်းမိတ်ဆွေဆိုတာ မရှိဘူး၊ အမြဲတမ်းအကျိုးစီးပွားသာလျှင် ရှိတယ်” ဆိုတာဟာ အမေရိကန်တွေအတွက် ရန် – ငါ ခွဲခြားတဲ့မှတ်ကျောက်ပါ။ အမြတ်အစွန်းအတွက် ဘာမဆိုလုပ်မှာဖြစ်ပြီး အမြတ် မရှိဘူးဆိုရင်တော့ ဘာမှလုပ်မှာ မဟုတ်ပါဘူး။

သေနင်္ဂဗျူဟာအရ ပြောမယ်ဆိုရင် တရုတ်ပြည်ဟာ အမေရိကန်အတွက် အချက်အချာကျ အရေးကြီးပါတယ်။ အရေးကြီးမှုကို ဘက်သုံးဘက်က အဓိကအားဖြင့် ဖော်ပြနိုင်ပါတယ်။

ပထမ။ တရုတ်ပြည်ဟာ နိုင်ငံရေးအင်အားစု တရပ်ဖြစ်နေပြီး၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာလည်း အမြဲတမ်းအဖွဲ့ဝင်တဦးဖြစ်ကာ တတိယကမ္ဘာနိုင်ငံများ အကြား အလွန်ဂုဏ်သိက္ခာ ကြီးမားပါတယ်။ တရုတ်ရဲ့ ပါဝင်ပတ်သက်မှု မရှိခဲ့ပါက ကမ္ဘာကြီးပေါ်က အရာ တော်တော်များများ လွယ်လွယ်ကူကူ ချောချောမွေ့မွေ့ ဖြစ်ဖို့ မလွယ်လှပါဘူး။

ဒုတိယ။ တရုတ်ပြည်ဟာ စစ်ရေးအင်အားစု တရပ်ပါ။ တရုတ်ပြည်ရဲ့လက်နက်ကိရိယာများဟာ အမေရိကန် ထက် အတော်ခေတ်နောက်ကျသော်လည်း သူ့မှာ ဖျက်ဆီးတားဆီးဟန့်တားနိုင်တဲ့ နည်းနာတွေရှိနေပါတယ်။ ဒါကြောင့် အမေရိကန်တွေက လစ်ဗျား၊ အီရတ်နဲ့ ယူဂိုဆလားဗီးယားတို့ကို လုပ်ခဲ့သလို တရုတ်ပြည်ကို ဗိုလ်ကျဖို့ ကြိုးစားရင်တော့ အတော်မိုက်ရူးရဲလုပ်တာ ဖြစ်မှာပါပဲ။ ဒါ့အပြင် အမေရိကန်က ဒီလိုစွန့်စားမှုမျိုး ပြုလုပ်ဖို့ အလွန်အကျွံကို သတိထားနေတာပါ။

တတိယ။ ကတော့ တရုတ်ပြည်ဟာ ယခုအချိန်မှာ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံအဆင့်သို့ မရောက်ရှိသေးပေမယ့် ဖွံ့ဖြိုးတိုးတက်မယ့် အလားအလာများ အကြီးအကျယ် ရှိနေပါတယ်။ တရုတ်ပြည်မှာ လူဦးရေ တဘီလျံကျော်ရဲ့ စားသုံးနိုင်မှုအား၊ စတုရန်းကီလိုမီတာ ၉.၆ သန်းရှိတဲ့ ကြီးမားကျယ်ပြောလှတဲ့နယ်မြေ၊ ကြီးထွားမှုနှုန်း ၉ ရာခိုင်နှုန်းကျော်ကို ၁၂ နှစ်နီးပါး ထိန်းထားနိုင်တဲ့ စီးပွားရေး၊ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (WTO) ထဲ ဝင်ရောက်လာပါက ရှိလာမယ့်ကြီးမားလှတဲ့ အလား အလာများနဲ့ ၎င်းရဲ့တံခါးဖွင့်ပေါ်လစီ ကျယ်ပြန့်လာမှု ကြောင့် ရရှိလာတဲ့ပြည်တွင်းတည်ငြိမ်မှုရဲ့ အလားအလာ ကောင်းလှတဲ့ ပတ်ဝန်းကျင်စတာများ ရှိနေပါတယ်။ ဒီအချက်အလက်တွေအားလုံးဟာ အမေရိကန်တို့အဖို့ အားကျမနာလိုဖွယ်နှင့် အလွန်အမင်းသွားရည်ယိုစရာကြီး ဖြစ်နေပါတယ်။ အကယ်၍များ အမေရိကန်က ကြီးမား ကျယ်ပြောလှတဲ့ တရုတ်ပြည်ဈေးကွက်ကြီးကို ပစ်ပယ် လိုက်မယ်ဆိုရင် သူ့ရဲ့ပြိုင်ဘက်များဖြစ်တဲ့ ဥရောပသမဂ္ဂ၊ ဂျပန်၊ ပြင်သစ်နဲ့ ဂျာမဏီတို့က ဝင်ရောက်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ အမေရိကန်တို့အဖို့ ရွှေအခွင့်အရေး ကြီး လက်လွှတ်သွားသလို ဖြစ်သွားမှာပါ။ အဲဒီအတိုင်း ဖြစ်ရင်တော့ အမေရိကန်တို့အဖို့ စိတ်မချမ်းမြေ့ဖွယ် ဆုံးရှုံးမှုများကို ရင်ဆိုင်ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တနေ့နေ့မှာ မိမိပြိုင်ဘက်တဦးဦးက ကမ္ဘာ့အင်အားကြီး စူပါပါဝါနိုင်ငံ သရဖူကို တိတ်တဆိတ် ဆွတ်ခူးသွားနိုင်လို့ ပါပဲ။

သမိုင်းကြောင်းအရ ပြောရရင် တရုတ် – အမေရိကန် ဆက်ဆံရေးရဲ့ ဖြစ်ပေါ်တိုးတက်မှုဟာ တဖြောင့်တည်းတချိုးတည်း သွားနေတာမဟုတ်ပါဘူး။ ဒါဟာလည်း အထူးအဆန်းတော့ မဟုတ်လှပါဘူး။ ဘာ ကြောင့်လဲဆိုတော့ တလောကလုံးဆိုင်ရာ ဥပဒေသနဲ့ အညီ အရာရာတိုင်းမှာ ပဋိပက္ခတွေရှိနေလို့ပါပဲ။ ဒါ့အပြင် ဒီနှစ်နိုင်ငံမှာ အတွေးအခေါ်ရေးရာနဲ့ပတ်သက်လိုပဲဖြစ်ဖြစ်၊ လူမှုရေးစနစ်အရပဲဖြစ်ဖြစ် အတော်များများတွေမှာ ကွဲပြားခြားနားမှုတွေလည်း ရှိနေပါတယ်။ ပဋိပက္ခများနဲ့ ကြိုးပမ်းအားထုတ်မှုများ အကြားမှာ အလွန်စိတ်ဝင် စားဖွယ် ပုံစံများကိုလည်း တွေ့မြင်နိုင်ပါတယ်။ ဥပမာ – ရစ်ချတ်နစ်ဆင်နောက် တက်လာတဲ့ အမေရိကန် သမ္မတ ခြောက်ယောက်စလုံးဟာ သူတို့သမ္မတသက်တမ်းမစမီမှာ တရုတ်ပြည် ဆန့်ကျင်ရေးအမြင်များ သို့မဟုတ် တရုတ် – အမေရိကန် ဆက်ဆံရေးကို အန္တရာယ်ဖြစ်စေနိုင်တဲ့ မိန့်ခွန်းများ အမြဲပြောဆိုတတ်ပါတယ်။ သို့သော် သူတို့ တတွေ အိမ်ဖြူတော်ထဲရောက်ပြီး အမေရိကန် အကျိုး စီးပွားကို ပေါ်လစီအတိုင်းအတာအရ ထည့်သွင်းစဉ်းစား လာရပြီဆိုရင်တော့ တရုတ်ပြည်ကို ခြွင်းချက်မရှိ ရွေးချယ်ရပြီး ချစ်ကြည်ရင်းနှီးကောင်းမွန်တဲ့ တရုတ် –

အမေရိကန် ဆက်ဆံရေးကသာလျှင် ကမ္ဘာကြီးကိုရော သူတို့ရဲ့ အမျိုးသားငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကိုပါ ကောင်းမွန်တိုးတက်စေနိုင်တယ်ဆိုတာ လက်ခံသဘော တူလိုက်ရတာချည်းပါပဲ။ လက်တဆုပ်စာရှိ တရုတ် ဆန့်ကျင်ရေးအင်အားစုများရဲ့ လှုံ့ဆော်ပေးချက်ကြောင့် သော်လည်းကောင်း၊ နိုင်ငံရေးပါတီများအကြား အပြန် အလှန်ထိန်းညှိတွန်းလှန် ရန်းကန်မှုများကြောင့် လည်းကောင်း မကြာခဏဆိုသလို တရုတ် – အမေရိကန် ဆက်ဆံရေးဟာ သားကောင်ဘဝ ကျရောက်သွားတတ် ပါတယ်။ နောက်ဆုံးဖြစ်ခဲ့ရတဲ့အဖြစ်ကတော့ ယူဂိုဆလဗ်ရှိ တရုတ်သံရုံးအပေါ် အမေရိကန်ရဲ့ ဗုံးကြဲမှုပါပဲ။ ဒီလိုမျိုး အဖြစ်အပျက်တွေ ပေါ်လာတိုင်း ဘယ်လိုပဲဖြစ်ဖြစ် တရုတ် – အမေရိကန် ဆက်ဆံရေးကို တက်တက်ကြွကြွ ပြင်ဆင် မွမ်းမံပေးတဲ့ သေနင်္ဂဗျူဟာသမား အများအပြား အမြဲ ပေါ်ပေါက်လာတတ်ပါတယ်။ အမေရိကန်တို့ဆီမှာ အလွန် အမြော်အမြင်ကြီးတဲ့ နိုင်ငံရေးသမားများ သေနင်္ဂဗျူဟာ သမားများနဲ့ သံတမန်များ၊ တရုတ်ပြည်မှာ စီးပွားရေး အကျိုးစီးပွားဖြစ်နေသူများ၊ စီးပွားရေးသမားများနဲ့ စီးပွားရေးပညာရှင်များ အများအပြား ရှိနေပါတယ်။

ယေဘုယျပြောရရင် တရုတ် – အမေရိကန် ဆက်ဆံရေးမှာ ကပြောင်းကပြန် ကသောင်းကနင်း ဖြစ်စရာ မရှိလှပါဘူး။ တချို့ပေါ်လစီများမှာဖြစ်ဖြစ်၊ ကာလတပိုင်းမှာဖြစ်ဖြစ် နောက်ပြန်ဆုတ်မှုများ ပေါ်ကောင်းပေါ်နိုင်ပေမယ့် တရုတ် – အမေရိကန် ဆက်ဆံရေးဟာ ရေရှည်အမြင်ပေါ်မှာ ကျန်းမာသန်စွမ်းစွာ ဖွံ့ဖြိုးတိုးတက်နေပါလိမ့်မယ်။

ထိုင်ဝမ်ပြဿနာ။ တရုတ် – အမေရိကန် ဆက်ဆံရေးရဲ့ အရင်းခံ အခြေခံ ပြဿနာ။

အမေရိကန်တို့ဟာ တရုတ်ပြည်မကြီးကို သူတို့ အနေနဲ့ "တရုတ်တပြည်တည်း" ရှိတဲ့မူကို လေးစား လိုက်နာကြောင်း၊ အရိုးသားဆုံးနဲ့ အလေးနက်ဆုံး အမြဲတမ်းအာမခံလေ့ရှိပါတယ်။ "ထိုင်ဝမ် လွတ်လပ်ရေး" ကို မထောက်ခံပါဘူး၊ "တရုတ်တပြည်နဲ့ ထိုင်ဝမ်" သို့မဟုတ် "တရုတ်ပြည်နှစ်ပြည်" ဆိုတာကို မထောက်ခံ ပါဘူး၊ ထိုင်ဝမ်အနေနဲ့ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံများသာ ပါဝင်နိုင်တဲ့ နိုင်ငံတကာ့ အဖွဲ့အစည်းများထဲ ဝင်ရောက်လာရေးကိုလည်း မထောက်ခံပါဘူးလို့လည်း အလေးအနက် ပြောဆိုကြပါတယ်။ ဒီအာမခံချက်များ အပေါ် တရုတ်က ယုံကြည်လာတာနဲ့တပြိုင်နက် နှစ်နိုင်ငံအနေနဲ့ "၂၁ – ရာစုကိုဦးတည်တဲ့ သေနင်္ဂဗျူဟာ လုပ်ဖော်ကိုင်ဖက်" အဖြစ် စတင်တည်ဆောက်ခဲ့ကြတယ်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုနဲ့ စစ်ရေး ပူးပေါင်း ဆောင်ရွက်မှုများဟာ အပြည့်အဝ ပေါ်ထွက်လာခဲ့တယ်။ အမေရိကန်တို့အနေနဲ့ အထူးသဖြင့် ကိုရီးယားကျွန်းဆွယ် အခြေအနေများကိုတည်ငြိမ်အောင် ထိန်းသိမ်းထားနိုင်ရေး၊ အဏုမြူလက်နက် လျှော့ပေါ့ရေးလုပ်ငန်းစဉ်၊ ဒုံးပျံများ တင်ပို့ရေးနဲ့ လက်နက်များထိန်းချုပ်ရေး၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအတွင်း အရေးကြီးတဲ့မဲခွဲမှုများ – စတာများမှာ အလွန်ကြီးမားတဲ့ သေနင်္ဂဗျူဟာ အကျိုးစီးပွားများကို ရရှိခဲ့ပါတယ်။ ဒီလိုနေရာက အမေရိကန်က ရုတ်တရက် နောက်သဏ္ဍာန်တခုကို ပြောင်းပြီး ထိုင်ဝမ်ကို ဟေ့ – တို့တတွေကတော့ ပြည်မကြီးနဲ့ သံခင်းတမန်ခင်း ထူထောင်လိုက်ပြီ၊ မထောက်ခံတဲ့အချက်သုံးချက်ကိုလည်း ကတိတော့ ပေးပြီးပါပြီ၊ ဒါပေမဲ့ မင်းတို့ကိုလည်း မိတ်ဆွေဟောင်းများ အနေနဲ့ တို့က မမေ့ပါဘူးလို့ ဆိုလိုက်ပြန်ပါတယ်။ ဥပမာ ကတော့ ထိုင်ဝမ်ဆက်ဆံရေး ဥပဒေပါပဲ။ အဲဒီဥပဒေအရ ဆိုရင် အမေရိကန်အနေနဲ့ ထိုင်ဝမ်ကို အဆက်မပြတ် လက်နက်များ ရောင်းနိုင်၊ ငှားရမ်းနိုင်၊ ပေးပို့ထောက်ပံ့ နိုင်ပါတယ်။ အမေရိကန်တို့ဟာ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်အကြား ထိန်းညှိရေးပုံစံသစ်တခုကို ရှာဖွေတွေ့ရှိ သွားပါတယ်။ ဒီလိုမျိုးပုံစံဟာ အမေရိကန် အကျိုးစီးပွား အတွက် အမြတ်ထွက်ပါတယ်။

အမေရိကန်တို့အနေနဲ့ ထိုင်ဝမ်နဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေးဆက်ဆံမှုများ အတော်အသင့်ရှိပါတယ်။ ဥပမာအားဖြင့်ဆိုပါတော့ လက်နက်ကုန်သွယ်ရေးမှာဆိုရင် အမေရိကန်တို့အနေနဲ့ ထိုင်ဝမ်ကို F- 16s, E - 2T လေယာဉ်ပျံများ၊ မျိုးချစ်ဒုံးပျံများ ( Patriot missiles ) စတဲ့ ခေတ်မီလက်နက်ကိရိယာများ ရောင်းချရုံမက စစ်သင်္ဘောများ၊ တင့်ကားအမျိုးမျိုးစတဲ့ ခေတ်မမီတော့တဲ့ လက်နက်များကိုလည်း ရောင်းချပေးနေတာပါ။ ဒီလိုနည်းနဲ့ အမေရိကန်တို့ဟာ ထိုင်ဝမ်မှ ဒေါ်လာဘီလျံပေါင်းများစွာ နှစ်စဉ်ရရှိနေတာပါ။ နှစ်ပေါင်းများစွာ ထိုင်ဝမ်ဟာ အမေရိကန်တို့ထံမှ လက်နက်အများဆုံးဝယ်သူ ဖြစ်နေခဲ့ ပါတယ်။ ဒါကြောင့်ပဲ တကယ်လို့များ ထိုင်ဝမ်ရေလက် ကြားအတွင်း ဆက်ဆံရေးများ ပျော့ပျောင်းချောမွေ့လာရင် အမေရိကန်အနေနဲ့ ဘယ်နေရာသွားပြီး လက်နက်တွေ ရောင်းရတော့မှာလဲ။ ထင်ရှားစွာပဲ အမေရိကန်တို့ဟာ တရုတ်ပြည်မကြီးနဲ့ ထိုင်ဝမ်အကြား အမျိုးမျိုးသပ်လျှို ကစားနေပြီး ဘက်နှစ်ဘက်စလုံးနဲ့တော့ လူကောင်းလုပ် ဆက်ဆံနေပါတယ်။ အမေရိကန်တို့အနေနဲ့ တရုတ် ပြည်မကြီးကို စိတ်ဆိုးဒေါသထွက်လာစေချင်တဲ့အခါတိုင်း ထိုင်ဝမ်ကို ထုတ်ကစားတဲ့ဖဲချပ်လို သဘောထားလာပါ တော့တယ်။ သူတို့က ပြည်မကြီးကို ဖိအားပေးဖို့အတွက်

ဒီဖဲချပ်ကို ကစားတတ်ပါတယ်။ ကဲ – စဉ်းစားကြည့်ရအောင်။ တကယ်လို့များ ထိုင်ဝမ်က တကယ်ပဲ လွတ်လပ်တဲ့ "နိုင်ငံ" ဖြစ်သွားပြီဆိုပါစို့၊ သူတို့အနေနဲ့ အမေရိကန်ဆီက သနားညှာတာဖို့ အမြီးတရမ်းရမ်းနဲ့ တောင်းနေတဲ့ ခွေးတကောင်လို နေပါတော့မလား။ အမေရိကန်အနေနဲ့ရော တရုတ်ပြည်မကြီးကို ထိုင်ဝမ်ပြဿနာကို အကြောင်းပြုပြီး ဖိအားပေးနိုင်ပါဦးမလား။ သို့မဟုတ် အမေရိကန်အနေနဲ့ ထိုင်ဝမ်ကို ဟောင်ကောင်နဲ့ မကာအိုတို့လို မိခင်ပြည်မကြီးနဲ့ ပေါင်းစည်းသွားပြီး တရုတ်ပြည်ကြီးကို ထိန်းချုပ်ဖို့ လက်လွှတ်သွားကာ တချိန်တည်းမှာပဲ အင်အားကြီးမားလှတဲ့ တရုတ်စီးပွားရေးနယ်ပယ်ကြီး ပေါ်ထွက်လာပြီး ရာစုနှစ်သစ်အတွင်း သူ့ရဲ့ဗိုလ်ကျလွှမ်းမိုးရေးအပေါ် ချုပ်ကိုင်လာမှာကို ဒီတိုင်းထိုင် ကြည့်နေမှာလား။ ဒါကြောင့် အမေရိကန်မျှော်လင့်တမ်းတနေတာကတော့ ထိုင်ဝမ်ရေလက်ကြားအနေနဲ့ အခုလက်ရှိ အနေအထားအတိုင်း နေသွားစေဖို့ပါပဲ။ ပြန်လည်ပေါင်းစည်းတာရော၊ လွတ်လပ်ရေးရော သူမကြည့်မြင်လိုပါဘူး။ ဒါမှသာ သူ့အနေနဲ့ ထိန်းညှိကစားကွက်များကို ဆက်လက်ကစားပြီး သူ့အတွက် အကျိုးရှိရေးအတွက် ဒီအခွင့်အရေးကို အသုံးချနေမှာပါပဲ။

ထိုင်ဝမ်ပြဿနာအပေါ် တရုတ်နဲ့ အမေရိကန်တို့ ထားရှိတဲ့ သဘောထားဟာ တရုတ် – အမေရိကန် ဆက်ဆံရေးပြဿနာနဲ့သာ သက်ဆိုင်နေတာ မဟုတ်ဘဲ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ အာရှပစိဖိတ်ဒေသ လုံခြုံရေးသာမက ၂၁ ရာစုအတွင်း နိုင်ငံတကာ့ သေနင်္ဂဗျူဟာ အခင်းအကျင်းနဲ့ပါ ဆက်စပ်နေပါတယ်။ အမြင်ကျယ်တဲ့ ဘယ်သေနင်္ဂဗျူဟာသမားမဆို ကမူးရှူးထိုး မလုပ်ပါဘူး။ ကျွန်တော်ကတော့ အမေရိကန်တို့ဟာ ထိုင်ဝမ်ပြဿနာ ဖြေရှင်းရာမှာ အရေးပါတဲ့အခန်းက ပါဝင်နိုင်တယ်လို့ ယုံကြည်နေပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်များအနေနဲ့ အမြင်ကျယ်ကျယ် အမြင်ရှင်းရှင်းနဲ့ သေနင်္ဂဗျူဟာများကို ပုံဖော်လာကြမယ်ဆိုရင် ဒီပြဿနာကို ပြေပြေလည်လည် ဖြေရှင်းနိုင်ပါလိမ့်မယ်။

Beijing Review (4. 1. 2001) နေ့ထုတ်မှ ကျန်းကျောက်ကျုံး ( Zhang Zhaozhong ) ၏ Prospects for Sino - U.S Relations In the 21st Century ကို ဘာသာပြန်ဆိုပါသည်။

(ကျန်းကျောက်ကျုံးသည် တရုတ်ပြည် ကာကွယ်ရေးတက္ကသိုလ်မှ စစ်ရေးသိပ္ပံ – နည်းပညာ – လက်နက်ကိရိယာ သုတေသနဌာနမှ ပါမောက္ခနှင့် ဌာနမှူးဖြစ်ပါသည်။ )

# တောင်ပိုင်းနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားသော မိန့်ခွန်း

**ဖီဒယ်လ်ကက်စထရို**

**ကျူးဘား ဟာဗာနာတွင် ၂၀၀၀ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့က ကျင်းပတဲ့ ဂျီ ၇၇ တောင်ပိုင်းနိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားမှာ ကက်စထရို ပြောကြားတဲ့ မိန့်ခွန်းအပြည့်အစုံ**

ထင်ရှားကျော်ကြားတဲ့ ဧည့်သည်တော်ကြီးများနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။

လူသားများသမိုင်းမှာ ဒီလောက်အံ့မခန်း ကြီးကျယ်လှတဲ့ သိပ္ပံပညာနဲ့နည်းပညာ အလားအလာများ၊ ချမ်းသာကြွယ်ဝမှုနဲ့ သက်သောင့်သက်သာရှိမှုတွေကို ထုတ်လုပ်နိုင်တဲ့ မယုံနိုင်ဖွယ်ထူးခြားလှတဲ့ စွမ်းအင်များ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး။ ဒါပေမဲ့ ကမ္ဘာကြီးပေါ်မှာ တရားမမျှတမှုနဲ့ မညီမျှမှုများဟာလည်း ဒီလောက်တခါမှ မနက်ရှိုင်းဖူးပါ။

ကမ္ဘာ့ဂြိုဟ်ကြီးကို ကူးသန်းသွားလာမှုနဲ့ အကွာအဝေးအရ ကြုံ့ရှုံ့ပေးလိုက်တဲ့ နည်းပညာ အံ့ဖွယ်များဟာ ဆင်းရဲနဲ့ချမ်းသာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ခေတ်နောက်ကျမှုအကြား ပိုမိုကြီးထွားလာတဲ့ ကွာဟမှု ချောက်နဲ့အတူ ယှဉ်တွဲတည်ရှိနေပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာ့အသွင်ဆောင်လာမှုဟာ တကယ့်ပကတိဖြစ်ရပ်ဖြစ်ပြီး ကျွန်တော်တို့အားလုံးနေထိုင်ကြတဲ့ ကမ္ဘာကြီးဟာ သင်္ဘောတစီးနဲ့သဏ္ဍာန်တူပြီး ကျွန်တော်တို့အားလုံးကတော့ တခရီးတည်းသွားနေကြတဲ့ ခရီးသွားများဖြစ်နေကြပါတယ်။ ဒါပေမဲ့ ဒီသင်္ဘောပေါ်ရှိ ခရီးသည်များဟာ အလွန့်ကို ကွဲပြားခြားနားတဲ့ အခြေအနေတွေအောက်မှာ ခရီးသွားနေကြခြင်း ဖြစ်ပါတယ်။

မဆိုစလောက် အနည်းစုလေးကတော့ အင်တာနက်တို့ လက်ကိုင်ဖုန်းတို့တပ်ဆင်ထားပြီး ကမ္ဘာ့ဆက်သွယ်ရေး ကွန်ယက်တွေဆီ ပေါက်ရောက်နိုင်တဲ့ အလွန်ခမ်းနားကြီးကျယ်လှတဲ့ ဇိမ်ခံအထူးခန်းကြီးထဲကနေ ခရီးသွားနေကြပါတယ်။ သူတို့တတွေဟာ အဟာရပြည့်ဝတဲ့ အလျှံပယ်ရိက္ခာများနဲ့အတူ သန့်ရှင်းတဲ့ ရေများကိုပါ ရရှိနေကြပါတယ်။ သူတို့အနေနဲ့ ခက်ခဲရှုပ်ထွေးပွေလီလှတဲ့ ဆေးဝါးကုသရေးစနစ်နဲ့အတူ ယဉ်ကျေးမှုအရသာပေါင်းစုံကိုလည်း ခံစားနေရပါတယ်။ စိတ်ထိခိုက်နာကျည်းဖွယ် အများတကာ့ အများစုကြီးကတော့ ကျွန်တော်တို့ အတိတ်ကိုလိုနီဘဝက အမေရိကသို့ပို့ခဲ့တဲ့ အာဖရိကမှ ကျေးကျွန်ကုန်သွယ်ရေးဘဝက ကျေးကျွန်များ ခရီးသွားနေရတဲ့ ကြောက်မက်ဖွယ် အခြေအနေနဲ့ ဆင်တူပါပဲ။ ဆိုလိုတာကတော့ ဒီသင်္ဘောပေါ်ပါ ၈၅ ရာခိုင်နှုန်းသော ခရီးသည်တွေဟာ အလွန်ညစ်ပတ်ပေကျံနေတဲ့ နေရာတွေမှာ ပြွတ်သိပ်နေရပြီး ဆာလောင်မွတ်သိပ်ခြင်း၊ ရောဂါဘယထူပြောခြင်းနဲ့ မျှော်လင့်ချက်ကင်းဝေးနေတဲ့ အခြေအနေတွေမှာ နေနေရတာပါ။

သိသာထင်ရှားစွာပဲ ဒီသင်္ဘောဟာ ရေပေါ်ပေါ်နေနိုင်လောက်အောင်အတွက် မဖြစ်နိုင်အောင်ကို တရားမမျှတမှုတွေ တနင့်တပိုးကြီး သယ်ဆောင်နေပြီး ယုတ္တိယုတ္တာမဲ့ အကျိုးအကြောင်းမရှိတဲ့ လမ်းကြောင်းကို လိုက်နေတာဖြစ်လို့ ဘေးကင်းလုံခြုံတဲ့ ဆိပ်ကမ်းတခုခု ကပ်ဖို့ဟာလည်း မဖြစ်နိုင်တော့ပါဘူး။ ဒီသင်္ဘောကြီးဟာ မလွဲမရှောင်သာ ရေခဲတောင်နဲ့တိုက်ဖို့ ကံကြမ္မာ

ဆိုက်ရောက်နေပါပြီ။ ဒီလိုသာဖြစ်ရင်ဖြင့် ကျွန်တော်တို့အားလုံး ဒီသဘော်နဲ့အတူ နစ်မြုပ်သွားရပါလိမ့်မယ်။

အခုဒီမှာ စုဝေးရောက်ရှိနေကြတဲ့ အများတကာ့အများစုကြီးကို ကိုယ်စားပြုကြတဲ့ နိုင်ငံနဲ့ အစိုးရခေါင်းဆောင်များဟာ ဒီကပ်ဘေးဆိုက်ရောက်ဖွယ်လမ်းကို ပြုပြင်ဖို့အတွက် ဝင်ရောက်ပဲ့ကိုင်ဖို့ဟာ အခွင့်အရေးရှိရုံမက တာဝန်လည်း ရှိနေပါတယ်။ ကျွန်တော်တို့ရဲ့ နေရာမှန်ဖြစ်တဲ့ ပဲ့ကိုင်နေရာကိုဝင်ယူပြီး ခရီးသည်အားလုံး စည်းလုံးညီညွတ်စွာ၊ တန်းတူညီမျှစွာ၊ တရားမျှတစွာ ခရီးသွားနိုင်ဖို့အတွက် ချောမောပြေပြစ်အောင်လုပ်ဖို့ရာဟာ ကျွန်တော်တို့ရဲ့တာဝန်သာ ဖြစ်ပါတော့တယ်။

ဆယ်စုနှစ်ခုလုံးလုံး ကျွန်တော်တို့အနေနဲ့ တခုတည်းသော ရှင်းလင်းလွယ်ကူလှတဲ့ ဟောပြောချက်တခုကိုသာ ကြိမ်ဖန်တလဲလဲနားထောင်နေရပြီး၊ ပေါ်လစီတခုတည်းသာလျှင် ပေါ်လွင်ထင်ရှားနေပါတယ်။

ထိန်းချုပ်မှုမရှိတဲ့ ( deregulated ) ဈေးကွက်တွေ၊ အမြင့်ဆုံးပုဂ္ဂလိကပိုင်ဆိုင်မှုအဖြစ်ပြောင်းလဲရေးတွေနဲ့ စီးပွားရေးလုပ်ရှားမှုများမှ နိုင်ငံတော်က နောက်ဆုတ်ရုပ်သိမ်းမှုတွေဟာ စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်တဲ့ မလွဲနိုင်တဲ့ ပေါ်လစီများဖြစ်တယ်လို့ ကျွန်တော်တို့ကို ပြောဆိုနေကြပါတယ်။

ဒီလမ်းကြောင်းအတိုင်း ဖွံ့ဖြိုးပြီးနိုင်ငံများ အထူးသဖြင့် အမေရိကန်နိုင်ငံ၊ ဒီလိုမျိုးပေါ်လစီများကြောင့် အကျိုးကျေးဇူးဖြစ်ထွန်းနေတဲ့ နိုင်ငံလွန်ကုမ္ပဏီကြီးများနဲ့ နိုင်ငံတကာ့ငွေကြေးရန်ပုံငွေအဖွဲ့ IMF တို့ဟာ လွန်ခဲ့တဲ့နှစ်ဆယ်စု နှစ်စုအတွင်းမှာ ကျွန်တော်တို့ နိုင်ငံများရဲ့ တိုးတက်ရေးအပေါ် ရန်အလိုဆုံးနဲ့၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စံချိန်များမှာ ထိန်းသိမ်းထားနိုင်မှု အနည်းဆုံးများကို ဖြစ်စေတဲ့ စီးပွားရေးပုံစံကို တီထွင်ဖော်ထုတ် ပုံစံပြုခဲ့ကြပါတယ်။

လစ်ဘရယ်ဝါဒအသစ် ( Neoliberalism ) ပုံစံများက ဂလိုဘယ်လိုက်ဇေးရှင်းကို တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားပါတယ်။ ဒါကြောင့်ပဲ တကမ္ဘာလုံး ပျံ့နှံ့သွားတာဟာ ဖွံ့ဖြိုးတိုးတက်မှုမဟုတ်ဘဲ ဆင်းရဲမွဲတေမှုသာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံများရဲ့ အမျိုးသားအချုပ်အခြာအာဏာပိုင်မှုကို လေးစားဖို့မဟုတ်ဘဲ အဲဒီလေးစားမှုကို ဖောက်ဖျက်ဖို့သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်သူများအကြား သွေးစည်းညီညွတ်ရေးအတွက် မဟုတ်ကြဘဲ၊ ဈေးကွက်မှာပေါ်ထွက်နေတဲ့ မညီမျှတဲ့ယှဉ်ပြိုင်မှုများအကြားက ဘယ်သူသေသေ ငတေမာပြီးရော ဖြစ်နေကြပါတယ်။

နှစ်ဆယ်စု နှစ်ခုကြာ လစ်ဘရယ်သစ်ရဲ့ သဏ္ဌာန် ( structural ) အပြောင်းအလဲများက စီးပွားရေးဆုံးရှုံးမှုများနဲ့ လူမှုရေးကပ်ဘေးကြီးများကို ဖြစ်ကျန်ရစ်စေခဲ့ပါတယ်။ တတိယကမ္ဘာနိုင်ငံများ ဒုက္ခတွင်းဆုံးကျသွားခြင်းမှ ကယ်တင်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဆုံးဖြတ်ချက်များ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ဒီဘေးအန္တရာယ်ကြီးကို ရင်ဆိုင်ဖို့ရာဟာ တာဝန်သိတတ်တဲ့ နိုင်ငံရေးသမားတိုင်းရဲ့ ဝတ္တရားတရပ် ဖြစ်ပါတယ်။

စီးပွားရေးကျဆုံးမှုဟာ သိသာထင်ရှားနေပါပြီ။ လစ်ဘရယ်ဝါဒသစ် ပေါ်လစီများအောက်မှာ ၁၉၇၅ နဲ့ ၁၉၉၈ အကြားမှာ ကမ္ဘာ့ စီးပွားရေးဟာ တကမ္ဘာလုံးချိတဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒါဟာ ၁၉၄၅ နဲ့ ၁၉၇၅ အကြား ကျင့်သုံးခဲ့တဲ့ ( Keynesian ) ကိန်းပေါ်လစီများအတွင်းက ရရှိခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ တဝက်တောင် မမီခဲ့ပါဘူး။

လစ်ဘရယ်ဝါဒသစ်ကို အကြွင်းမဲ့ လက်ခံကျင့်သုံးလုပ်ဆောင်ခဲ့တဲ့ လက်တင်အမေရိကမှာ လစ်ဘရယ်ဝါဒသစ်အဆင့်မှာ ရရှိခဲ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ ယခင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီအောက်တုန်းက ရရှိခဲ့တဲ့အရာများထက် မမြင့်မားခဲ့ပါဘူး။ ဒုတိယကမ္ဘာစစ်ပြီးချိန်က လက်တင်အမေရိကမှာ ကြွေးမြီမရှိခဲ့ပေမယ့် ယခုအခါမှာတော့ ကျွန်တော်တို့မှာ ဒေါ်လာကုဋေတသိန်း (တစ်ထရီလီယံ) နီးပါး ကြွေးတင်နေပါပြီ။ ဒါဟာ ကမ္ဘာပေါ်မှာ တဦးချင်းနှုန်းနဲ့ကြွေးတင်မှုအမြင့်ဆုံးဖြစ်နေပါတယ်။ ထို့အတူပဲ ဒီဒေသမှာ ဆင်းရဲချမ်းသာကွာခြားမှုဟာလည်း ကမ္ဘာတဝှမ်းလုံးမှာ အမြင့်ဆုံးအကြီးဆုံး ဖြစ်နေပါတယ်။ ယခုအခါ လက်တင်အမေရိကမှာ သမိုင်းတလျှောက်ရှိခဲ့သမျှ အခက်ခဲဆုံးကာလများကထက် ဆင်းရဲတဲ့၊ အလုပ်မဲ့တဲ့၊ ဆာလောင်ငတ်မွတ်နေတဲ့လူတွေ ပိုများနေပါတယ်။

လစ်ဘရယ်ဝါဒသစ်အောက်မှာ ကမ္ဘာ့စီးပွားရေးဟာ ပိုမိုလျင်မြန်စွာ တိုးတက်နေတယ်ဆိုတာ တကယ့်နှုန်းထားများအရ မဟုတ်ပါဘူး။ သို့သော်ပိုမိုရရှိနေတာကတော့ မတည်မငြိမ်ဖြစ်မှုများ၊ ဈေးကစားမှုများ၊ ပြင်ပကြွေးမြီများနဲ့ မညီမျှတဲ့ လဲလှယ်နှုန်းများသာ ဖြစ်ပါတယ်။ ထို့အတူပဲ ဘဏ္ဍာရေးအကျပ်အတည်းများ မကြာခဏကျရောက်မယ့် တိမ်းညွတ်မှုကလည်း ပိုမိုရှိနေပြီး တချိန်တည်းမှာ ဆင်းရဲမွဲတေမှု၊ မညီမမျှဖြစ်မှုနဲ့ ချမ်းသာကြွယ်ဝတဲ့ မြောက်ပိုင်းနိုင်ငံများနဲ့ ပိုင်ဆိုင်မှုမဲ့တဲ့ တောင်ပိုင်းနိုင်ငံများအကြား ကွာဟမှုဟာလည်း

ဆက်လက်ကြီးမား ကျယ်ပြန့်လာနေပါတယ်။

လွန်ခဲ့တဲ့ နှစ် နှစ်အတွင်း ကမ္ဘာ့ စီးပွားရေးပုံစံကို ဖော်ပြရာမှာ အသုံးအများဆုံး စကားလုံးများကတော့ – အကျပ်အတည်း၊ မတည်ငြိမ်မှု၊ ဝရုန်းသုန်းကားဖြစ်မှုနှင့် မသေချာမရေရာမှု ဆိုတဲ့စကားလုံးများသာ ဖြစ်ပါတယ်။ လစ်ဘရယ်ဝါဒသစ်က သယ်ဆောင်လာတဲ့ စည်းစနစ် ဖျက်သိမ်းခြင်းများနှင့် ငွေရင်းငွေနှီး ငွေကြေးများကို ချုပ်ထိန်းမှုမှ လွှတ်ပေးလိုက်ခြင်းများဟာ ကမ္ဘာ့ စီးပွားရေးပုံစံအပေါ် အဆိုးဘက်မှဂယက်များ နက်နက် ရှိုင်းရှိုင်းရိုက်ခတ်စေပြီး ဒီစီးပွားရေးပုံစံအတွင်းမှာ ငွေမာများနဲ့ ဈေးကွက်များအတွင်း ဈေးကစားမှုများကို အကြီးအကျယ် ကြီးထွားပြန့်ပွားစေပြီး နေ့စဉ် ဈေးကစားတဲ့ ငွေကြေးဟာ အမေရိကန်ဒေါ်လာ ကုဋေသုံးသိန်းထက် မလျော့ပါဘူး။

သတင်းအချက်အလက်များအပေါ် ပို၍ ထင်သာမြင်သာ ရှိစေဖို့နဲ့ ဘဏ်ကြီးကြပ်ရေး လုပ်ငန်းများမှာ ပိုမိုထိရောက်စေဖို့ ဆိုတာတွေအတွက် ကျွန်တော်တို့နိုင်ငံတွေဟာ တွန်းအားပေးခြင်း ခံနေရပေမယ့် ငွေထုတ်ချေးတဲ့ ဘဏ္ဍာရေး အဖွဲ့အစည်းကြီးများကတော့ သူတို့လှုပ်ရှားမှုများအပေါ် သတင်းအချက်အလက်များ ထုတ်ပြန်မပေးခြင်း၊ လုံးဝထိန်းချုပ်မပေးခြင်းများအပြင် တောင်ပိုင်းနိုင်ငံများရဲ့ ဘဏ်များမှာ ထားရှိတဲ့အရန်ငွေအားလုံးထက် ကျော်လွန်တဲ့ငွေကြေးနဲ့ လုပ်ငန်းများကိုလုပ်ဆောင်နေကြပါတယ်။

ဇက်လွှတ်ထားတဲ့ ငွေကြေးကစားမှု လေထု အတွင်းမှာ ရေတိုငွေအရင်းအနှီးများရဲ့ လှုပ်ရှားမှုများဟာ တောင်ပိုင်းနိုင်ငံများအတွက် ပြင်ပရှောင်တခင်ကိစ္စများကို မထိန်းနိုင်မသိမ်းနိုင် ဖြစ်စေနိုင်ပါတယ်။ တတိယကမ္ဘာ နိုင်ငံများဟာ ငွေကြေးကစားသူများရဲ့ တိုက်ခိုက်မှုကို ကာကွယ်ဖို့ မျှော်လင့်ပြီး မိမိတို့ရဲ့ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များကို မလွှဲမရှောင်သာ မလှုပ်မရှားထားရပြီး ငွေမာအရန်ငွေများကိုလည်း ကြွေးတင်ခံပြီး ထိန်းထား နေရပါတယ်။ လွန်ခဲ့တဲ့ နှစ်အချို့က ရရှိခဲ့တဲ့ငွေရင်း ဘဏ္ဍာငွေ ၂၀ ရာခိုင်နှုန်းကျော်ကို အရန်ငွေများအဖြစ် အသေထားရှိပေမယ့်လည်း အရှေ့တောင်အာရှမှာ မကြာ ခင်က ဖြစ်ပွားခဲ့တဲ့ ဘဏ္ဍာရေးအကျပ်အတည်းက ဒါဟာ မလုံလောက်ဘူးဆိုတာကို သက်သေပြလိုက်ပါတယ်။

ယခုအခါ ကမ္ဘာ့ဗဟိုဘဏ်များရဲ့ အရန်ငွေမှ အမေရိကန်ဒေါ်လာ ၇၂၇ ဘီလျံ (ကုဋေပေါင်းခုနစ်သောင်း၊ နှစ်ထောင်၊ ခုနစ်ရာ ) ဟာ အမေရိကန်နိုင်ငံမှာပါ။ ဒါက အလွန်ကဏ္ဍကောစ ဖြစ်နေတဲ့ အဆိုတရပ်ကို ပေါ်ထွက်စေပါတယ်။ ဒါကတော့ အလွန်ဆင်းရဲတဲ့ နိုင်ငံများဟာ မိမိအရန်ငွေများကို မိမိတို့စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးမှုများမှာ ပိုမိုကောင်းမွန်အောင် မြှုပ်နှံရမယ့်အစား ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနဲ့ အင်အားအကြီးဆုံး နိုင်ငံကြီးကို ဈေးနှုန်းချိုသာစွာနှင့် ရေရှည်ငွေကြေးထောက်ပံ့ ပေးနေရတယ်ဆိုတာပါပဲ။

တကယ်လို့ ကျူးဘားဟာ အနှစ် ၄၀ ကျော် စီးပွားရေးပိတ်ဆို့မှုကြားက ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာ၊ အားကစားနဲ့ တခြားလုပ်ငန်းများ မှာ အောင်မြင်အောင် ထမ်းဆောင်နိုင်တယ်ဆိုကြပါစို့။ ဒါကိုကမ္ဘာပေါ်က ဘယ်သူမှလည်းမငြင်းနိုင်ပါဘူး။ ဒ့ါအပြင် လွန်ခဲ့တဲ့ ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာနဲ့ သူ့ရဲ့ ငွေကြေးကို ၇ ကြိမ် ပြောင်းလဲ သတ်မှတ်နိုင်ခဲ့မှုများဟာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ဝင် မဟုတ်ခြင်းဆိုတဲ့ အခွင့်ထူးကြီးကြောင့်ပဲလို့ ဆိုပါရစေ။

ဆင်းရဲသားများက ချမ်းသာသူများကို ငွေကြေး ထောက်ပံ့ရတဲ့ ဒီဘဏ္ဍာရေးစနစ်ကြီးကြောင့် ပေါ်ပေါက် နိုင်တဲ့ မတည်မငြိမ်ဖြစ်မှုများဘေးမှ နိုင်ငံများဟာ မိမိကိုယ် မိမိကာကွယ်ဖို့အတွက် အရင်းအမြစ်များ အကြီးအကျယ် လိုအပ်နေပါတယ်။ ဒါပေမဲ့ ကြီးမားများပြားလှတဲ့ ဒီအရင်းအမြစ်များကို ဒီဘဏ္ဍာရေးစနစ်က အတင်း အကျပ် အသေချုပ်ကိုင်ထားတဲ့အတွက် ဒီစနစ်ကိုဖယ်ရှား ပစ်သင့်ပါတယ်။

ဒီတည်ရှိနေတဲ့ ငွေကြေးစနစ်ရဲ့ လက္ခဏာ အမှတ်အသား အဖွဲ့အစည်းကြီးကတော့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ IMF ဖြစ်ပြီး အမေရိကန်ကတော့ ဒီအဖွဲ့အစည်းကြီးရဲ့ ဆုံးဖြတ်ချက်များအပေါ် ဗီတို အာဏာသုံးနိုင်တဲ့နိုင်ငံ ဖြစ်ပါတယ်။

နောက်ဆုံးပေါ်ခဲ့တဲ့ ဘဏ္ဍာရေး အကျပ် အတည်းကြီးနဲ့ ပတ်သက်လို့ပြောရရင် IMF ဟာ အမြော်အမြင်မရှိဘဲ အခြေအနေတွေကို ကိုးရိုးကားရား ကိုင်တွယ်ခဲ့တာကို ပြသနေပါတယ်။ သူက သူ့အခြေခံ အကြောင်းအချက်တွေကို အတင်းအကျပ် လိုက်နာခိုင်းတဲ့ အတွက် အစိုးရများရဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ပေါ်လစီများသွက်ချာပါဒလိုက်သွားပြီး အလွန်ကြီးမားတဲ့ ပြည်တွင်းအန္တရာယ်များကို ဖန်တီးပေးလိုက်ပြီး လိုအပ်တဲ့ အရင်းအမြစ်များ အလိုအပ်ဆုံးအချိန်မှာ မရနိုင်အောင် တားဆီးပစ်လိုက်ပါတယ်။

တတိယကမ္ဘာနိုင်ငံများအဖို့ ကမ္ဘာ့စီးပွား တည်ငြိမ်ရေးကိုလည်း လုပ်မပေးနိုင်၊ မြီစားများကိုလည်း ဘေးအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ပေးနိုင်မယ့် ရန်ပုံငွေများ ထုတ်ပေးနိုင်ခြင်းလည်းမရှိတဲ့ ဒီအဖွဲ့

အစည်းကြီးကို ဖယ်ရှားဖို့ ပြင်းပြင်းထန်ထန် တောင်းဆိုချိန် ရောက်ရှိလာပါပြီ။ ဒီအဖွဲ့အစည်းဟာ မြို့ရှင်ကိုသာ ကယ်တင်ပေးသူ ဖြစ်နေပါတယ်။

တတိယကမ္ဘာက အတိအကျ ပြဿနာ အချို့ကို ဖြေရှင်းဖို့ နိုင်ငံအများအပြားမှာ အသုံးပြုနိုင်မယ့် စီးပွားရေးထိန်းညှိမှု စီမံကိန်းများကို ဝါရှင်တန်မှာရေးဆွဲဖို့ အမေရိကန်ထောက်ခံမှုအပေါ် အားထားနေရတဲ့ အရာရှိကြီးအချို့ကို ခွင့်ပြုခဲ့တဲ့ နိုင်ငံတကာ ငွေကြေးစနစ်ရဲ့ ကျိုးကြောင်းဆင်ခြင်တုံတရားနဲ့ ကျင့်ဝတ်နီတိတွေ ဘယ်ရောက်ကုန်ပြီလဲ။

ဒီထိန်းညှိမှုစီမံကိန်းများက အင်ဒိုနီးရှားနဲ့ အီကွေဒိုလို လူအင်အားနဲ့ သဘာဝအရင်းအမြစ် ကြီးမားလှတဲ့ နိုင်ငံမျိုးတွေကို သွက်ချာပါဒလိုက်စေပြီး မတည်မငြိမ်ဖြစ်စေတဲ့ လူမှုရေးမငြိမ်မသက်မှုများကို ဖြစ်ပေါ်လာစေတဲ့အခါ ဘယ်သူက တာဝန်ယူမှာတုန်း။

ဒီလိုမျိုး အယုတ်တမာ အဖွဲ့အစည်းနဲ့ ၎င်းက ထောက်ခံအားပေးထားတဲ့ ဒဿနများကို ဖယ်ရှားပြီး ဘယ်သူ့မှ ဗီတိုအာဏာမရှိဘဲ ဒီမိုကရေစီအခြေခံပေါ်မှာ လုပ်ဆောင်လှုပ်ရှားတဲ့ နိုင်ငံတကာ့ဘဏ္ဍာရေး ထိန်းညှိတဲ့ အဆောက်အအုံတခုနဲ့ အစားထိုးရေး လုပ်ငန်းကို တတိယ ကမ္ဘာက လုပ်ဆောင်လာရေးဟာ သေရေးရှင်ရေးတမျှ အရေးကြီးလာပါတယ်။ ချမ်းသာတဲ့မြို့ရှင်များကိုသာ ကာကွယ်ပေးတာမလုပ်တဲ့ ဝင်ရောက်စွက်ဖက်တဲ့ အခြေခံအကြောင်းအချက်များ အတင်းအကျပ်လိုက်နာ လုပ်ဆောင်စေခြင်းမပြုပေမယ့် အထိန်းအချုပ်မဲ့ ငွေကစားမှုများကို တားဆီးဖို့အတွက် ဘဏ္ဍာရေး ဈေးကွက်များ ကွပ်ကဲမှုကို လက်ခံလုပ်ဆောင်တဲ့ အဖွဲ့အစည်းမျိုး ဖြစ်ပါတယ်။

ဒီအတွက် ဖြစ်နိုင်ခြေ လမ်းကတော့ မစ္စတာတိုဘင် ( Mr. Tobin ) ထက်မြက်စွာ အဆိုပြုထားခဲ့တဲ့ ငွေကြေးကစားတဲ့ ဘဏ္ဍာရေးဈေးကွက်များအပေါ် အခွန် ၀.၁ ရာခိုင်နှုန်း ကောက်ခံတဲ့စနစ်ထူထောင်ဖို့ မဟုတ်ဘဲ အနိမ့်ဆုံး ၁ ရာခိုင်နှုန်း ကောက်ခံရေး ဖြစ်ပါတယ်။ ဒါမှသာလက်မလွှတ်နိုင်ဖွယ် ရန်ပုံငွေ အကြီးအကျယ် ဖန်တီးရရှိနိုင်ပြီး (နှစ်စဉ်ဒေါ်လာကုဋေ ၁ သိန်းကျော် ) တတိယကမ္ဘာနိုင်ငံများရဲ့ တကယ့်စစ်မှန်တဲ့၊ တည်ငြိမ်တဲ့၊ ပြည့်စုံလုံလောက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ပါလိမ့်မယ်။

မဖွံ့ဖြိုးသေးတဲ့ နိုင်ငံများရဲ့ ကြွေးမြီများဟာ အလွန်အမင်းမြင့်မားမှုကြောင့်သာမက အလွန်အမင်း ဖိနှိပ်သွေးစုပ်မှုနဲ့အတူ ဒါတွေကို ဖြေရှင်းဖို့ ဖွံ့ဖြိုးပြီး နိုင်ငံများက ကမ်းလှမ်းလာတဲ့ အဓိပ္ပာယ်မရှိတဲ့ ရယ်ဖွယ်ပုံစံများကြောင့်လည်း အလွန်အကျွံ အံ့အားသင့်ဖွယ် ဖြစ်ရတာပါ။ အဲဒီကြွေးတွေဟာ ယခုအခါ အမေရိကန်ဒေါ်လာကုဋေ နှစ်သိန်းခွဲကျော်လွန်သွားပြီး ယခုလက်ရှိ ဆယ်စုနှစ်အတွင်းမှာတော့ ၁၉၇၀ စုနှစ်များအတွင်းကထက် အံ့မခန်းတိုးများသွားပါလိမ့်ဦးမယ်။ အဲဒီကြွေးသစ်များရဲ့ အများတကာ့ အများစုကြီးက ဒုတိယဈေးကွက် ( secondary ) များမှာ အလွယ်တကူ လက်ပြောင်းလက်လွှဲ လုပ်နိုင်ပါတယ်။ အခုအခါ ဒါတွေဟာ ပိုမိုကျဲပြန့်နေပြီး ပြန်လည်စီစဉ်ခန့်ခွဲဖို့ ပိုမိုခက်ခဲသွားပါပြီ။

၁၉၈၅ ခုကစလို့ ကျွန်တော်တို့ ပြောခဲ့တာများကိုပဲ တခါထပ်မံပြောပါရစေ။ ဒီကြွေးများဟာ ကန်ထရိုက်ချုပ်ဆိုစဉ်က အချက်အလက်တွေကို ထည့်သွင်းစဉ်းစားခဲ့မယ်ဆိုရင် ကျေသွားတာ ကြာလှနေပါပြီ။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အတွင်း အမေရိကန်ဒေါ်လာအပေါ် အတိုးနှုန်းများ အလွန်မြန်ဆန်စွာနှင့် အဆင်ခြင်မဲ့ ထိုးတက်လာမှုနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အခြေခံဝင်ငွေ ရေသောက်မြစ်ဖြစ်တဲ့ အခြေခံကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းမှုတို့ကို ဆိုလိုပါတယ်။ အတိုးပေးရေးအတွက် ငွေထပ်ချေးရတဲ့ သံသရာကိုလည်းရင်း ကြွေးတွေဆက်လက် တင်ရှိလာနေတာ ဖြစ်ပါတယ်။

ဒီနေ့မှာတော့ ကြွေးမြီပြဿနာဟာ စီးပွားရေး ပြဿနာ မဟုတ်ဘဲ နိုင်ငံရေးပြဿနာဖြစ်တယ်ဆိုတာ ပိုလို့ရှင်းလာနေပါတယ်။ ဒါကြောင့်ပဲ နိုင်ငံရေးအရ ဖြေရှင်းမှုမျိုးကို တောင်းဆိုပါတယ်။ ဒီပြဿနာ ဖြေရှင်းဖို့ ကိစ္စဟာ အရင်းအမြစ်နဲ့ အင်အားရှိသူများ ဆိုလိုတာက ချမ်းသာတဲ့နိုင်ငံများမှ အခြေခံအားဖြင့် စတင်လာရမယ် ဆိုတဲ့အချက်ကို ဆက်လက်လျစ်လျူရှုဖို့ဟာ မဖြစ်နိုင်တော့ပါဘူး။

ကြွေးမြီများအလွန်တင်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံများရဲ့ ကြွေးများလျှော့ချရေးအတွက် လုပ်ဆောင်ချက်များဆိုတဲ့အရာကတော့ နာမည်သာရှည်ပြီး အကျိုးဖြစ်ထွန်းချက်တွေကတော့ နည်းပါးလွန်းလှပါတယ်။ ဒါကတော့ တောင်ပိုင်းနိုင်ငံများရဲ့ စုစုပေါင်းကြွေးမြီတွေရဲ့ ၈.၃ ရာခိုင်နှုန်းလျှော့ချတဲ့ ရယ်ဖွယ်ကြိုးပမ်းချက်ကိုသာ ဖော်ပြနိုင်ပါတယ်။ ဒါပေမဲ့ ဒီစနစ်ကိုဖော်ဆောင်ပြီး လေးနှစ်ကြာပြီးတဲ့အခါ အဆင်းရဲဆုံး သုံးဆယ့်သုံးနိုင်ငံအနက် လေးနိုင်ငံကသာ အလွန်ရှုပ်ထွေးလှတဲ့ "ကြွေးလျှော့ပေါ့ရေး" လုပ်ငန်းလုပ်ဆောင်ပြီး မဆိုစလောက် အမေရိကန်ဒေါ်လာ ၂.၇ ဘီလျံသာ လျှော်ပစ်ခွင့်ရရှိခဲ့တာပါ။ ဒီငွေဟာ အမေရိကန်တို့အဖို့ နှစ်စဉ် အလှပြုပြင်ရေးဆိုင်ရာပစ္စည်း အသုံးစရိတ်ရဲ့ ၃၃ ရာနှုန်းသာ

ဖြစ်ပါတယ်။

ဒီနေ့မှာတော့ ပြင်ပကြွေးမြီဆိုတာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြီးမားဆုံး အနှောက်အယှက် အတားအဆီးကြီး ဖြစ်နေပြီး စီးပွားရေးကပ်ဘေး ဆိုက်ရောက်တဲ့ အချိန်တိုင်းမှာ ကမ္ဘာ့စီးပွားရေးအခြေခံ အဆောက်အအုံကို အလွယ်တကူဖောက်ခွဲပစ်နိုင်တဲ့ ဗုံးတလုံးလည်း ဖြစ်လာနေပါပြီ။

ဒီပြဿနာရဲ့ အရင်းအမြစ်ထိအောင် ဖြေရှင်းနိုင်ဖို့ လိုအပ်တဲ့ အရင်းအမြစ်များဟာ မြီရှင်နိုင်ငံများရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ အကုန်အကျများနဲ့ နှိုင်းစာလျှင် မကြီးမားလှပါဘူး။ စစ်အေးကာလကြီး ပြီးသွားတာတောင် နှစ်စဉ် လက်နက်နဲ့ စစ်တပ်အတွက် အမေရိကန်ဒေါ်လာ ဘီလျံပေါင်းရှစ်ရာ အကုန်အကျ ခံနေချိန်မှာ မူးယစ်ဆေးဝါးများအတွက် ဘီလျံလေးရာထက် မလျော့တဲ့ငွေတွေကို သုံးနေကာ မူးယစ်ဆေးဝါးလိုပဲ နှစ်မြို့ဖွယ်မရှိတဲ့ ကြော်ငြာလုပ်ငန်းအတွက် နောက်ထပ် ဒေါ်လာကုဋေတသိန်း သုံးနေကြပါတယ်။ ဒါကတော့ ဥပမာလေး သုံးခုသာ ပေးတာပါ။

ကျွန်တော်တို့ အရင်ကပြောခဲ့သလိုပါပဲ ရိုးရိုးသားသားနဲ့ ဓမ္မဓိဋ္ဌာန်ကျကျပြောရရင် တတိယကမ္ဘာနိုင်ငံများရဲ့ ပြင်ပကြွေးမြီများဆိုတာဟာ ဆပ်လည်း မဆပ်နိုင်တော့ဘူး၊ ကောက်ခံလို့လည်း ရတော့မှာ မဟုတ်ပါဘူး။

ချမ်းသာတဲ့နိုင်ငံများရဲ့ လက်ထဲမှာတော့ ကမ္ဘာ့စီးပွားရေးဟာ လွှမ်းမိုးရေးအတွက် လက်နက်ကိရိယာတခုဖြစ်ပြီးနေပါပြီ။ လစ်ဘရယ်ဝါဒသစ် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အောက်မှာ ဒီကိရိယာဟာ မညီမျှမှုများကို အမြဲတည်ရှိစေပြီး ထက်မြက်ပြင်းထန်စေတဲ့ အစိတ်အပိုင်းတရပ်အဖြစ် ပိုမိုအသုံးတည့်လာနေပြီး လက်ရှိနဲ့ အနာဂတ်ဈေးကွက်များကို ဖွံ့ဖြိုးပြီးနိုင်ငံများ အပြင်းအထန်လုဖို့အတွက် ဇာတ်ခုံလည်း ဖြစ်လာနေပါတယ်။

လစ်ဘရယ်ဝါဒ ဟောပြောချက်များက ချုပ်ထိန်းမှုမရှိတဲ့ ကုန်သွယ်ရေးဟာ စွမ်းဆောင်နိုင်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးနဲ့တခုတည်းသော ပုံသေနည်းဖြစ်ကြောင်း ထောက်ခံထားပါတယ်။ လိုက်လျောညီစွာပဲ နိုင်ငံအားလုံး ၎င်းတို့ရဲ့ ပြည်တွင်းဈေးကွက်များမှ ကာကွယ်ထားတဲ့ အကာအရံများကို ဖယ်ရှားပေးရမှာဖြစ်ပြီး တိုင်းပြည်အချင်းချင်းအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာခြားချက်များ ( ဘယ်လောက်ပဲကြီးကြီး ) ဟာ တခြားရွေးချယ်စရာ ဘာမှပေးမထားတဲ့ တခုတည်းသောလမ်းက ဖယ်ခွာဖို့ အကြောင်းပြချက် မဖြစ်နိုင်တော့ပါဘူး။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း WTO အတွင်း အပြင်းအထန်စေ့စပ်ပြီးနောက် အဆင်းရဲဆုံးနိုင်ငံများဟာ ဒီအလွန်မတရားတဲ့စနစ်ကို အပြည့်အဝပေါက်ရောက်ဖို့အတွက် အလွန်ကျဉ်းမြောင်းတဲ့ အချိန်ကွာခြားချက်အခွင့်အရေးလေး ရရှိခဲ့ပါတယ်။

လစ်ဘရယ်ဝါဒသစ်က ကုန်သွယ်ရေး တံခါးဖွင့်မှုများက ဖန်တီးလိုက်တဲ့ အခွင့်အလမ်းများအကြောင်း သူ့ရဲ့ဟောပြောချက်များကို ထပ်ချည်းတလဲလဲ ပြောဆိုနေစဉ်မှာ ကမ္ဘာ့ထွက်ကုန်များမှာ ခေတ်နောက်ကျတဲ့ နိုင်ငံများရဲ့ ပါဝင်ပတ်သက်မှုများဟာ ၁၉၉၈ ခုမှာ ၁၉၅၃ ခုနှစ် (ဒါကတော့ လွန်ခဲ့တဲ့ ၄၅ နှစ် ) ကထက် လျော့နည်းနေပါတယ်။ ရေိယာစတုရန်းမိုင် ၃ .၂ သန်း၊ လူဦးရေ ၁၆၈ သန်းရှိတဲ့ ဘရာဇီးနိုင်ငံဟာ ၁၉၉၈ ခုနှစ်မှာ ထွက်ကုန် အမေရိကန်ဒေါ်လာ ၅၁ .၁ ဘီလျံသာ ထုတ်လုပ်နိုင်ခဲ့ပြီး၊ ရေိယာစတုရန်းမိုင် ၁၂,၉၇၈၊ လူဦးရေ ၁၅.၇ သန်းရှိတဲ့ နယ်သာလင်က အဲဒီနှစ်တနှစ်တည်းမှာပဲ ထွက်ကုန် ဒေါ်လာ ၁၉၈ .၇ ဘီလျံ ထုတ်လုပ်ခဲ့တာနဲ့စာရင် အလွန်နည်းနေတာ တွေ့နိုင်ပါတယ်။

ကုန်သွယ်ရေးထိန်းချုပ်မှု လွတ်ကင်းရေး ( Trade liberalization ) ဟာ အနှစ်သာရအားဖြင့် တောင်ပိုင်းနိုင်ငံများရဲ့ အကာအကွယ် အကာအရံများကို တဖက်သတ် ဖယ်ရှားပေးတာသာ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ဖွံ့ဖြိုးပြီးနိုင်ငံများကတော့ သူတို့ဈေးကွက်ထဲ တတိယကမ္ဘာနိုင်ငံက ထုတ်ကုန်များ ဝင်လာနိုင်ရေးအတွက် အလားတူလုပ်ဆောင်ချက်များကို မလုပ်ဆောင်ခဲ့ပါဘူး။

ချမ်းသာတဲ့နိုင်ငံများဟာ ထိန်းချုပ်မှုကင်းလွတ်ရေးကို ရှေ့တန်းရောက်နည်းပညာတွေနဲ့ ပတ်သက်ဆက်စပ်နေတဲ့ သေနင်္ဂဗျူဟာအပိုင်းများမှာသာ ဖွံ့ဖြိုးအောင် အားပေးထောက်ခံပါတယ်။ အဲဒီအပိုင်းတွေမှာ သူတို့မှာ ကြီးမားများပြားလှတဲ့ အားသာချက်များရှိပြီး ထိန်းချုပ်မထားတဲ့ဈေးကွက်များက အားဖြည့်တိုးပွားစေပါတယ်။ ဒါတွေကတော့ ဝန်ဆောင်လုပ်ငန်းများ၊ သတင်းအချက်အလက်နည်းပညာ၊ ဇီဝနည်းပညာနဲ့ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ ဖြစ်ကြပါတယ်။

တခြားဘက်မှာတော့ ကျွန်တော်တို့နိုင်ငံများရဲ့ အထူးအစိတ်အပိုင်းနှစ်ရပ်ဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ အဝတ်အထည်လုပ်ငန်းများမှာတော့ ဥရုဂွေးအစည်းအဝေးတုန်းက သဘောတူညီခဲ့တဲ့ ထိန်းချုပ်မှုများ ဖယ်ရှားရေးကို ယခုထိမလုပ်ရသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် စိတ်ဝင်စားစရာ မဟုတ်လို့ပါပဲ။

အချမ်းသာဆုံးနိုင်ငံများရဲ့ ကလပ်ဖြစ်တဲ့ OECD (စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဖွံ့ဖြိုးရေး အဖွဲ့အစည်း) က ခေတ်နောက်ကျတဲ့ နိုင်ငံများက ထုတ်လုပ်တဲ့ ထွက်ကုန်များအပေါ် စည်းကြပ်တဲ့ အခွန်အတုတ်ဟာ ကလပ်အဖွဲ့ဝင်နိုင်ငံများအပေါ် စည်းကြပ်တာထက် လေးဆမြင့်ပါတယ်။ ဒီလိုနည်းနဲ့ အကောက်ခွန်မဲ့တံတိုင်းရဲ့ တကယ့်နံရံကို တောင်ပိုင်းနိုင်ငံများ ပထားဖို့အတွက် ထောင်ထားလိုက်ပါတော့တယ်။

တချိန်တည်းမှာပဲ နိုင်ငံတကာ့ကုန်သွယ်ရေးမှာ မြောက်ပိုင်းနိုင်ငံများ ဖော်ဆောင်ထားတဲ့ လက်ရွေးစဉ်ကာကွယ်ရေးစနစ်များနဲ့ လိုက်ဖက်ညီတဲ့ အလိမ်အညာအတု၊ အလွန်အကျွံလစ်ဘရယ် ဟောပြောချက်များဟာ နေရာရနေပါတယ်။ အခြေခံကုန်ပစ္စည်းများကတော့ ကမ္ဘာ့ကုန်သွယ်ရေးမှာ အချည့်နဲ့ဆုံးကွင်းဆက် ဖြစ်နေပါသေးတယ်။ တောင်ပိုင်းနိုင်ငံ ၆၇ နိုင်ငံမှာ ဒီလိုမျိုး ကုန်ပစ္စည်းများဟာ သူတို့ထွက်ကုန်တန်ဖိုးရဲ့ ၅၀ ရာခိုင်နှုန်းထက် မလျော့ပါဘူး။

လစ်ဘရယ်ဝါဒသစ်လှိုင်းက အခြေခံ ကုန်ပစ္စည်းများနဲ့ ပတ်သက်တဲ့ ကာကွယ်ရေးစီမံကိန်းတွေကို တိုက်ချပစ်လိုက်ပါတယ်။ ဈေးကွက်နေရာရဲ့ အမြင့်ဆုံးယူဆချက်က ဘယ်အပြောင်းအလဲကိုမှ သည်းညည်းမခံတဲ့ အတွက် မညီမျှတဲ့အလဲအလှယ်များကို ရင်ဆိုင်ဖို့အတွက် လုပ်ထားတဲ့ "အခြေခံကုန်ပစ္စည်းများ သဘောတူညီချက်" နဲ့ တခြားကာကွယ်ရေး ပုံသေနည်းတွေဟာ စွန့်ပစ်ခြင်းခံလိုက်ရပါတယ်။ ဒါကြောင့်ပဲ ဒီနေ့မှာ ဒီလိုမျိုး ကုန်ပစ္စည်းတွေဖြစ်တဲ့ သကြား၊ ကိုးကိုး၊ ကော်ဖီ စတာတွေဟာ ၁၉၆၀ ခုနှစ်များကထက် ဝယ်နိုင်အားဟာ ၂၀ ရာခိုင်နှုန်းသာ ရှိပါတော့တယ်။ အကျိုးဆက်အားဖြင့် ဒါတွေဟာ ထုတ်လုပ်ရေး ကုန်ကျစရိတ်ကိုတောင် မကာမိစေတော့ပါဘူး။

ဆင်းရဲတဲ့နိုင်ငံများကို ခွဲခြားပေးအပ်တဲ့ အထူးပြုမှုချက်များကို တရားမျှတမှုရဲ့ အခြေခံလုပ်ဆောင်ချက်နဲ့ လျစ်လျူမရှုသင့်တဲ့ လိုအပ်ချက်လို့သဘောမထားကြဘဲ ကရုဏာအလှူဒါန ယာယီလုပ်ဆောင်ချက်လို့သာ သဘောထားကြပါတယ်။ တကယ်တော့ ဒီကွဲပြားခြားနားတဲ့ ပြုမှုချက်များဟာ ဆင်းရဲသူနဲ့ချမ်းသာသူကို တပေတံတည်းထား တိုင်းထွာမှုဓလေ့ကို တားဆီးတဲ့ အလွန်ကြီးမားလှတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကွဲပြားခြားနားမှုကို အသိအမှတ်ပြုတာသာမက လျော်ကြေးတောင်းဆိုဖို့လိုအပ်တဲ့ သမိုင်းဝင် ကိုလိုနီအတိတ်ကိုပါ အသိအမှတ်ပြုပါတယ်။ မအောင်မမြင်ဖြစ်သွားရတဲ့ ဆီယက်တဲလ်အစည်းအဝေးက တောင်ပိုင်းနဲ့မြောက်ပိုင်း နှစ်ခုလုံးက နိုင်ငံများက လူထုအမြင်များအရ တိုးပွားလာနေတဲ့ လစ်ဘရယ်ဝါဒသစ်အပေါ် ဆန့်ကျင်မှုများနဲ့ ၎င်းဝါဒကြောင့် ပေါ်ပေါက်ခဲ့ရတဲ့ ပျင်းရိငြီးငွေ့ဖွယ်ရာများကို ပြသလိုက်ပါတယ်။

အမေရိကန်အစိုးရဟာ မိမိဆီမှာ အလွန်မောက်မာတဲ့ ဖိနှိပ်ခွဲခြားတဲ့ "နိုင်ငံခြားကုန်သွယ်ရေး ဥပဒေကြီး" တည်ရှိနေလျက်နဲ့ (မေ့ကောင်းမေ့တာလည်း ဖြစ်နိုင်ပါတယ်) ဆီယက်တဲလ်အစည်းအဝေးမှာ ကုန်သွယ်ရေးဆွေးနွေးပွဲ စားပွဲဝိုင်းအစည်းအဝေးကို ကုန်သွယ်ရေးထိန်းချုပ်မှုလွတ်ရေးအတွက် အဆင့်မြင့်တရပ်အဖြစ် ဆွေးနွေးဖို့ တင်သွင်းပြောဆိုလာပါတယ်။ အဲဒီဥပဒေကြီးထဲမှာ တခြားနိုင်ငံများကို ပိတ်ဆို့ဖို့ ဖိနှိပ်ခွဲခြားမှုများ၊ ခြိမ်းခြောက်မှုများရဲ့ တကယ့်သရုပ်ဖော် "Super - 301" ဆိုတဲ့အပိုဒ်မျိုး ပါရှိပါတယ်။ ပိတ်ဆို့ဖို့အတွက် အကြောင်းပြချက်များကတော့ အမေရိကန်ကုန်ပစ္စည်းများ ကာရံထားမှုတွေကို ဆန့်ကျင်တယ်လို့ ထင်ရတာကနေ အဲဒီအစိုးရက တခြားအစိုးရများအပေါ် လူ့အခွင့်အရေးပြဿနာနဲ့ပတ်သက်ပြီးထားတဲ့ တမင်သက်သက် တဖက်သတ်အပြစ်မြင်တဲ့ အရည်အသွေးများ အထိ ဖြစ်ပါတယ်။

ဆီယက်တဲလ်မှာ လစ်ဘရယ်ဝါဒသစ်ကို ဆန့်ကျင်တော်လှန်မှုတရပ် ပေါ်ထွန်းခဲ့ပါတယ်။ ဒါရဲ့ လောလောလတ်လတ်အကျဆုံး ပေါ်လာတဲ့ အစဉ်အလာကတော့ ရင်းနှီးမြှုပ်နှံမှုအပေါ် ဘက်ပေါင်းစုံ သဘောတူညီချက်ကို အတင်းအကျပ်လုပ်ခိုင်းလာမှုများကို လက်မခံဘဲငြင်းပယ်ရေး ဖြစ်လာပါတော့တယ်။ ဒါက ပြသလိုက်တာကတော့ ကျွန်တော်တို့နိုင်ငံများကို အကြီးအကျယ် ထိခိုက်နစ်နာစေတဲ့ အလွန်မောက်မာတဲ့ ဈေးကွက်အခြေခံဝါဒ (market fundamentalism ) ဟာ သူ့နဲ့ထိုက်တန်တဲ့ ကမ္ဘာရဲ့ငြင်းပယ်မှုကို ပြင်းပြင်းထန်ထန် ရင်ဆိုင်လိုက်ရတယ်ဆိုတာပါပဲ။ အထက်မှာ ဖော်ပြခဲ့တဲ့ စီးပွားရေးကပ်ဘေးများအပြင် တခါတရံ ပေါ်လာတဲ့ ရေနံဈေးမြင့်တက်မှုများကလည်း အဲဒီ အရေးကြီးအရင်းအမြစ်ရဲ့အဓိကတင်သွင်းသူဖြစ်တဲ့ တောင်ပိုင်းနိုင်ငံများအတွင်း အခြေအနေတွေကို သိသာထင်ရှားစွာ ပိုမိုဆိုးဝါးစေပါတယ်။ တတိယကမ္ဘာနိုင်ငံများက ကမ္ဘာတဝှမ်း ကူးသန်းရောင်းဝယ်တဲ့ရေနံရဲ့ ၈၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးပြီး အဲဒီအထဲကရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ တင်ပို့လိုက်ရတာ ဖြစ်ပါတယ်။

ချမ်းသာကြွယ်ဝတဲ့ နိုင်ငံများဟာ အလွန်

ဇိမ်ခံတဲ့စားသုံးမှုနဲ့ သုံးစွဲမှုအဆင့်အတန်းကို ထိန်းထားပြီး ပတ်ဝန်းကျင်ကို ဖျက်ဆီးဖို့အတွက် သုံးချင်တိုင်းသုံး၊ ဖြုန်းချင်တိုင်းဖြုန်းတဲ့ စွမ်းအင်အတွက် ဘယ်ဈေးနှုန်းကို မဆိုပေးဖို့ တတ်နိုင်ကြပါတယ်။ အမေရိကန်ရဲ့ ရေနံသုံးစွဲမှုဟာ တဦးကို ၈.၁ တန် ဖြစ်ချိန်မှာ တတိယကမ္ဘာနိုင်ငံများမှာတော့ ပျမ်းမျှ ၀.၈ တန်သာ သုံးစွဲနိုင်ပြီး အဆင်းရဲဆုံးနိုင်ငံများကတော့ ၀.၃ သာ သုံးနိုင်ကြပါတယ်။ ရုတ်တရက် ရေနံဈေးနှုန်းတစည်ကို ၁၂ ဒေါ်လာကနေ ၃၀ ဒေါ်လာကို တက်သွားတဲ့အခါ တတိယကမ္ဘာနိုင်ငံများအတွက် အလွန့်အလွန် ဒုက္ခရောက်ကုန်ကြပါတယ်။ ဒါ့အပြင် ပြင်ပကြွေးမြီများ၊ သူတို့ရဲ့ အခြေခံစားသောက်ကုန် ပစ္စည်းများရဲ့ နိမ့်ကျလှတဲ့ဈေးနှုန်း၊ ဘဏ္ဍာရေးအကျပ်အတည်းနဲ့ မညီမျှတဲ့ ရည်ညွှန်းချက်များအားလုံးက သူတို့အပေါ် အလွန်လေးလံစွာ ဖိစီးထားပါတယ်။ ယခုအခါ ညီနောင်တောင်ပိုင်းနိုင်ငံများအကြားမှာ ဒီလိုမျိုးဒုက္ခသုက္ခများ အသစ်ဖိစီးလာတဲ့ အခြေအနေများကို သိမြင်လာနေရပါတယ်။

ခေတ်ဆီဆိုတာဟာ ဈေးကွက်ဥပဒေများမှ တကယ်လွတ်မြောက်တဲ့ တကမ္ဘာလုံးကလိုအပ်တဲ့ အရေးကြီးအချက်အချာ ကုန်ပစ္စည်းတရပ်ပါ။ နိုင်ငံလွန်ကော်ပိုရေးရှင်းကြီးများ သို့မဟုတ် မိမိတို့အကျိုးစီးပွားကို ကာကွယ်ဖို့ ကိုယ့်အချင်းချင်းကြား စုဝေးပေါင်းစည်းထားတဲ့ တတိယကမ္ဘာမှ ရေနံတင်ပို့တဲ့နိုင်ငံများဟာ တနည်းမဟုတ်တနည်း ဒီဈေးနှုန်းကို အမြဲဆုံးဖြတ်နိုင်ပါတယ်။

နိမ့်ကျတဲ့ဈေးနှုန်းများဟာ အများအားဖြင့် ချမ်းသာတဲ့နိုင်ငံများကိုသာ အကျိုးရှိစေပါတယ်။ သူတို့ဟာ လောင်စာဆီအများအပြားကို ဖြုန်းတီးပစ်ပြီး နေရာသစ်များ ရှာဖွေရေးနဲ့ အသုံးချရေးမှာလည်း တားဆီးဟန့်တားတဲ့အပြင် သုံးစွဲမှုကို လျော့နည်းစေပြီး ပတ်ဝန်းကျင်ကို ကာကွယ်ပေးတဲ့နည်းပညာများ ဖွံ့ဖြိုးရေးမှာလည်း တားဆီးထားကြပါတယ်။ ဒါတွေက တတိယကမ္ဘာမှ တင်ပို့သူများကို ထိခိုက်စေပါတယ်။ တခြားဘက်မှာလည်း မြင့်မားတဲ့ဈေးနှုန်းများဟာ တင်ပို့သူများကို အကျိုးကျေးဇူးရှိစေပြီး ချမ်းသာသူများက အလွယ်တကူကိုင်တွယ်လုပ်နိုင်ပေမယ့် သူတို့တတွေဟာ အလွန်အန္တရာယ်ကြီးပြီး ကျွန်တော်တို့ကမ္ဘာရဲ့ ကြီးမားတဲ့အစိတ်အပိုင်းရဲ့ စီးပွားရေးကို ဖျက်ဆီးပစ်လိုက်နိုင်ပါတယ်။

ဒါဟာအလွန်ကောင်းတဲ့ ဥပမာတခုပါ။ ဒါကဘာကိုပြသလဲဆိုရင် ဖွံ့ဖြိုးတိုးတက်မှုကွဲပြားတဲ့ အဆင့်အသီးသီးက နိုင်ငံတွေကို ကွဲပြားခြားနားတဲ့မှုများကျင့်သုံးဖို့ရာဟာ ကမ္ဘာ့ကုန်သွယ်ရေးရဲ့ ရှောင်လွှဲမရတဲ့ တရားမျှတမှုမှုဖြစ်တယ် ဆိုတာပါပဲ။ တဦးချင်း ဂျီဒီပီ ( GDP ) ၈၄ ဒေါ်လာသာရှိတဲ့ မိုဇမ်ဘစ်လိုဆင်းရဲတဲ့ တတိယကမ္ဘာနိုင်ငံက ဒီလိုမျိုးအရေးကြီးတဲ့ ကုန်ပစ္စည်းအတွက် တဦးချင်းဂျီဒီပီ ၄၃,၄၀၀ ဒေါ်လာရှိတဲ့ ဆွစ်ဇာလန်နိုင်ငံနဲ့တန်းတူ ဈေးနှုန်းပေးချေရတာဟာ လုံးဝကို မတရားပါဘူး။ ဒါဟာ တဦးချင်း ဂျီဒီပီအရဆိုရင် မိုဇမ်ဘစ်ထက် အဆပေါင်း ၅၁၆ ဆ မြင့်နေပါတယ်။

လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က ဗင်နီဇွဲလားနဲ့ မက္ကဆီကိုတို့က ဒီဒေသတွင်းက ရေနံတင်သွင်းတဲ့ နိုင်ငံငယ်လေးများနဲ့အတူ သဘောတူညီရေးဆွဲခဲ့တဲ့ စန်ဂျိုစာချုပ် ( San Jose Pact ) ဒီတူညီတဲ့ အခြေအနေအောက်က တတိယကမ္ဘာနိုင်ငံတိုင်းရဲ့ ထူးခြားတဲ့ အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ဘာတွေလုပ်နိုင်တယ်၊ ဘာတွေလုပ်သင့်တယ်ဆိုတာကို ဖော်ပြထားတဲ့ ကောင်းတဲ့အစဉ်အလာတခုကို လုပ်ဆောင်ခဲ့ပေမယ့် ဒီတကြိမ်မှာတော့ သူတို့ရရှိသင့်တဲ့ ကွဲပြားခြားနားတဲ့ ပြုမူချက်များနဲ့ ဆက်စပ်နေတဲ့ အချက်အလက်များကို ရှောင်လွှဲထားပါတယ်။

တချို့နိုင်ငံတွေဟာ တစည်ကို အမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာထက် ပိုမပေးနိုင်ဘဲ၊ တချို့နိုင်ငံတွေကတော့ ၁၅ ဒေါ်လာ ထက် ပိုမပေးနိုင်ပါဘူး။ ဘယ်နိုင်ငံမှ ဒေါ်လာ ၂၀ ထက် ပိုမပေးနိုင်ပါဘူး။

သို့သော်လည်း သုံးစွဲမှုဘက်မှာ အလွန်အားသန်တဲ့ ချမ်းသာတဲ့ကမ္ဘာခြမ်းမှာတော့ တစည်ကိုဒေါ်လာ ၃၀ ကျော်လည်း ပေးနိုင်ပြီး ဘာမှထိခိုက်မှု မရှိနိုင်ပါဘူး။ သူတို့ဟာ တတိယကမ္ဘာနိုင်ငံထွက်ကုန်များရဲ့ ၈၀ ရာခိုင်နှုန်းကို သုံးစွဲစားသုံးနေတဲ့အတွက် အမေရိကန်ဒေါ်လာ ၂၀ ထက်နိမ့်တဲ့ ဈေးနှုန်းအတွက် ကျန်နိုင်ငံများအပေါ် အလွယ်တကူလျှော်ပေးနိုင်ပါတယ်။

ဒါဟာ တောင်ပိုင်းနိုင်ငံများအကြား ပူးတွဲလုပ်ဆောင်ရေး ( South - South Cooperation ) ကို တတိယကမ္ဘာနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားကြီးမားတဲ့ ကိရိယာတခုအဖြစ် ပြောင်းလဲရေးအတွက် အလွန်ထိရောက်ထင်ရှားတဲ့ နည်းလမ်းတရပ်ဖြစ်ပါတယ်။ တခြားလမ်းလိုက်ရင်တော့ ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်ပါလိမ့်မယ်။

အသိပညာဗဟုသုတဟာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သော့ချက်ဖြစ်နေတဲ့၊ တကမ္ဘာလုံးလွှမ်းခြုံထားတဲ့ ကမ္ဘာကြီးမှာ မြောက်ပိုင်းနိုင်ငံနဲ့ တောင်ပိုင်းနိုင်ငံအကြား နည်းပညာပိုင်းဆိုင်ရာ ကွာဟမှုဟာ သိပ္ပံပညာသုတေသနလုပ်ငန်းနဲ့ ၎င်းရဲ့အကျိုးရရှိချက်များအပေါ် ပုဂ္ဂလိကပိုင်လုပ်ငန်းများဖြစ်လာမှု ပိုမိုများပြားလာခြင်း

ကြောင့် ပိုပိုကွာဟလာနေပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းပဲရှိတဲ့ ဖွံ့ဖြိုးပြီး နိုင်ငံများမှာ ယခုအခါ အင်တာနက်သုံးစွဲသူအားလုံးရဲ့ ၈၈ ရာခိုင်နှုန်း စုပြုံနေပါတယ်။ အမေရိကန်တနိုင်ငံတည်း မှာတင်ရှိတဲ့ ကွန်ပျူတာအလုံးပေါင်းဟာ ကျန်တကမ္ဘာလုံး မှာရှိတဲ့ အရေအတွက်ထက် များပါတယ်။ ဒီနိုင်ငံကြီးတွေ ဟာ ကမ္ဘာပေါ်ရှိ မူပိုင်ခွင့် ( Patent ) မှတ်ပုံတင် ၉၇ ရာခိုင်နှုန်းကို ထိန်းချုပ်ထားပြီး နိုင်ငံတကာသုံးစွဲခွင့်လိုင်စင် ၉၀ ကျော်ကို ရရှိထားတာပါ။ တချိန်တည်းမှာတော့ တောင်ပိုင်းနိုင်ငံတွေအများအပြားမှာ အသိပညာပိုင်ဆိုင်မှု အခွင့်အရေး ( the right to intellectual property ) ကို အသုံးချနိုင်ခွင့်ဆိုတာ မတည်ရှိပါဘူး။

တသီးပုဂ္ဂလိက သုတေသနလုပ်ငန်းများမှာ အမြတ်အစွန်းပြဿနာဟာ လိုအပ်မှုထက် ဦးစားပေး ဖြစ်နေပါပြီ။ အသိပညာပိုင်ဆိုင်မှု အခွင့်အရေးများက ခေတ်နောက်ကျတဲ့ နိုင်ငံများအဖို့ အသိပညာ ဗဟုသုတများ လက်လှမ်းမမီနိုင်အောင် ဖြစ်စေပြန်ပါတယ်။ ပေတင့်မှတ်ပုံတင်ဥပဒေများက တောင်ပိုင်းနိုင်ငံများ အတွက် အလွန့်အလွန်အရေးကြီးတဲ့ နည်းပညာ ကျွမ်းကျင်မှု လွှဲပြောင်းပေးရေး သို့မဟုတ် အစဉ်အလာ ပိုင်ဆိုင်မှုအခွင့်အရေးများ ( Traditional property rights ) ကို အသိအမှတ်မပြုပါဘူး။ တသီးပုဂ္ဂလိက သုတေသနလုပ်ငန်းများဟာ ချမ်းသာတဲ့စားသုံးသူများရဲ့ လိုအပ်မှုကိုသာ အာရုံစိုက်ကြပါတယ်။

ကာကွယ်ဆေးများဟာ တခါသုံးရုံစားရုံနဲ့ ရောဂါကိုကာကွယ်ပေးနိုင်တဲ့အတွက် ကျန်းမာရေးစရိတ် ကျဉ်းအောင်လုပ်နိုင်တဲ့ အလွန်ထိရောက်တဲ့နည်းပညာရပ် ဖြစ်ပါတယ်။ သို့သော်လည်း သူတို့ဟာ အမြတ်အစွန်း နည်းပါးတဲ့အတွက် ဘေးဖယ်ထားခြင်းခံရပြီး အမြတ် များများရတဲ့ ခဏခဏစားသုံးရတဲ့ ဆေးမျိုးကိုသာ ဦးစားပေး ထုတ်လုပ်ကြပါတယ်။

ဆေးဝါးသစ်များ၊ မျိုးစေ့အကောင်းဆုံးများနဲ့ ယေဘုယျအားဖြင့် အကောင်းဆုံးနည်းပညာများဟာ ချမ်းသာတဲ့နိုင်ငံများကသာ ဝယ်ယူနိုင်တဲ့ဈေးနှုန်းရှိတဲ့ ကုန်ပစ္စည်းများ ဖြစ်လာနေပါပြီ။

ဒီလစ်ဘရယ်ဝါဒသစ် ပြိုင်ပွဲကြီးရဲ့ မဲမှောင်လှတဲ့ လူမှုရေးဖြစ်ထွန်းချက်ဟာ ကပ်ဘေးဒုက္ခကြီးဆိုတာကို မြင်နေရပါပြီ။ နိုင်ငံပေါင်းတရာကျော်မှာ တဦးချင်းဝင်ငွေ ဟာ လွန်ခဲ့တဲ့ ၁၅ နှစ်ကထက် နိမ့်ကျနေပါပြီ။ ယခု အချိန်မှာတော့ လူပေါင်းသန်းပေါင်း ၁.၆ ထောင် (၁.၆ ဘီလျံ ) ဟာ ၁၉၈၀ ခုနှစ် အစပိုင်းကာလများတုန်းကထက် ပိုမိုဆိုးဝါးနိမ့်ကျနေကြပါပြီ။

သန်းပေါင်း ၈၂၀ ကျော်ဟာ အစာအဟာရ မလုံလောက်ဘဲ အဲဒီထဲကသန်းပေါင်း ၇၉၀ ဟာ တတိယ ကမ္ဘာမှာ နေထိုင်နေကြတာပါ။ ဒီနေ့တောင်ပိုင်းနိုင်ငံများက လူပေါင်း ၅၀၇ သန်းဟာ သူတို့ရဲ့အသက် ၄၀ ပြည့် မွေးနေ့ကို တွေ့နိုင်မှာမဟုတ်ဘူးလို့ ခန့်မှန်းထားပါတယ်။

ဒီမှာကိုယ်စားပြု တက်ရောက်နေကြတဲ့ တတိယကမ္ဘာနိုင်ငံများမှာ ကလေးငါးယောက်တိုင်းမှာ နှစ်ယောက်ဟာ ကြီးထွားမှုနှောင့်နှေးနေရပြီး၊ ကလေး သုံးယောက်တိုင်းမှာ တယောက်ဟာ ကိုယ်အလေးချိန် မပြည့်ဝပါဘူး။ ကယ်တင်နိုင်တဲ့ လူပေါင်းသုံးသောင်းဟာ နေ့စဉ်သေဆုံးနေပါတယ်။ မိန်းကလေးနှစ်သန်းဟာ အတင်းအကျပ် ပြည့်တန်ဆာလုပ်ငန်းသို့ သွတ်သွင်းခြင်း ခံနေရပါတယ်။ ကလေးပေါင်း ၁၃၀ သန်းဟာ အခြေခံ ပညာရေးကို လက်လှမ်းမမီပါဘူး။ အသက် ၁၅ နှစ်အောက် လူငယ် သန်း ၂၅၀ ဟာ မိမိအသက်ရှင်ရေးအတွက် အလုပ်လုပ်ကိုင်နေကြရပါတယ်။

ကမ္ဘာ့စီးပွားရေးပုံစံဟာ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းအတွက် လုပ်ဆောင်ပေးပေမယ့် ကျန် ၈၀ ရာခိုင်နှုန်းကိုတော့ အောက်ကျနောက်ကျ ဖြစ်စေလိုက် ပါတယ်။

ကျွန်တော်တို့တတွေ နောက်ရာစုနှစ်သစ်ထဲကို ခေတ်နောက်ကျတဲ့၊ ဆင်းရဲတဲ့ သွေးစုပ်ခံ နောက်ပိုင်း အစောင့်တပ် အရန်တပ်များအဖြစ် ဝင်ရေးကိုတော့ ရှင်းရှင်းပဲ လက်မခံနိုင်ပါဘူး။ အသိပညာဗဟုသုတများနဲ့ လက်လှမ်းမမီအောင် တားဆီးထားခံရတဲ့ နိုင်ငံခြား ကြောက်ရွံ့တဲ့ဝါဒ ( xenophobia ) နဲ့ လူမျိုးခွဲခြားရေးဝါဒ ( racism ) ရဲ့ သားကောင်များဖြစ်နေရပြီး၊ သတင်း မီဒီယာများရဲ့ ကမ္ဘာအနှံ့ဝါဒဖြန့်ထားတဲ့ နိုင်ငံရပ်ခြား စားသုံးမှု၊ သုံးစွဲမှုထက်သန်တဲ့ သတင်းပို့ချက်များကြောင့် ကျွန်တော်တို့ ယဉ်ကျေးမှုဟာလည်း စိမ်းကားသွေဖီခြင်း ခံနေရပါတယ်။

ဂျီ ၇၇ နိုင်ငံအုပ်စုအတွက်တော့ ဖွံ့ဖြိုးပြီး နိုင်ငံများကို အသနားခံဖို့ သို့မဟုတ် အညံ့ခံဖို့ လက်နက်ချဖို့ အချိန်မဟုတ်သလို ကိုယ့်အချင်းချင်းကြား ကွဲပြားခြားနား တိုက်ခိုက်ဖို့အချိန်လည်း မဟုတ်ပါဘူး။ ဒီအချိန်ဟာ ကျွန်တော်တို့ရဲ့ တိုက်ခိုက်ရေးစိတ်ဓာတ်၊ ကျွန်တော်တို့ရဲ့ သွေးစည်းညီညွတ်ရေးကို ကယ်တင်ပြီး ကျွန်တော်တို့ရဲ့ တောင်းဆိုမှုများကို ကာကွယ်ဖို့အတွက် ရင်ချင်းအပ် ကျောချင်းကပ်ရပါမယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ တုန်းက တနေ့မှာ ဖွံ့ဖြိုးပြီးနိုင်ငံနဲ့ ခေတ်နောက်ကျတဲ့နိုင်ငံ ကွာဟမှုဆိုတာ မရှိစေရပါဘူးလို့ ကျွန်တော်တို့ကို ကတိပေးခဲ့ကြပါတယ်။

ကျွန်တော်တို့ကို ပေါင်မုန့်နဲ့တရားမျှတမှု ရရပါစေမယ်လို့ ကတိပေးခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီနေ့မှာတော့ ပေါင်မုန့်ရတာ နည်းနည်းလာပြီး – မတရားမှုများကတော့ များများလာနေပါတယ်။

လစ်ဘရယ်ဝါဒသစ် အုပ်ချုပ်မှုအောက်မှာ ကမ္ဘာကြီးဟာ ကမ္ဘာ့အသွင်ဆောင်လာနိုင်ပေမယ့် ပေါင်မုန့်နဲ့တရားမျှတမှုကို လိုလားဆာလောင်နေတဲ့ လူသန်းပေါင်းထောင်ကျော်ကို အုပ်ချုပ်နိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

အာဖရိကဒေသတခုလုံးက နေခြစ်ခြစ်တောက်အောက်က၊ မိုးခေါင်မှုအောက်က၊ တခြားဘေးဒုက္ခများအောက်က မိခင်နဲ့ကလေးများရဲ့ ခေတ်ပုံများက ကျွန်တော်တို့ကို နာဇီဂျာမဏီရဲ့ ဒုက္ခသည်စခန်းများကို ပြန်ပြောင်းသတိရစေပါတယ်။ ဒါတွေက အလောင်းတွေ တောင်ပုံရာပုံ ပုံနေမှု၊ လူကြီး– ကလေး အရိုးပေါ်အရေတင် ကမ္ဘာ့ဌာန်းရုပ် ပေါက်နေရမှုစတာတွေကို ပြန်ပြောင်းသတိရစေပါတယ်။

ကျွန်တော်တို့အပေါ် အတင်းအကျပ်တင်သွင်းပေးလိုက်တဲ့ စီးပွားရေးပုံစံကို တရားစီရင်ဖို့အတွက် နျူရင်ဘတ်နောက်တခု ထပ်လိုအပ်နေပါပြီ။ သတ်ဖြတ်မှုဟာ အတူတူပါပဲ။ ဆာလောင်ငတ်ပြတ်မှုမှသော်လည်းကောင်း၊ ကာကွယ်တားဆီးနိုင် ကုသနိုင်တဲ့ ရောဂါများမှသော်လည်းကောင်း၊ မိန်းမ ယောကျ်ားကလေးများ သေကျေနေရတာဟာ ၃ နှစ်အတွင်း သေသူဦးရေဟာ ဒုတိယကမ္ဘာစစ် ၆ နှစ်အတွင်း သေသူများထက် များပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာ ကျွန်တော်တို့ ဒီနေရာမှာ ဆွေးနွေးသင့်ကြပါတယ်။

ကျူးဘားမှာ ကျွန်တော်တို့ ဆိုလေ့ဆိုထရှိတဲ့ စကားတခွန်းကတော့ “အမိမြေ သို့မဟုတ် သေဆုံးခြင်း” ဆိုတာပါပဲ။

အခုတတိယကမ္ဘာနိုင်ငံများရဲ့ ထိပ်သီးဆွေးနွေးပွဲမှာတော့ “ကျွန်တော်တို့တတွေ စည်းလုံးညီညွတ်ပြီး နီးကပ်တဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ချင်ဖော်ဆောင် သို့မဟုတ် ကျွန်တော်တို့ သေကြဖို့ပါပဲ” လို့ ပြောရလိမ့်မယ် ထင်ပါတယ်။

ကျေးဇူးအများကြီးတင်ပါတယ်။

( Monthly Review. July, August. 2000 မှ )

# နိုင်ငံတကာရေးရာဆုံးဖြတ်ချက်

# နယ်ချဲ့စနစ်သစ်ကို ခုခံတွန်းလှန်ခြင်း

ကွဲပြားနေသောကမ္ဘာ

ကုလသမဂ္ဂကိန်းဂဏန်းတွေအရ ၁၉၉၅ ခုနှစ်နဲ့ ၁၉၉၉ ခုနှစ်အကြားမှာ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ် ၃၆၀ ရဲ့ စုစုပေါင်းဝင်ငွေဟာ ကမ္ဘာ့အဆင်းရဲဆုံးသန်း ၃၀၀၀ ရဲ့ ဝင်ငွေထက် ပိုများနေတာကို တွေ့ရပါတယ်။ တနေ့ဝင်ငွေ ၅၀ ပဲနိကျော်ကျော်လေးနဲ့ နေထိုင်နေရသူ ဦးရေကတော့ မပြောင်းလဲဘဲ ၁.၃ ဘီလျံပဲ ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ အချမ်းသာဆုံး ၂၀ % နဲ့ အဆင်းရဲဆုံးအကြား ကွာဟမှုဟာ ၁၉၆၉ ခုနှစ်တုန်းက ၃၀း၁ ဖြစ်ပြီး၊ ၁၉၉၀ခုနှစ်မှာတော့ ၆၀း၁ ဖြစ်လာတယ်။ ဒီနေ့မှာတော့ ၇၄း၁ ဖြစ်ပြီး ဆက်လဲ ကြီးထွားနေပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၂၀ % ရှိတဲ့ အချမ်းသာဆုံးတွေဟာ ကမ္ဘာ့ဥစ္စာခနေရဲ့ ၈၅ % ကို ပိုင်ဆိုင်ကြပါတယ်။ အဆင်းရဲဆုံး ၂၀ % ကတော့ ၁.၄ % ကိုပဲ ပိုင်ဆိုင်ကြပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၃၀ တုန်းကတော့ ၂.၄ % ပိုင်ဆိုင်ခဲ့ကြတယ်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကြီး ( ILO ) ရဲ့ ခန့်မှန်းချက်အရ ရေရှည်ကြီးမားတဲ့ အလုပ်လက်မဲ့ဖြစ်မှုနဲ့ အချိန်ပြည့်ပုံမှန် အလုပ်အကိုင် မရှိမှုတွေက အလုပ်သမားသန်း ၈၂၀ ကို ထိခိုက်စေလျက် ရှိတယ်။ ရေရှည်အဟာရချို့တဲ့မှုဒဏ်ကို ခံစားနေကြရတဲ့ ကိန်းဂဏန်းဟာလည်း အလားတူမျှ ရှိပါတယ်။

ဒီလို အခြေအနေတွေအောက်မှာ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး၊ လူသားတွေရဲ့ လိုအပ်မှုကို ဖြည့်ဆည်းပေးမယ့် မျှတပြီး ရေရှည်ခံမယ့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနဲ့ စုပေါင်းပြီးဖြစ်စေ၊ တဦးချင်းဖြစ်စေ လူသားတွေရဲ့ အပြည့်ဝဆုံး ဖွံ့ဖြိုးတိုးတက်မှုတို့ဟာ ဒီ “ ကမ္ဘာ့စနစ်သစ် ” နဲ့ ဘယ်လိုမှ သဟဇာတဖြစ်နိုင်မှာ မဟုတ်ပါ။

သတင်းအချက်အလက်တော်လှန်ရေး

အရင်းရှင်စနစ်ဟာ ရပ်ဝေးဆက်သွယ်ရေးနဲ့ ကွန်ပျူတာနည်းပညာတို့ရဲ့ တွန်းအားတွေရှိတဲ့ သိပ္ပံနဲ့နည်းပညာ တော်လှန်ရေးအတွင်းမှာ အဓိက အဆင့်သစ်တရပ်ကို ဖြတ်သန်းနေပါတယ်။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်အတွင်း အင်တာနက် အလွန်အမင်း ကြီးထွားလာမှုဟာ ဥပမာတခု ဖြစ်ပါတယ်။ နည်းပညာ ရှေ့တိုးတက်မှုဟာ ကိန်းဂဏန်းခြေ ( digital )၊ ကေဘယ်လ်ကြိုးနဲ့ ဂြိုဟ်တုနည်းပညာတွေနဲ့ အရှိန်အဟုန် ကောင်းနေတယ်။

ဒီတော်လှန်ရေးကြီးက လူသားယဉ်ကျေးမှုတွေ တိုးတက်ကြွယ်ဝလာစေဖို့အတွက် အလွန်များပြားတဲ့ ဖြစ်နိုင်ခြေတွေ ဖွင့်လှစ်ပေးနေပါတယ်။ ဒါပေမဲ့ အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ စာမတတ်မှုနှုန်းဟာ ၆၀ % ရှိနေတုန်း ဖြစ်ပါတယ်။ ရပ်ဝေးဆက်သွယ်ရေးဆိုင်ရာမှာတော့ ကမ္ဘာ့စုစုပေါင်း တယ်လီဖုန်းလိုင်းတွေရဲ့ ၇၅ % ဟာ ဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံတွေမှာရှိပြီး ကမ္ဘာ့လူဦးရေတဝက်ဟာ တယ်လီဖုန်းကို သုံးတောင်မသုံးဖူးကြပါဘူး။

မိုက်ခရိုဆော့ဖ်လို ရောမကွန်ပျူတာ လက်ဝါးကြီးအုပ် ကုမ္ပဏီကြီးတွေ ပေါ်ထွက်လာပြီး အီလက်ထရွန်နစ် ဆက်သွယ်ရေးနဲ့ အပျော့ထည် ဈေးကွက်တွေကို စိုးမိုးခြယ်လှယ်ဖို့ ကြိုးစားနေကြပါတယ်။ အမျိုးစုံလှတဲ့ အခြားသောဒေသဆိုင်ရာနဲ့ အမျိုးသားယဉ်ကျေးမှုတွေ နစ်နာထိခိုက်စေခြင်းဖြင့် မြောက်အမေရိက / အင်္ဂလိပ်ဘာသာစကား လွှမ်းမိုးမှုဟာ ပိုပိုပြီး တောင့်တင်းအားကောင်းလာနေတယ်။ လူထုဆက်သွယ်ရေး ကြားခံနယ် ( media ) မှာတော့ CNN နဲ့ မားဒေါ့တို့လို နိုင်ငံလွှန် မဟာကော်ပိုရေးရှင်းတွေဟာ

သဘောတရားရေးစံတွေ ချမှတ်ပေးနေတယ်။ ယူဂိုဆလပ် လူထုဆက်သွယ်ရေးကြားခံ အဆောက်အအုံ ပစ္စည်းတွေကို ဖုံးကြဲခြင်းနဲ့ ဆင်ဆာဖြတ်တောက်မှုကို တိုက်ပွဲဆင်ရေး ဆိုတဲ့ အကြောင်းပြချက်နဲ့ အနောက်တိုင်း သတင်း အစီအစဉ်တွေ ထုတ်လွှင့်ရေးကို အတင်းလုပ်ဆောင်ခိုင်းဖို့ ကြိုးပမ်းမှုတွေဟာ အလွန်ထူးကဲလှတဲ့ နမူနာတွေပဲ ဖြစ်ပါတယ်။ လူထုဆက်သွယ်ရေးကြားခံနဲ့ ရပ်ဝေး ဆက်သွယ်ရေး နယ်ပယ်အားလုံးမှာ ပုဂ္ဂလိကပိုင်ဖြစ်ရေး အတွက် အလျင်အမြန် လှုပ်ရှားနေမှုတွေဟာ နည်းပညာတော်လှန်ရေးကို အသုံးပြုနိုင်သူတွေနဲ့ နည်းပညာတော်လှန်ရေးမှ တံခါးပိတ်ခံရပြီး ပထုတ်ခံရသူတွေအကြား ကွာဟမှုကို ပိုပြီးကြီးထွားစေမှာ ဖြစ်ပါတယ်။ ။

( ၂၀၀၀ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ဗြိတိန်ကွန်မြူနစ်ပါတီရဲ့ ( ၄၅ ) ကြိမ်မြောက် ကွန်ဂရက်မှာ ချမှတ်ခဲ့တဲ့ ‘ နိုင်ငံတကာရေးရာ ဆုံးဖြတ်ချက် ’မှ ကောက်နုတ်ဘာသာပြန်ထားတာ ဖြစ်ပါတယ်။ )

# ဒီမိုကရေစီ ကပ်ဆိုက်နေတဲ့

# လက်တင်အမေရိကတိုက်

*၁၀၊ ၁၂၊ ၂၀၀၀။ နေ့ထုတ် "အာဂျင်တိုင် ကြွေးကြော်သံ သတင်းစာ" ဆောင်းပါး*

ခုတလော လက်တင်အမေရိက နိုင်ငံရေး လောကထဲမှာ ဆယ်နှစ်အတွင်း မှတ်တမ်းတွေ မမှန်တော့ဘူးလို့ ဆိုတယ်။ အခြေအနေ ဆိုးဝါးပြီး လူတိုင်း လိုလို စိတ်ပျက်နေကြတယ်။ တချို့အကောင်းမြင်ဝါဒီတွေ ကတောင် "တောင်ပိုင်းချွန်ထွက်ဒေသ" က နိုင်ငံတွေ သမ္မတအပြောင်းအလဲ ဖြစ်တာတွေ၊ မက္ကဆီကိုက စနစ်တော်လှန်ရေးပါတီ အရေးနိမ့်သွားရတာတွေ၊ ပုပ်သိုးဆွေးမြေ့မှုနဲ့ စနစ်ကပ်ဆိုက်မှုဖြစ်နေတာတွေဟာ ဒီဒေသရဲ့ နိုင်ငံရေးသစ်ဖြစ်တယ်လို့ မြင်ကြတယ်။ ပီရူးက အယ်ဘာတို ဖူဂျီမိုရီ၊ ဗင်နီဇွဲလားက ကာလော့စ် အန်ဒရက်စ်ပဲရက်ဇ် ( Carlos Andre’s Pe’rez )၊ အီကွေဒိုက အက်ဘ်ဒလာဘူခါရမ် ( Abdala’ Bucaram ) နဲ့ ဂျမီလ်မာဟော့ ( Jamil Mahuad )၊ ဘရာဇီးလ်က ဖာနန်ဒိုကော်လို ( Fernando Collor )၊ မက္ကဆီကိုက ကားလော့စ်ဆလီနပ်စ် ( Carlos Salinas )၊ ပြီးတော့ အာဂျင်တိုင်က မီနမ် (Menem)၊ အဲဒီလူတွေခေတ်က ပေါ်ပေါက်ခဲ့တဲ့ ပျက်စီးယိုယွင်းမှုတွေ တသီကြီးပဲလို့ ဆိုတယ်။

ရှေ့ပိုင်းက အကြောင်းကြောင်းတွေကြောင့် နောက်ပိုင်းမှာ အကျိုးဆက်တွေ ဖြစ်ပေါ်လာတယ်။ လူထုကလည်း သူတမျိုးငါတဖုံပဲ။ စနစ်ရဲ့ပုပ်ဆွေးမှုလို့ပြောကြ၊ ကမ္ဘာ့အသွင်ဆောင်ရေးကြောင့်လို့ဆိုကြ၊ ခေါင်းဆောင်မှုညံ့လို့ ဆုတ်ယုတ်ကုန်ပြီလို့ ညည်းကြနဲ့။ ပုပ်သိုး ဆွေးမြေ့မှုဟာ ဒီမိုကရေစီ ကပ်ဆိုက်တဲ့နောက်မှာ ဖြစ်ပွားလာတယ်ဆိုတာ မသိကြဘဲဖြစ်ပြီး ကြက်မနဲ့ ကြက်ဥ ဘယ်ဟာက အရင်လဲဆိုတာမျိုးလို လုံးလည်လိုက်ကုန်ကြတော့တာပါပဲ။

**သင်ခန်းစာအသစ်**။ ဒီနေ့အကျပ်အတည်း စုစည်းဖြစ်ပေါ်နေတဲ့ ဒေသကတော့ အင်ဒီးစ်ဒေသပေ့ါ။ ဖူဂျီမိုရီ ကျွမ်းပြန်ကျသွားပြီးနောက် အီကွေဒိုက သမ္မတ ဘူခါရမ် ၁၉၉၆ ခုနှစ်မှာ ဖောက်ထိုးမိုးမျှော်ဖြစ်ခဲ့ပြန်တယ်။ ဒါတွေကို လူတွေပြန်စဉ်းစားကြတယ်။ တကယ်လို့ ဒါတွေဟာ ပြဿနာရှိတယ်လို့ဆိုရင် ဒါဟာ အနောက်ခြမ်းကမ္ဘာက နိုင်ငံရေးသမားတွေရဲ့ သင်ခန်းစာပဲ။ ဒါကတော့ ပုပ်သိုးဆွေးမြေ့မှုပေ့ါ။

ဗျူနိုစ်အေရီးစ် အန်းတလျဲ့တက္ကသိုလ် သုတေသီ တချ်လီအန် ပြောတာက ဒီအဆိုးဝါးဆုံးဒေသကို နှစ်အပိုင်းအခြားနဲ့ ခွဲကြည့်နိုင်တယ်။ ၇၀ စုနှစ်မှာ လက်တင်အမေရိကရဲ့ အဆိုးဆုံးနေရာတွေဟာ တောင်ပိုင်းရှူးချွန်ဆွယ်ထဲက ဒေသတွေပဲ။ စစ်တပ်အာဏာနဲ့ စစ်ရေးတိုးချဲ့ဖို့ လှုံ့ဆော်ခဲ့ကြတယ်။ ၈၀ စုနှစ်ပိုင်းကျတော့ ပြဿနာတမျိုးပြောင်းသွားပြီး အလယ်လက်တင်အမေရိကမှာ ဖြစ်ပွားခဲ့တယ်။ အဲဒီမှာ ပြောက်ကျားတပ်တွေ ပေါ်လာတယ်။ အမေရိကန်ရဲ့ စွက်ဖက်မှုနဲ့ လူမှုဘဝ စစ်ရေးဆန်လာတယ်။ ၉၀ စုနှစ်ပိုင်းကျတော့ အင်ဒီးစ်ဒေသနိုင်ငံတွေ ဆူပူပွက်လောရိုက်ကုန်တော့တာပါပဲ။ ဒီလိုဖြစ်ရတဲ့ အဓိက ပြဿနာဟာ စနစ်က ခေတ်နောက်ကျပြီး စီမံအုပ်ချုပ်မှု အကျပ်တွေ့နေကြလို့ပါပဲ။

အင်ဒီးစ်ဒေသတွေမှာ ကြွယ်ဝမှုနဲ့ ပုပ်ဆွေးမှု ပေါင်းသွားတယ်။ ဗင်နီဇွဲလားနဲ့ အီကွေဒိုက ရေနံလုပ်ငန်းရှင်တွေ။ ကိုလံဘီယာ၊ အီကွေဒို၊ ဘိုလီးဗီးယားနဲ့ မက္ကဆီကိုတို့က မူးယစ်ဆေးဝါး လုပ်ငန်းရှင်တွေ မဟာမိတ်ဖြစ်သွားကြတယ်လေ။

တချ်လီအန်နဲ့ တချို့လူတွေယူဆပုံက လက်တင် အမေရိကရဲ့ ပုပ်ဆွေးမှုဟာ ၉၀ စုများနှစ်ပိုင်းက

ပုဂ္ဂလကပိုင်လုပ်ငန်းတွေက မီးလောင်လေပင့်လုပ်တာ မဟုတ်ဘူးဆိုတာ သိပ်ရှင်းတယ်။ စစ်အေးနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး တိုက်ပွဲတွေကြောင့်သာ ဒါလောက်ပြင်းထန်ရတယ်လို့ ဆိုတယ်။ ဒါကြောင့်လည်းပဲ သူတို့ဟာ ပုပ်ဆွေးမှုဖြစ်လာတာကို ဂရုမစိုက်ကြဘူး။ တောင်ပိုင်းရှုံးချွန်ဆွယ်မှာ လူ့အဖွဲ့အစည်းအတွင်း အတန်အသင့် မျှမျှတတ ခွဲဝေခံစားမှုရှိကြသေးတာကနေပြီး ပုပ်ဆွေးလူ့အဖွဲ့အစည်းလည်း ဖြစ်လာရော အခွန်မဆောင်ရအောင် လုပ်ကြတာနဲ့၊ တယ်လီဖုန်းနဲ့ ပုဂ္ဂလိကဆက်ဆံမှုဓလေ့တွေ ဖြစ်လာပါတော့တယ်။

ကမ္ဘာ့အသွင်ဆောင်ရေးဟာ လက်တင်အမေရိကရဲ့ စနစ်အကျပ်အတည်းတွေ ဖြစ်စေတဲ့ အကြောင်းရင်းပဲလို့ အကဲခတ်များက တညီတညွတ်တည်း ယူဆကြတယ်။

**ပျောက်ဆုံးသွားတဲ့ "၁၀ " နှစ်။** ၁၉၉၀ ခုနှစ် ဖူဂျီမိုရီ အာဏာရတက်လာချိန်က သူဟာ ပီရူးမှ ပြည်သူ့ပါတီတွေ ကပ်ဆိုက်နေမှုထဲက ကယ်တင်နိုင်လိမ့်မယ်လို့ လူတွေထင်ကြတယ်။ ဒီပြင်မက သူဟာ နိုင်ငံရေးပါတီတခု ချောက်ထဲကျလုလု ဖြစ်နေတဲ့နိုင်ငံမှာ ပြောင်းလဲပေးမယ့် ကိုယ်စားလှယ် ဖြစ်လိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ကံဆိုးချင်တော့ အလန်ဂါစီယာနဲ့ ဖူဂျီမိုရီတို့ စိုးမိုးခဲ့တဲ့နှစ်ဟာ အလဟဿ ၁၀ နှစ်၊ "ပျောက်ဆုံးသွားတဲ့ ၁၀ နှစ်" ဖြစ်သွားတယ်။ ၁၉၉၂ မှာ ဖူဂျီမိုရီ သူကိုယ်သူ အာဏာသိမ်းခဲ့တယ်။ သူ့နိုင်ငံရေးလမ်းစဉ်ကို ဆန့်ကျင်တဲ့ပါလီမန်ကို ဖျက်သိမ်းလိုက်တယ်။ အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းတဲ့ လစ်ဘရယ်ဝါဒ လုပ်ငန်းစဉ်သစ်နဲ့ သမ္မတဆက်လက်တင်မြှောက် ရွေးချယ်နည်းပုံစံတွေကို ပြောင်းလိုက်တယ်။ ဒီတော့ နိုင်ငံတော်ရဲ့ပုံသွင်ဟာ ပြောင်းသွားပါတော့တယ်။

ဖနီယာကွာ (Valentin Paniagua) ခေါင်းဆောင်တဲ့ အစိုးရဟာ ဖူဂျီမိုရီရဲ့ အာဏာရှင်အဆောက်အအုံကို အဆောတလျင် ဖျက်သိမ်းပစ်လိုက်တယ်။ ဒါပေမဲ့ သုံးနှစ်ဆက်တိုက် ဆိုးဝါးတဲ့ စီးပွားရေးဆုတ်ယုတ်လာမှုကြောင့် လတချို့အတွင်းမှာပဲ နိုင်ငံရေးအခြေအနေဟာ အမယ်ဘုတ်ရဲ့ ချည်ခင်လို ဖြစ်လာတယ်။ ဒီလိုဖြစ်ရတာဟာ ကမ္ဘာ့အသွင်ဆောင်ရေးသမားတွေ ယောက်ယက်ခတ် ဝင်ရောက်နှောင့်ယှက်လို့ ပီရူးလူ့ဘောင်နဲ့ နိုင်ငံရေးအဆောက်အအုံ ပြိုကွဲရတယ်လို့ ပီရူးနိုင်ငံရေးပညာရှင်၊ ပီရူးသုတေသန ဌာနမှူး ဟူလိအိုခေါ့လိုင်က ပြောပါတယ်။

နိုင်ငံရေးပါတီတွေ ပြိုကွဲကြရတာနဲ့ပတ်သက်လို့ ခေါ့လိုင်အယူအဆက ပျောက်ဆုံး ၁၀ နှစ် ၂ ခုရဲ့ အမွေဆိုးပဲတဲ့။ ပီရူးက နိုင်ငံရေးပါတီအဟောင်းတွေ ပြန်လည်ထူထောင်လို့ မရနိုင်တော့ဘူး။ ရွေးကောက်ပွဲမှာ ခေါင်းဆောင်တွေ ဥဒ္ဒံထဲက ပြန်ထွက်လာလိမ့်မယ်လို့တော့ ယူဆပြန်တယ်။ လာမယ့်နှစ် ဧပြီလရွေးကောက်ပွဲမှာ ရာတချို့မရှိတောင် – ဆယ်တချို့တော့ ရှိနိုင်ရဲ့လို့ သူပြောတယ်။

ခေါ့လိုင်က နိုင်ငံတွေနဲ့ပတ်သက်ပြီး တချို့အကဲခတ်များ သတိပြုကြဖို့ ကြိုတင်နိမိတ်ဖတ်ခဲ့တယ်။ အီကွေဒိုနိုင်ငံရေး ပြိုကွဲအကျပ်ရိုက်နေတာ၊ ကိုလံဘီယာရဲ့ ပြည်တွင်းစစ်နဲ့ ဟူဂိုရာဖယ်လ် ချာဗက်ဇ် ( Hugo Rafael Cha'vaz ) ရဲ့ ဘိုလီးဗီးယားပုံစံ လူထုဝါဒ စတာတွေ အားလုံး မရဲတရဲ ချိန်ဆလုပ်နေကြရတဲ့ အကြောင်းကတော့ ပီရူး ၈၀ ခုနှစ်ပိုင်းတုန်းက အုပ်မနိုင်၊ ထိန်းမရ ဖြစ်ခဲ့ပုံ အခြေအနေမျိုးကလွတ်အောင် လုပ်နေကြရလို့ပဲ။ နိဂုံးချုပ်ပြောရရင် ခုလိုချိန်ဆမလုပ်ရင် အမေရိကတိုက်နိုင်ငံအဖွဲ့အစည်းရဲ့ "နိုင်ငံတကာ့ အုပ်ထိန်းမှု" ခံရတဲ့ အခြေဆိုက်သွားလိမ့်မယ်လို့ ပြောလိုက်တယ်။

**ဆိုးဝါးလှတဲ့ သံသရာလည်မှု။** ၁၉၉၆ ခု၊ ၈ လမှ – ၂၀၀၀ ခု၊ ၂ လအထိ အီကွေဒိုမှာ ၃ နှစ်ကျော်အတွင်း သမ္မတ ၄ ယောက်တက်ခဲ့တယ်။ ဘူခါရမ် အုပ်စိုးတာဆိုရင် ၇ လတောင်မကြာဘူး။ အကြံအစည်ခေါင်းပါး ညံ့ဖျင်းလို့ နန်းချခံလိုက်ရတယ်။ နောက်တက်တဲ့သမ္မတ အလာကွန် (Alarcon ) လည်းယာယီပဲ။ မာဟော့ကတော့ ၁၉၉၈ ဩဂုတ်လမှာ သမ္မတဖြစ်လာတယ်။ အဲဒီတုန်းက အီကွေဒိုဟာ ပီရူးနဲ့ စစ်စဖြစ်နေတယ်။ အယ်နီညိုဆိုတဲ့ ရာသီဥတုဒဏ်ကို အတော်ခံလိုက်ရပြန်တယ်။ ရေနံဈေးကလည်း မကြုံစဖူး ကျဆင်းသွားတယ်။ စီးပွားရေးကျပ်တည်းမှုက သူ့ကို မှန်တမ်းမကျတဲ့ အစီအမံတွေ အတင်းလုပ်ခိုင်းတယ်။ ဥပမာ နိုင်ငံခြားကြွေးတွေ ပြန်မဆပ်ဖို့ ခဏရပ်ခဲ့ရတယ်။ အမေရိကန်ဒေါ်လာကို သူတို့နိုင်ငံသုံးငွေအဖြစ် လုပ်ခဲ့ရတယ်။ ဒီတော့သူ့ကို ပုန်ကန်ပြီး နန်းကချလိုက်ကြတယ်။ နန်းချသူတွေဟာ စစ်တပ်က ဗိုလ်မှူးကြီးအဆင့်လောက်သာ ရှိတဲ့သူတွေပဲ။ သူတို့ဟာ အင်ဒီယန်းတွေရဲ့ ထောက်ခံမှုရခဲ့ကြတယ်။ ဒီ့ပြင် လူထုဝါဒ လက်ဝဲဂိုဏ်းတွေက အင်တိုက်အားတိုက် ထောက်ခံအားပေးခဲ့တယ်။ ဒါကြောင့် ပြည်သူ့ – နိုင်ငံကယ်တင်ရေး အစိုးရဖွဲ့နိုင်ခဲ့တယ်။ ဒီတော့ သမ္မတ ဂူစတာဗို နိုဗိုယာ ( Gustavo Noboa ) တက်လာခဲ့တယ်။

နိုင်ငံရေးပညာရှင် အီကွေဒို လက်တင်အမေရိက လူမှုရေး ဝိဇ္ဇာပညာသုတေသန အဖွဲ့ဝင် ဖေလိပတရာဆိုသူက ဆောင်းပါးတစောင်ဖြင့် အခုလို

ရေးသားဖော်ပြခဲ့တယ်။ နိုင်ငံရေးပါတီခေါင်းဆောင်တွေဟာ သိပ်အန္တရာယ်ကြီးလှတဲ့ နည်းလမ်းနဲ့ အကျပ်အတည်းက လွတ်အောင်လုပ်ခဲ့ကြတယ်။ နိုင်ငံတော်ရဲ့သမ္မတကို ဖြုတ်ချခဲ့တယ်။ အီကွေဒို ဒီမိုကရေစီကို ဆိုးဝါးတဲ့ သံသရာလည်မှုတမျိုး ဖြစ်အောင်လုပ်ကြတယ်။ စီးပွားရေး သိပ်အကျပ်အတည်း ဖြစ်နေလို့ သမ္မတတွေရဲ့အာဏာစက်ထိခိုက်လာတယ်။ တရားဥပဒေဆိုတာလည်း ဖရိုဖရဲဖြစ်အားနည်းလာတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့လည်း အစိုးရနဲ့ ကင်းကင်းနေကြတာ ဖြစ်လာတယ်။ ဒီတော့ သမ္မတတွေဟာ တကောင်ကြွက် ထီးထီးကြီးဖြစ်လာပြီး ဘာမှလုပ်လို့မရ ဖြစ်နေတယ်။ အဲဒါကို ချက်ယူပြီး စစ်တပ်က အာဏာသိမ်းလိုက်ကာ ဖြုတ်ချလိုက်ကြတာပါပဲ။

**ခေတ်နောက်ကျတဲ့ ယေဘုယျအယူအဆ။**

သူတပါးက အာဏာသိမ်းတာသာမက ကိုယ့်ကိုယ်ကိုလည်း အာဏာသိမ်းတာတွေ တွေ့ရတယ်။ အမေရိကတိုက် စည်းရုံးရေးသဏ္ဍာန်က "နိုင်ငံတကာ့ ထိန်းကျောင်းရေး" ဆိုတာ လုပ်ကြတယ်။ ကိုလံဘီယာ သမ္မတ အန်နက်စတိုဆမ်ပါ ( Ernesto Samper ) ရဲ့ ၁၉၉၆ ခုနှစ်က အခြေအနေကို ပြန်ကြည့်ရအောင်လို့ တချ်လိအန်က ဆိုတယ်။ ဆမ်ပါဟာ ၁၉၉၄ ဇွန်လမှာ ကျင်းပတဲ့ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တယ်။ အဲဒီတုန်းက ရွေးကောက်ပွဲအတွင်း မူးယစ်ဆေးဝါးရောင်းဝယ်မှုကရတဲ့ ငွေတွေနဲ့ အနိုင်ရအောင်လုပ်ခဲ့တယ်လို့ လူတကာက စွပ်စွဲကြတယ်။ ဒီတော့ သူ့ကို ပါလီမန်က ဖြုတ်ချခဲ့တယ်။ ဒါပေမဲ့ ဇူလိုင်လရောက်တော့ အမေရိကန်က ဆမ်ပါ ကိုကင်းနဲ့ ပတ်သက်တဲ့အမှုကို ပယ်ချဖျက်သိမ်းလိုက်တယ်။ ဒီအပြင် ဆမ်ပါနဲ့ ကိုကင်းဆက်စပ်နေမှုကို ပြောင်အပြစ်တင်ခဲ့တယ်။ အဲဒါ ဝါရှင်တန်ဟာ ဒုတိယ တရားလွှတ်တော်ဆိုတာ ဖော်ပြလိုက်တာပါပဲ။ ပြည်တွင်းစစ် ဖြစ်ပွားနေတဲ့ ကိုလံဘီယာမှာ ဒုက္ခသည် ပြည်သူဦးရေဟာ ကမ္ဘာမှာ ဒုတိယ ဖြစ်နေတယ်။

သမ္မတချာဗက်ဇ်လုပ်ပုံကတော့ စံထားလောက်တဲ့ ပီရွန်ဝါဒလုပ်ဟန်ပါပဲလို့ အာဂျင်တိုင် အကဲခတ်များက ကြည့်မြင်ကြတယ်။ သူ့မဟာမိတ်ဖွဲ့ပုံကတော့ မကြာခင်က အရှေ့အလယ်ပိုင်းနိုင်ငံတွေကို (အီရတ်စတဲ့) သွားတာ၊ ဒါတင်မက ကက်စ်ထရိုနဲ့ မိတ်ဖွဲ့တာတွေဟာ သူ့ရဲ့ ဉာဏ်ထက်မြက်မှုတွေပါပဲ။ အင်ဒီစ်တက္ကသိုလ် ဗဟိုနိုင်ငံရေးသုတေသနတာဝန်ခံရဲ့ အဆိုကတော့ အရပ်သားတွေရဲ့ နိုင်ငံရေးဟာ တို့ခေါင်းပေါ်ကို ပုံမချဘူး၊ တို့ဟာ သူတို့ရဲ့ ကာကွယ်စောင့်ထိန်းမှုခံရတဲ့ သူတွေပဲလို့ ပြောတယ်။

ကမ္ဘာ့အသွင်ဆောင်ရေးဟာ နိုင်ငံရေးပါတီတွေကြီးမားရာက သေးငယ်သွားတဲ့ ဖြစ်စဉ်ပဲ။ ဒီကမ္ဘာ့အသွင်ဆောင်ရေးက အစိုးရရဲ့စီမံအုပ်ချုပ်မှုလည်း ကျဉ်းမြောင်းသွားစေတယ်။ အချုပ်အခြာအာဏာတို့ နိုင်ငံတော်တို့ဆိုတဲ့ ယေဘုယျအယူအဆဟာ ခေတ်နောက်ကျသွားလိမ့်မယ်လို့ ရှိမင်နီက ယူဆတယ်။ သူက နိုင်ငံရေးပါတီထူထောင်တဲ့ ခေါင်းဆောင်များနောက်က စိုက်လိုက်မတ်တတ် လိုက်နေကြသူတွေဟာ လူညံ့လူဖျင်းတွေပဲလို့ ငေါ့ပြောလိုက်တယ်။ အန်ဒရက်စ်ပဲရက်ဇ် ပထမအကြိမ် သမ္မတဖြစ်တုန်းကစပြီး ခေါင်းဆောင်မှု အရည်အချင်းကျဆင်းလာခဲ့တယ်။ နိုင်ငံရေးပါတီတွေဟာ စည်းကမ်းတော့ ထိန်းသိမ်းကြပါရဲ့ ဒါပေမဲ့ နိုင်ငံရေးမဆန်တဲ့ အကျိုးတော်ဆောင် အတွေးအခေါ်လောက်အထိ ကျဆင်းသွားတယ်တဲ့။

၁၉၈၉ ခုနှစ် ပဲရက်ဇ် ဒုတိယအကြိမ် သမ္မတဖြစ်လာတုန်းက သူရတဲ့မဲဟာ ၅၆% ရှိတယ်။ မဲထည့်နိုင်သူ ၁၆% က မဲပေးခွင့်ကို စွန့်လိုက်ကြတယ်။ ၁၉၉၈ ခု ချာဗက်ဇ် ရတဲ့မဲနဲ့ သိပ်မကွာဘူး။ ဒါပေမဲ့ မဲပေးခွင့် စွန့်လွှတ်သူ ၄၀% ကျော်အထိ ဖြစ်လာတယ်။ မဲဆန္ဒရှင်တွေက သူ့ကိုမဲထည့်တာဟာ ပုပ်သိုးမှုတွေကို ဆန့်ကျင်တိုက်ဖျက်စေချင်လို့ ထည့်တာပဲ။ ဒါပေမဲ့ မှန်းချက်နဲ့နှမ်းထွက် မကိုက်ဘူးလို့ ရှိမင်နီဆိုသူက ပြောတယ်။ တကယ့်အဖြစ်က ဒီလူတက်လာတာ ၂ နှစ်လောက်ကြာတဲ့အထိ ဘာတခုမှ မယ်မယ်ရရဖြစ်မလာခဲ့။ ခုအချိန်ရဲ့ နိုင်ငံရေးဟာ ပြဿနာတွေကို ဖြေရှင်းရာမှာ ကရော်ကမယ် အမှုမထားတာတွေ ပိုများလာတယ်။ နိုင်ငံရေးပါတီတွေဟာ စီးပွားရှာလုပ်ငန်းတွေလုပ်တဲ့ အုပ်စုတွေဖြစ်လာတယ်။ အမေရိကန်ရဲ့ စံတင်လောက်တဲ့ အတွေးအခေါ်ကတော့ တိုင်းသူပြည်သားတွေရဲ့ အခွင့်အရေးကို တိုးပေးရေးလို့ ဆိုတယ်။ ဒါကို ကျုပ်နည်းနည်းမှ မယုံဘူး။ ကျုပ်အထင်ကတော့ လူ့အဖွဲ့အစည်း ပြန်လည်နိုင်ငံရေးဆန်ရှင်သန်မှ ဖြစ်မယ်။ "လူထုကြီး ခြေကုန်လက်ပန်းကျ" ဖြစ်နေတာနဲ့ နိုင်ငံရေးကို ပစ်ပယ်အေးစက်စက် လျစ်လျူရှုနေတဲ့ လူမှုအဖွဲ့အစည်းထဲမှာ ကျုပ်တို့ဘာတခုမှ မယ်မယ်ရရ အောင်မြင်နိုင်မှာမဟုတ် – လို့ ရှိမင်နီက ပြောလိုက်ပါတယ်။

တကယ်က ကမ္ဘာ့အသွင်ဆောင်ရေးဆိုတာရယ်၊ နိုင်ငံရေးအာဏာ အဆောက်အအုံတွေ ပုပ်သိုးတာရယ်၊ စီးပွားရေးလုပ်ငန်းတွေ လုပ်နေတဲ့ နိုင်ငံရေးပါတီရယ် အဲဒီသုံးခုပေါင်းထားတာဟာ လက်တင် အမေရိကတိုက် နိုင်ငံများအဖို့ ငြိမ်းချမ်းတဲ့ကာလရဲ့ အကြီးမားဆုံး အန္တရာယ်ကြီးပါပဲ။ ။

# လက်တင်အမေရိက

## လက်ဝဲဂိုဏ်းထွန်းကားလာတဲ့သွင်ပြင်သစ်

ချီလီပြည်က "ရာစုနှစ်" ဂျာနယ် ( ၁၀၊ ၃၊ ၂၀၀၀) ထုတ်မှာ ဖော်ပြတဲ့ခေါင်းစီးကတော့ "လက်တင်အမေရိကလက်ဝဲဂိုဏ်း ခိုင်မာကြီးထွားလာကြောင်း 'စိန့်ပေါအာဘော်' က သက်သေပြလိုက်ပြီ " တဲ့။ ဆောင်းပါးရဲ့ လိုရင်းသဘောမှာ လက်တင်အမေရိကလက်ဝဲဂိုဏ်းဟာ တော်လှန်တဲ့ဂိုဏ်းပဲ။ လူမှုတော်လှန်ရေးကို နက်နက်ရှိုင်းရှိုင်းပြုလုပ်မယ့်၊ တကယ့်လူ့ကျင့်ဝတ်စစ်စစ်ကို အခြေခံတဲ့ ဒီမိုကရေစီလူ့ဘောင် ပေါ်ထွန်းရေးအတွက် လုံးပန်းမယ့်ဂိုဏ်းပဲလို့ ဆိုပါတယ်။ ဒီအကြိမ်ကွန်ဖရင့်မှာ တက်ရောက်သူအားလုံး တညီတညွတ်တည်း ဆုံးဖြတ်ပြီး ထုတ်ပြန်လိုက်တာက "ဒီနေ့ ကမ္ဘာ့ထူးခြားချက်ဟာ စုစည်းမှု (လက်ဝါးကြီးအုပ်ကုမ္ပဏီကြီးတွေ ပေါင်းသွားမှု)၊ ထိပ်စွန်းနစ်ဘက်ကွဲထွက်မှုနဲ့ ကိုလိုနီအုပ်စိုးမှုအသစ်ပဲ" တဲ့။ ဖေဖော်ဝါရီ ၁၇ မှ ၂၁ အတွင်း အစည်းအဝေးကြီး နှစ်ကြိမ် ပြုလုပ်ကြတယ်။ ပထမအကြိမ်က မက္ကဆီကိုမှာပါ။ စတုတ္ထအကြိမ်နိုင်ငံရေးပါတီများ ကွန်ဖရင့်တဲ့။ ဒီကွန်ဖရင့်မှာ လက်တင်အမေရိကတိုက် ဒေသအသီးသီးမှ နိုင်ငံရေးပါတီနဲ့ အဖွဲ့အစည်း ၄၈ ခု တက်ခဲ့တယ်။ နောက် တကြိမ်ကတော့ နီကာရာဂွာမှာ ကျင်းပတဲ့ ကိုယ်စားလှယ် ၈၀ ကျော် တက်တဲ့ "စိန့်ပေါအာဘော်" ကွန်ဖရင့်ပါ။

ကွန်ဖရင့်နှစ်ခုလုံးမှာ အရေးအတွက်အရ ပြောပြော၊ အရည်အချင်းအရဆိုဆို တညီတညွတ်တည်း သဘောတူခဲ့ကြတယ်။ ကိုယ်စားလှယ်အများစုက ကိုယ့်တိုင်းပြည် အခြေအနေ အဖြစ်အပျက်များကို တင်ပြသုံးသပ်ကြတယ်။ မိမိတို့ရဲ့ အတွေ့အကြုံတွေကို ပေါင်းချုပ်ပြောဆိုကြတယ်။

ဒီလက်ဝဲဂိုဏ်းဟာ မကြာလှသေးတဲ့ နှစ်တွေအတွင်း တရှိန်ထိုး ကြီးထွားလာတာပါ။ သူတို့ဟာ ကိုယ့်အမှားနဲ့ဆုံးရှုံးခဲ့ရမှုတွေကိုလည်း သင်ခန်းစာထုတ်ယူကြပါတယ်။ ဆိုရှယ်လစ်ဂိုဏ်းမှာ ဖြစ်ပေါ်ခဲ့တဲ့ ပြဿနာတွေကို ထပ်ပြီးဆွေးနွေးပြောဆိုတာ မလုပ်ကြတော့ပါ။ အတွေ့အကြုံသစ်တွေကိုပဲ စိုက်ထူဖို့ကြိုးစားကြပါတယ်။ သူတို့ဟာ ဥရုဂွေးမှာ ဖြစ်ပွားခဲ့တဲ့ အခြေအနေအရပ်ရပ်ကို လေ့လာကြတယ်။ အဲဒီနိုင်ငံလက်ဝဲအစိုးရရဲ့ မြို့တော်မှာ ကြွယ်ဝတဲ့ ဒီမိုကရေစီလုပ်ရှားမှု အတွေ့အကြုံကို အလွန်သဘောကျကြတယ်။ ဥရုဂွေးက ကျယ်ပြန့်လှတဲ့ တပ်ပေါင်းစုဟာ ပထမအပတ် သမ္မတရွေးကောက်ပွဲမှာ အနိုင်ရခဲ့တယ်။ ဘရာဇီးအလုပ်သမားပါတီကလည်း လက်ငင်းအခြေအနေအရ လူဦးရေဆယ်သန်းခန့်ရှိတဲ့ တောင်ရီအိုဂရန် ( Rio Grande do Sul ) ကို ထိန်းကိုင်ထားနိုင်ခဲ့တယ်။ အဲဒီမှာ အတွေးအခေါ်သစ်နဲ့ အလုပ်လုပ်ကြတာကို ကြိုတင်ခန့်မှန်းထားတဲ့အတိုင်း လူထုပါဝင်လာခဲ့တယ်။

ကိုလံဘီယာကတော့ အခြေအနေ တမျိုးပါ။ ခုအခါမှာ လက်ဝဲဂိုဏ်းက အစိုးရဖွဲ့နိုင်တော့မယ့်နိုင်ငံဖြစ်လာနေပါပြီ။ လက်ရှိအစိုးရနဲ့ဆွေးနွေးပြီး လွတ်မြောက်ဒေသတွေမှာ အစိုးရအဖွဲ့ တည်ထောင်မယ်။ သူတို့ရဲ့ တော်လှန်ရေးလက်နက်ကိုင် ပြောက်ကျားတပ်တွေရှိနေတဲ့ ဒေသတွေမှာ အရင်ကမရှိခဲ့ဘူးသေးတဲ့ ဒေသန္တရ

အုပ်ချုပ်ရေးသဏ္ဍာန်နဲ့ စီမံအုပ်ချုပ်နေကြပါပြီ။ ပြည်သူလူထုက လမ်းပြင်လမ်းဖောက်တာတွေလုပ်၊ မြို့ရွာတွေမှာ ရဲဌာနတွေဖွင့် စတာတွေ အုတ်အုတ်သဲသဲ လုပ်နေကြပါတယ်။ ပြောက်ကျားတပ်တွေနဲ့ အစိုးရအရာရှိတွေဟာ နဖူးတွေ့ဒူးတွေ့ထိုင်ပြီး အေးအေးဆေးဆေး ဆွေးနွေးလုပ်ကိုင်နေကြတယ်။

လက်တင်အမေရိက လက်ဝဲဂိုဏ်းထဲမှာ ပုံစံအမျိုးမျိုး ရှိပါတယ်။ တိုင်းပြည်အသီးသီး ကိုယ့်ဘဝအခြေအနေနဲ့ကိုယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်နေကြတယ်။ စိန့်ပေါ်အာဘော်ရဲ့ ၉ ကြိမ်မြောက်အစည်းအဝေးမှာ ထူးခြားချက်တခု ထပ်ပေါ်လာတယ်။ လက်တွေ့ကျကျ အခိုင်အမာ ပြဿနာတွေကိုပဲ စုစည်းဆွေးနွေးကြတဲ့ ကိစ္စပါ။ ဗလာချီလေပန်းတာတွေ မလုပ်တော့ဘူး။ အဲဒီအစည်းအဝေးတက်သူအားလုံး အရင်းခံညှိနှိုင်း သဘောတူကြတာကတော့ လစ်ဘရယ်ဝါဒသစ်ရဲ့ အန္တရာယ်ပါပဲ။ ဒီအန္တရာယ်ဟာ မတူတဲ့ လူ့အဖွဲ့အစည်းတမျိုးကို တည်ထောင်ဖို့ကြိုးစားနေတဲ့ နက်ရှိုင်းတဲ့ လမ်းကြောင်းတခုပါပဲ။ လက်ဝဲဂိုဏ်းက ဒီဟာကို ဆန့်ကျင်ကြ ရပါမယ်။ လူ့ဘောင်ဟောင်းကို တော်လှန်ပြောင်းလဲပစ်လိုသူတိုင်းဟာ လူ့အဖွဲ့အစည်းသစ် လူ့ကျင့်ဝတ်ဝါဒကို အခြေခံအဖြစ်ထားတဲ့ တကယ့် ဒီမိုကရေစီလူ့အဖွဲ့အစည်း ဖြစ်ရပါမယ်။ အစည်းအဝေးတက်သူတိုင်း ထုတ်ပြန်ကြေညာချက်ကို လက်မှတ်ထိုးကြပါတယ်။ ကြေညာချက်မှာ ပေါ်လွင်တာကတော့ ဒီနေ့ကမ္ဘာ့ထူးခြားချက် "စုစည်းမှု၊ ထိပ်စွန်းနှစ်ဘက်ကွဲထွက်မှုနဲ့ ကိုလိုနီအုပ်စိုးမှုအသစ်" ပါပဲတဲ့။ လူ့အဖွဲ့အစည်းသစ်ကို တော်လှန်တည်ဆောက်ရာမှာ တနေရာနဲ့တနေရာ မတူနိုင်ပါ။ ကိုယ့်တိုင်းပြည် ကိုယ့်အခြေအနေအရပဲ လုပ်ကြရမယ်လို့ ဆိုပါတယ်။ ဒါကြောင့်လက်ဝဲဂိုဏ်းမှာ သတ်မှတ်ထားတဲ့ ပုံစံမရှိပါ။ သူတို့ရဲ့ဆွေးနွေးမှုဟာ အတွေ့အကြုံတွေကို စုဆောင်းတာပါ။

လစ်ဘရယ်ဝါဒသစ်ကို အပြုတ်တိုက်ပစ်ရမယ်လို့ ကျူးဘားက မငြင်းနိုင်တဲ့ သက်သေထူပြလိုက်ပါတယ်။ ဒီနေ့ကျူးဘားဟာ တစတစပြန်ပြီး ခေါင်းထောင်လာနေပါပြီ။ လက်တင်အမေရိက လက်ဝဲဂိုဏ်းဟာ အခါမလပ်ဘဲ ဒီဆိုရှယ်လစ်ကျွန်းနိုင်ငံကို အားပေးကူညီနေကြပါတယ်လို့ ကြေညာချက်မှာဖော်ပြထားတယ်။ လက်တင်အမေရိကမှာ ပေါ်ပေါက်နေတဲ့ ထွေထွေရာရာ ပြဿနာများနဲ့ ပတ်သက်ပြီး ထပ်မံအဖြေပေးထားတဲ့ ပြဿနာတခုကတော့ လစ်ဘရယ်ဝါဒသစ်ရဲ့ ထူးခြားတဲ့ဗဟိုအာဏာရဲ့ အောက်မှာ ဒေသန္တရအစိုးရတွေ လှုပ်သာရှားသာ လုပ်နိုင်တဲ့ ကိစ္စတွေကို ဘယ်လိုအသုံးချကြမလဲဆိုတာပါပဲ။ အရင်းအနှီးစုစည်းလာမှုကြောင့် ပိုပြီးအာဏာရှင်ဆန်စုစည်းလာတယ်လို့ အစည်းအဝေးတက်သူတွေက ယူဆတယ်။ ဒီလိုဗဟိုချုပ်ကိုင်တဲ့ အာဏာပိုင်လုပ်တာကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုထဲ လူများစုပါဝင်လာအောင် စည်းရုံးရမယ်လို့ လက်ဝဲဂိုဏ်းကယူဆတယ်။ ဒီပြဿနာကို မျက်ခြည်မပြတ်ပါစေနဲ့၊ အီကွေဒိုနဲ့ ဇောဇောက ဂွာတီမာလာမှာ ဖြစ်ပေါ်ခဲ့သလို လူထုကို တကယ်လှုံ့ဆော်နိုင်လို့ အစိုးရပြုတ်ကျသွားတဲ့အထိ ဖြစ်ခဲ့တယ်။ တိုင်းပြည်အတော်များများမှာ တိုင်းရင်းသားလူထု အဖွဲ့အစည်းတွေနဲ့ နိုင်ငံလွှန်ကုမ္ပဏီများ သူတို့ရဲ့နောက်ခံ နိုင်ငံအခွင့်အာဏာများ အတိုက်အခံဖြစ်မှုတွေ ဒုနဲ့ဒေးပါ။

အမေရိကန်နယ်ချဲ့ဟာ လက်နက်အင်အားသုံးပြီး မပြတ်ခြိမ်းခြောက်နေတယ်။ လက်တင်အမေရိကလက်ဝဲဂိုဏ်းက ရှေ့ဆောင်တဲ့ ဘယ်ဒီမိုကရေစီ လှုပ်ရှားမှုကိုမဆို ဟန့်တားနေတယ်။ ခုအခါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလို့ပြောပြီး ကိုလံဘီယာကို စစ်ရေးနဲ့ဝင်စွက်ချင်နေတယ်။ ဒါကြောင့် စိန့်ပေါ်အာဘော်က ကိုလံဘီယာပြည်သူတွေနဲ့အတူ ဖွင့်ချတိုက်ခိုက်ရမယ်လို့ ဆုံးဖြတ်ထားတယ်။ တကယ်လို့သာ ဝင်စွက်လာရင် လက်တင်အမေရိကတတိုက်လုံး အခြေအနေတမျိုးဖြစ်သွားနိုင်တယ်။ ဗင်နီဇွဲလား၊ ပနားမား၊ အီကွေဒိုနဲ့ တခြားနိုင်ငံတချို့ကပြည်သူတွေရဲ့ဘဝကို ဂယက်ရိုက်လာမှာသေချာတယ်။ ပြူတိုရီကို ( Puerto Rico) မှာ ပြည်သူ့အဖွဲ့အစည်းတွေက အမေရိကန်တပ်တွေ ဗစ်ခ် (Vieques) ကျွန်းမှာ စစ်စခန်းလာလုပ်တာကို လူထုလှုံ့ဆော်ပြီး ဖွင့်ချတိုက်ခိုက်ကြတယ်။ ဒီလိုတိုက်ခိုက်တာမှာ ချီလီနဲ့ တခြားနိုင်ငံတွေကို ဂယက်ရိုက်သွားပြီး တိုက်ပွဲထဲ ပါဝင်လာတယ်။ လက်တင်အမေရိကတိုင်းပြည်တွေ တပြည်နဲ့တပြည် ဆက်စပ်နေတာမို့ လက်တင်အမေရိကတတိုက်လုံး အုတ်အုတ်ကျက်ကျက် ဆူညံသွားခဲ့တယ်။ တပြည်နဲ့ တပြည်တိုးတက်ပုံကလည်း သိပ်ကွာလှတာမဟုတ်၊ ကိုင်းကျွန်းမှီ – ကျွန်းကိုင်းမှီ ဖြစ်နေတယ်။ အထူးသဖြင့် နယ်ချဲ့သမားတွေလုပ်နေကြတဲ့ ပေါ်လစီတွေကလည်း နှစ်ခွဲနဲ့တတင်းပါပဲ။ လက်ဝဲဂိုဏ်းက အင်အားတွေကို တကယ်စုစည်းနိုင်ရင် လစ်ဘရယ်ဝါဒသစ်ကို တိုက်တဲ့ပွဲမှာ အောင်ပွဲအလီလီ ခံနိုင်မယ်။ အကျိုးရှိသထက်ရှိတဲ့ အခြေအနေတွေ ပေါ်ပေါ်လာမယ်။ ဒီခုခေတ် လစ်ဘရယ်ဝါဒသစ်ကို ဗုန်းဗုန်းလဲသွားစေနိုင်လိမ့်မယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါ။

၂၂၊ ၃၊ ၂၀၀၀ တရုတ်ဘာသာဖြင့် ထုတ်ဝေသော ချန်းခေါင်စာစောင်မှ ဆောင်းပါးကို ပြန်ဆိုပါသည်။

# ကိုလိုနီဝါဒသစ်ရဲ့
# လွှမ်းမိုးခြိမ်းခြောက်မှုအောက်မှ
# ဆီရီယာလီယွန်

အနောက်သတင်းဌာနတွေဟာ အစောပိုင်း လိုင်ဘီးရီးယားနိုင်ငံမှာလိုပဲ ဆီရီယာလီယွန်မှာလည်း ပြည်တွင်းစစ်ရဲ့ သားကောင်တွေအဖြစ် ဝေဒနာပြင်းစွာ ခံစားနေရတဲ့ ယောကျ်ား၊ မိန်းမနဲ့ ကလေးတွေရဲ့ ရုပ်ပုံတွေကို ဖော်ပြခဲ့ကြတယ်။ နှစ်နိုင်ငံစလုံး အနောက်အာဖရိကမှ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေကို ဒေသခံစစ်ခေါင်းဆောင်တွေ၊ မာဖီးယားနဲ့ အကျင့်ပျက်နိုင်ငံရေးသမားတွေက ဖျက်ဆီးခဲ့တာလို့ ပြောပြန်ပါတယ်။ ယဉ်ကျေးလှပါတယ်ဆိုတဲ့ အနောက်လူမှုအဖွဲ့အစည်းနဲ့ မပတ်သက်သလိုလို ဒီအဖြစ်အပျက်တွေအားလုံးဟာ ကံမကောင်း အကြောင်းမလှတဲ့ ဖြစ်ရပ်တွေပါလို့ ပြောပြန်ပါတယ်။ အံ့ဩစရာကောင်းတာက ဒီစစ်ပွဲတွေမှာ ပါဝင်တိုက်ခိုက်နေရ သူတွေဟာ သူတို့ရဲ့လက်နက်တွေကို ဘယ်ကရကြသလဲ ဆိုတာ ဖြစ်ပါတယ်။ ဆိုးသွမ်းလှတဲ့ ဒေသခံတွေဆီက သယံဇာတတွင်းထွက်တွေနဲ့ စိန်တွေကို ဘယ်သူတွေ ဝယ်ယူနေသလဲဆိုတာ သိချင်စရာပါ။ နောက်ဆုံးအနေနဲ့ ဘယ်သူတွေက ဘယ်သူတွေကို လာဘ်ထိုးနေကြသလဲဆိုတာကို သိချင်ပါတယ်။ နိုင်ငံကြီးတွေအနေနဲ့ ဒီနေရာမှာတော့ ခါဘီလာ၊ ဟိုမှာတော့ မူဂါဘီ၊ ဒီနိုင်ငံမှာတော့ တေလာ၊ ဆီရီယာလီယွန်ကတော့ ဖိုဒေးဆန်ခိုဆိုပြီး အပြစ်မတင်မီ ဒီမေးခွန်းတွေကို အရင်ဖြေဖို့ လိုပါလိမ့်မယ်။

‘ဒီနိုင်ငံကို ဘယ်လိုစိုးမိုးခြယ်လှယ်ခဲ့ကြသလဲ’

၆၀ ခုနှစ်စောစောပိုင်း နှစ်တွေအတွင်းက ခရီးသွားတယောက်ဟာ သူ့နိုင်ငံပြည်သူတွေကို အလုပ်အကျွေးပြုဖို့ စောင့်မျှော်နေပြီး သူ့ရဲ့လောလောလတ်လတ် ရထားတဲ့ လွတ်လပ်ရေးအတွက် များစွာဂုဏ်ယူနေတဲ့ တည်ငြိမ်အေးချမ်းလှတဲ့ နိုင်ငံတခုကို သတိပြုမိပါလိမ့်မယ်။ ကိုယ့်အားကိုယ်ကိုးရေးကို ကြိုးစားရှာဖွေနေတဲ့ အာဖရိကတိုက်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမားကြီးတွေဖြစ်တဲ့ ကွာမေးနကရူးမား (Kwame Nkrumah)၊ ဆီကူတော်ရီ ( Sekou Touri )နဲ့ မာဒီဘိုကိုင်းတား ( Madibo Keita ) စတဲ့ ထင်ရှားကျော်ကြားတဲ့ မိတ်ဖက်တစုကို သတိပြုမိပါလိမ့်မယ်။ သူတို့ဟာ အာဖရိကတိုက်ရဲ့ မဟာအနာဂတ်အတွက် အမြော်အမြင်ရှိကြသူတွေပါ။ ဆီရီယာလီယွန်ရဲ့ တံဆိပ်ခေါင်းမှာ ၁၉၆၁ ခုနှစ်ဧပြီလ ၂၇ ရက်နေ့က လွတ်လပ်လာတဲ့ နိုင်ငံရဲ့ ပုံရိပ်ကို အစိမ်းရောင်ကမ္ဘာမြေ နောက်ခံထဲမှာ ‘ စိန်နဲ့သံရိုင်း ’ သင်္ကေတန် အနက်ရောင် တောက်ပနေတဲ့ အနားပြိုင်စတုဂံတခုအဖြစ် ဖော်ပြထားတယ်။

ဗြိတိသျှရဲ့ ကိုလိုနီဟောင်းတခုဖြစ်တဲ့ စိန်နဲ့သတ္တုရိုင်းတွေ ပေါကြွယ်လှတဲ့ ကမ္ဘာ့အဓိကဆိပ်ကမ်းမြို့နဲ့ မြို့တော် ဖရီးတောင်းရှိတဲ့ ဆီရီယာလီယွန်ကို ၁၄၆၀ ခုနှစ်မှာ ပေါ်တူဂီတယောက်က တွေ့ရှိခဲ့ပါတယ်။ အဝေးတနေရာကကြည့်ရင် မြင်ကွင်းမှာ ခြင်္သေ့သဏ္ဍာန် တောင်တန်းတွေတွေ့လို့ စီရီယာလီယွန် ( ခြင်္သေ့တောင်ကုန်း ) လို့ အမည်ပေးခဲ့တယ်။ ပေါ်တူဂီတွေဟာ အမေရိကန်ကိုလိုနီနယ်တွေနဲ့ ကျွန်အရောင်းအဝယ်လုပ်နိုင်ဖို့အတွက် ၃၅၀ ကီလိုမီတာ ရှည်လျားတဲ့ ကမ်းရိုးတန်းတလျှောက် ကုန်သွယ်ရေးဌာနတွေနဲ့ ခံတပ်တွေ ထားခဲ့ကြတယ်။ ကုန်းတွင်းပိုင်းမျိုးနွယ်စုတွေနဲ့ ရရှိထားတဲ့ တခုတည်းသော အဆက်အသွယ်ကတော့ အတ္တလန်တိတ်သမုဒ္ဒရာထဲ စီးဝင်နေတဲ့ များစွာသော မြစ်ကြောင်းများပါပဲ။ ကုန်းတွင်းပိုင်းကို ထိုးဖောက်ဝင်ရောက်စရာ မလိုတော့ဘဲ မြစ်ကြောင်းတလျှောက် လူတွေကို ကျွန်ပြုခဲ့ကြတယ်။ ဒီနည်းဟာ ဆီနီဂေါနဲ့

ဂမ်ဘီရာရဲ့ အိမ်နီးချင်းဒေသတွေမှာ အဓိကဥရောပကိုလိုနီပြုသူအားလုံးအကြားမှာ အသုံးများတဲ့ အလေ့အထတခုပါပဲ။ ၁၈ ရာစု အကုန်ပိုင်းကာလမှာ ဗြိတိသျှတွေဟာ အမေရိကန်လွတ်လပ်ရေး ဆန့်ကျင်ရေးစစ်ပွဲ တလျှောက်လုံး သူတို့နဲ့ပါဝင်တိုက်ခိုက်ခဲ့တဲ့ ကျွန်ဟောင်းတွေကို ကိုလိုနီနယ်တခု တည်ထောင်ပေးခဲ့တယ်။ နောက်ပိုင်းလူသိများလာမယ့် ဖရီးတောင်း (Free Town) အဖြစ် သူတို့သတ်မှတ်ဆုံးဖြတ်ခဲ့ကြတယ်။

နောက်ပိုင်းမှာ ၇၀၀၀၀ လောက်ရှိတဲ့ ကျွန်ဟောင်းတချို့ အခြေချခဲ့ကြပြီး ကိုလိုနီတခုအဖြစ် စတင်ပုံပေါ်လာခဲ့တယ်၊ တောင်ကုန်းတွေရဲ့အလွန်မှာ နှိမ်နင်းထိန်းချုပ်ထားဖို့လိုတဲ့ မျိုးနွယ်စုတွေ ရှိကြတယ်။ ဒီလို ထိန်းချုပ်ရာမှာ ကမ်းရိုးတန်း ကျွန်ဟောင်းတွေနဲ့ သူတို့ရဲ့ သားစဉ်မြေးဆက် အကူအညီတွေနဲ့ ဖြစ်တယ်။ ဒီလိုနဲ့ပဲ ဗြိတိသျှတွေဟာ ကုန်းတွင်းပိုင်း မျိုးနွယ်စုတွေနဲ့ သူတို့ရဲ့ နယ်မြေတွေကို ထိန်းချုပ်ထားခဲ့ကြပြီး ၁၈၉၆ ခုနှစ်မှာ အစောင့်အရှောက်ခံ နိုင်ငံတခုကို နောက်ဆုံးမှာ တည်ထောင်ခဲ့တယ်။

**‘ ကိုယ့်ကိုယ်ကိုအားထားရေးနဲ့ အာဖရိကတိုက်လုံး ဆိုင်ရာဝါဒ ’**

လူမဲ သို့မဟုတ် အသားအရောင်ရှိတဲ့ ကမ်းရိုးတန်းအထက်တန်းစားတွေဟာ အမေရိကန်မှာ ခေတ္တနေထိုင်ခဲ့ရတဲ့ အမှတ်ရစရာတွေနဲ့အတူ ကိုလိုနီပိုင် အင်အားကြီးနိုင်ငံတွေနဲ့ ခိုင်မာတဲ့ ဆက်စပ်မှုတွေ ရှိခဲ့တယ်။ ဒါပေမဲ့ မျိုးနွယ်ဆိုင်ရာ ဆက်စပ်မှုတော့ မဟုတ်ဘူး။ သူတို့ဟာ ကိုလိုနီအုပ်ချုပ်ရေးကို ကူညီခဲ့ကြတယ်။ ၂၀ ရာစုကျမှသာ ဗြိတိသျှကစပြီး တိုက်ရိုက်အုပ်ချုပ်ခဲ့တယ်။ ကမ်းရိုးတန်းအထက်တန်းစားတွေအတွက် ကျောင်းတချို့နဲ့ တက္ကသိုလ်ကောလိပ်တခုကို အခွင့်အရေးတရပ်အနေနဲ့ ထူထောင်ပေးခဲ့တယ်။ တောင်ကုန်းတွေဟာ ဆာဟာရကို ဖြတ်ပြီး တိုက်ခတ်လာတဲ့ ပြင်းထန်ပြီး ပူပြင်းခြောက်သွေ့တဲ့ သဲလေပြင်းတွေနဲ့ တောင်ကုန်းတွေရဲ့ ဟိုဘက်မှာ နေထိုင်ကြတဲ့ မျိုးနွယ်စုတွေကို ကာကွယ်ပေးထားတယ်။

ဒါပေမဲ့ ၁၉၂၄ ခုနှစ် နောက်ပိုင်းကစပြီး လေကြောင်းပြောင်းပြီး တိုက်ခတ်လာခဲ့တယ်။ ပထမဆုံး ကိုလိုနီဖွဲ့စည်းအုပ်ချုပ်ပုံ ရှိလာတဲ့အခါမှာပါ။ ၁၉၅၇ ခုနှစ် အိမ်နီးချင်း ရွှေရောင်ကမ်းခြေမှာ လွတ်လပ်ရေးရပြီး ဂါနာလို့ အမည်ခံယူလိုက်တဲ့အခါကျတော့ နိုင်ငံရေး မိုးသက်လေပြင်း ထန်လာပါတော့တယ်။ နိုင်ငံရေးပါတီတွေ အဖြစ် SLPP နဲ့ APC တို့ကို ထူထောင်ခဲ့ပြီး ၁၉၆၁ ခုနှစ်မှာ တိုင်းပြည် လွတ်လပ်လာခဲ့ပါတယ်။

နိုင်ငံရဲ့ မြစ်ဝှမ်းဒေသတွေမှာ ဆန်ဟာ ပြည်တွင်းစားသုံးဖို့ လုံလောက်တဲ့အပြင် တချို့ကို ပြည်ပတင်ပို့ဖို့ပါ ထုတ်လုပ်နိုင်ခဲ့တယ်။ ဒါကြောင့် အစိုးရဟာ စက်မှုဖွံ့ဖြိုးရေးနဲ့ တွင်းထွက်သတ္တုရိုင်းတွေ ကြွယ်ဝမှုကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် အာရုံစိုက်ခဲ့ကြတယ်။ နောက်ဝန်ကြီးချုပ်ဖြစ်တဲ့ ဆီယာရိုစတီဗင် ( Siaro Stevens ) ဟာ ပြည်သူပိုင်ဖြစ်ဖို့ ထူထောင်ဖို့ ဆုံးဖြတ်ခဲ့တယ်။ သူဟာ စိန်တူးဖော်ရေးလုပ်ငန်းရဲ့ ၅၁ % ကို နိုင်ငံတော်ထိန်းချုပ်မှုအောက်မှာ ထားရှိစေခဲ့တယ်။ ကုန်သွယ်ရေး၊ အာမခံ၊ ဘဏ်နဲ့ လေကြောင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် အမျိုးသားပိုင် ကုမ္ပဏီတွေကို တည်ထောင်ပေးခဲ့တယ်။ ဆိုရှယ်လစ်နိုင်ငံအုပ်စုနဲ့ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနဲ့ ချစ်ကြည်ရင်းနှီးရေးဟာ နိုင်ငံခြားရေးပေါ်လစီရဲ့ အခြေခံအုတ်မြစ်တခု ဖြစ်ခဲ့တယ်။ သူတို့ရဲ့ အကူအညီနဲ့သူဟာ သူ့နိုင်ငံရဲ့ ဘူမိဗေဒလေ့လာရေးကို စတင်လုပ်ဆောင်ပြီးပြည့်စုံစေခဲ့တယ်။ ဒီလိုခေါင်းဆောင်နဲ့ ဒီလိုပေါ်လစီမျိုးဟာ ကိုလိုနီသခင်ဟောင်းနဲ့ ခေါင်းဆောင်သစ်ဖြစ်တဲ့ အမေရိကန်နယ်ချဲ့ဝါဒ အကျိုးစီးပွားကို အလုပ်အကျွေးပြုမှာ မဟုတ်ဘူး။

နိုင်ဂျီးရီးယားမှာ ရေနံ၊ ဂါနာမှာ ဘော်ဆိုက်၊ ဆီရီယာလီယွန်မှာ သံသတ္တုရိုင်းသိုက်ကို ရှာတွေ့လာတဲ့အခါမှာတော့ ကိုလိုနီဆန့်ကျင်တဲ့ ဒီမိုကရက်တစ်အစိုးရတွေကို ဖြုတ်ချတဲ့ စစ်အာဏာသိမ်းမှု လှိုင်းတံပိုးဟာ အနောက်အာဖရိကရဲ့ အဲဒီကာလက လုပ်ထုံးတခုလိုဖြစ်ခဲ့တော့တယ်။ ဂါနာမှာ နကရူးမား ( Nakrumah ) အစိုးရ ပြုတ်ကျခဲ့တယ်။ နိုင်ဂျီးရီးယားမှာ ပြည်တွင်းစစ် စဖြစ်လာခဲ့တယ်။ သေးငယ်လွန်းပြီး အားနည်းလှတဲ့ ဆီရီယာလီယွန်လို နိုင်ငံတောင်မှ နယ်ချဲ့ဝါဒရဲ့ ယုတ်မာကောက်ကျစ်လှတဲ့ စီမံချက်တွေကနေ မလွတ်မြောက်နိုင်ခဲ့ဘူး။ ဒီစစ်အာဏာသိမ်း ဖြစ်စဉ်တွေထဲမှာ အမေရိကန်၊ ဗြိတိသျှနဲ့ အဲဒီအချိန်က တောင်အာဖရိကတို့ရဲ့ အကျိုးစီးပွားတွေ ပါဝင်ပတ်သက်ခဲ့တယ်။

**‘ ပြည်တွင်းစစ်မှ လုမ်းသဘောတူညီချက်သို့ ’**

ဗိုလ်ချုပ်တွေရဲ့ အာဏာသိမ်းပွဲတွေ ဖြစ်တယ်။ နောက်တော့ ဗိုလ်မှူးကြီးတွေရဲ့ အာဏာသိမ်းပွဲတွေ ဖြစ်လာပြီး တပ်ကြပ်ကြီးတွေရဲ့ အာဏာသိမ်းပွဲတွေပါ ကြားလာရတယ်။ ဒီအာဏာသိမ်းပွဲတွေမှာ ကမ်းရိုးတန်း အထက်တန်းစားတွေ ပါဝင်ပတ်သက်ခဲ့ကြတယ်။ ဒါတွေကြောင့် ဆီရီယာလီယွန်လိုမျိုး ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နေရတဲ့နိုင်ငံရဲ့ ခိုင်မာတောင့်တင်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ နှောင့်နှေးထိခိုက်ခဲ့ရတယ်။ လွတ်လပ်တဲ့ ပြုရိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်တပ်နဲ့ အခြားအဆောက်အအုံတွေမှာ

များစွာထိခိုက် နစ်နာခဲ့ရတယ်။

စတီဗင်ဟာ ပြဿနာတွေ ကြုံတွေ့ကျော်ဖြတ်နေရပေမယ့်လည်း နောက်တကြိမ် အရွေးခံခဲ့ရတယ်။ သူလုပ်လိုတဲ့ တိုးတက်ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အရှိန်လျော့ကျခဲ့တယ်။ နိုင်ငံရေးအရ OAS ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့တယ်။ ဒီညီလာခံက SADR နဲ့ ပိုလီဆာရီယိုတပ်ဦး ( Polisario Front ) ကို ထောက်ပံ့ဖို့နဲ့ အသိအမှတ်ပြုဖို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဗြိတိန်၊ တောင်အာဖရိကနဲ့ အမေရိကန် ကုန်သွယ်စီးပွား အကျိုးအတွက် ဖိအားက ရပ်တံ့မသွားခဲ့ဘူး။ IMF က ဝင်ရောက်စွက်ဖက်မှုနဲ့ လည်ပတ်နေတဲ့ငွေကြေးကို ရုတ်ချည်းတန်ဖိုးကျဆင်းစေခဲ့တာဟာ စီးပွားရေးအကျပ်အတည်းကို ပိုဆိုးဝါးစေခဲ့တဲ့ သာဓကပါပဲ။ စတီဗင် ကွယ်လွန်ခဲ့မှုနဲ့အတူ နိုင်ငံရေးမသေချာ မရေရာမှုနဲ့ တရားမဝင်အာဏာသိမ်းမှုတွေ တကျော့ပြန်လည်လာရာကနေ ပြည်တွင်းစစ် စတင်လာခဲ့တော့တယ်။ ပြည်တွင်းစစ်အတွင်းမှာ ပါတီတခုကို ဖိုဒေးဆန်ခို ( Foday Sankoh ) က ဦးဆောင်ခဲ့ပါတယ်။ ယေဘုယျအားဖြင့် ကိုလိုနီဆန့်ကျင်ရေး၊ အနောက်ဆန့်ကျင်ရေး၊ အာဖရိကရေး ဦးတည်ချက်ရှိတဲ့ တော်လှန်သောညီညွတ်ရေးတပ်ဦးပါတီ ( RUF ) ဖြစ်ပါတယ်။ RUF ဟာ လိုင်ဘီးရီးယား၊ ဘိုကီနာ ဖက်ဆိုနဲ့ အိမ်နီးချင်း လစ်ဘီးရီးယားတို့နဲ့ ခိုင်မာတဲ့ အဆက်အသွယ်တွေ ရှိပါတယ်။ RUF ဟာ အင်အား အတောင့်အတင်းဆုံးအချိန်မှာ လက်နက်ကိုင်အင်အား ၄၅၀,၀၀၀ အထိရှိခဲ့ပြီး ဆီရီယာလီယွန်ရဲ့ အရှေ့ပိုင်းနဲ့ မြောက်ပိုင်းဒေသ အများအပြားကို ထိန်းချုပ်ခဲ့တယ်လို့ ဆိုပါတယ်။ ပြည်တွင်းစစ်ကာလ အတောအတွင်းမှာ သူ့တပ်တွေဟာ မြို့တော်ဖရီးတောင်းကို ၂ ကြိမ်တိုင် သိမ်းပိုက်လုနီးပါး ဖြစ်ခဲ့တယ်။ နိုင်ဂျီးရီးယားစစ်တပ် အကူအညီနဲ့ ၆ နှစ်ကြာ ရက်စက်ကြမ်းကြုတ်လှတဲ့ ပြည်တွင်းစစ်ကို နောက်ဆုံးမှာ အဆုံးသတ်စေခဲ့တယ်။ အခြားအချက်တွေအပြင် လက်ရှိအစိုးရနဲ့ RUF တို့ အာဏာခွဲဝေရေး အစီအစဉ်တွေပါဝင်တဲ့ လုမ်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒီသဘောတူညီချက်ကို ကုလသမဂ္ဂက (UN) စလုပ်ဆောင်ခဲ့ပြီး အကောင်အထည်ဖော်ဖို့ ကြားဝင်ဆောင်ရွက်ခဲ့မှုကြောင့် အနောက် အာဖရိက နိုင်ငံငယ်လေးကို သတင်းတွေထဲ နောက်တကြိမ်သယ်ဆောင်စေခဲ့ပြန်တယ်။

UNMSIL လို့ ခေါ်တဲ့ ဆီရီယာလီယွန်နိုင်ငံတွင်းက ကုလသမဂ္ဂအဖွဲ့ဟာ တပ်သား ၁၈,၀၀၀ ချထားနိုင်ဖို့ ရည်မှန်းသတ်မှတ်ခဲ့တယ်။ ဒီလုပ်ငန်းတာဝန်ကို အကောင်အထည် မဖော်နိုင်သေးမီမှာဘဲ အိန္ဒိယတပ်သားတွေ ပါဝင်တဲ့ တပ်သားအများအပြားဟာ RUF စစ်သွေးကြွတွေလို့ ယူဆရသူတွေရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရတယ်။ လုမ်းသဘောတူညီချက်ကို အကောင်အထည်ဖော်ဖို့ အခွင့်အာဏာ ရရှိထားတဲ့ UN ဟာ အာဏာခွဲဝေရေး စာပိုဒ်ပါ ဘောင်အတွင်း RUF တွေဆီက လက်နက်ဖြုတ်သိမ်းခဲ့တယ်။ ဆီရီယာလီယွန်အတွက် ကုလသမဂ္ဂရဲ့ အစီအစဉ်ဟာ ဖရိုဖရဲ ဖြစ်ခဲ့ရတယ်။ အကြောင်းကတော့ ဗြိတိန်တပ်တွေဟာ ကုလအစီအစဉ်အပြင်ဘက်ကလုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့ကြပြီး နိုင်ဂျီးရီးယားကလဲ အလားတူ လုပ်ခဲ့လို့ပဲ။ အမေရိကန်တွေဟာ ဘဏ္ဍာရေးသဘောတူညီချက်အရ သူတို့ဖြည့်ဆည်းပေးရမယ့် အပိုင်းကို ငြင်းဆိုခဲ့ကြတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်ကိုယ်တိုင်ကတော့ ကုလတပ်ဖွဲ့ရဲ့ အိန္ဒိယအုပ်ချုပ်သူကို ဆီရီယာလီယွန်အတွင်း အရေးမလှ ဖြစ်ခဲ့ရတာတွေအတွက် အပြစ်တင်ခဲ့တယ်။

**ပေါ်ပေါက်လာတော့မယ့်ကိုလိုနီဝါဒသစ်ရဲ့စီမံကိန်း**

ဗြိတိန်တပ်တွေရဲ့ အကူအညီနဲ့ နောက်ပိုင်းမှာ ဖိုဒေးဆန်ခို အဖမ်းခံခဲ့ရတယ်လို့ ယုံကြည်ရတယ်။ ကုလတပ်တွေဟာ အကြီးအကျယ် အခက်အခဲတွေ့ကြရတယ်။ ဆီရီယာလီယွန်စစ်တပ်ရဲ့ အစိတ်အပိုင်းတွေလို့ဆိုတဲ့ ခေါင်းဖြတ်သမား ခါမေဂျာတွေဟာ RUF တွေကို တိုက်နေကြတယ်ဆိုတဲ့ ပြည်တွင်းစစ်နောက်တကျော့ ဖြစ်လာပြန်တယ်။ ဒီပြဿနာတွေရဲ့ အနှစ်ချုပ်ကတော့ ဒီအခြေအနေတွေအတွင်းမှာ လုမ်းသဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူးဆိုတာပါပဲ။ နယ်ချဲ့နိုင်ငံကြီးတွေဟာ ကုလသမဂ္ဂအစီအစဉ် ကျဆုံးတာကို မြင်လိုကြပါတယ်။ ဒါမှ ဒီမိုကရေစီ ကာကွယ်ရေးအတွက်ဆိုပြီး နိုင်ငံအတွင်း သူတို့ထိန်းချုပ်မှုရှိတဲ့ စစ်တပ်တွေ ဝင်ရောက်နိုင်မယ့် စီမံကိန်းနဲ့ လုပ်နေပုံပေါ်ပါတယ်။

ဗြိတိန်အစိုးရဟာ နိုင်ငံအရှေ့ပိုင်း စိန်ကြွယ်ဝရာဒေသလုံခြုံရေးအတွက်ဆီရီယာလီယွန်တပ်ရင်း ၃ ရင်းကို ဖွဲ့စည်းပေးဖို့ သူ့ရဲ့စီမံကိန်းကို လျှို့ဝှက်မထားပါဘူး။ ဆီရီယာလီယွန်တပ်တွေကို မဟာဗျူဟာစီမံကိန်းတွေ ရေးဆွဲပေးဖို့နဲ့ လေ့ကျင့်ပေးရေးဘက်တွေမှာသာ သူတို့ဟာ ပါဝင်ပြီး တိုက်ခိုက်ရေးမှာတော့ ဝင်မပါဖို့ သူတို့ကိုယ်သူတို့ ဘောင်ကန့်သတ်ထားပါတယ်။ နိုင်ဂျီးရီးယားတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အမိန့်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်အောက်မှာ လုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့်လည်း ကုလသမဂ္ဂလုပ်ပိုင်ခွင့် အတိုင်းအတာကို တောင်ကျော်ပြီး RUF တွေကို တိုက်လိုခဲ့ကြတယ်။

ဒီဖြစ်စဉ်တခုလုံးဟာ ကိုလိုနီဝါဒသစ် ဖတ်စာအုပ်ရုပ်ပုံလွှာနဲ့တော့ အံကိုက်ပါပဲ။ အာဖရိကရဲ့ ပြဿနာတွေကို ‘ အကျင့်ပျက်အစိုးရတွေ ’ ကြောင့်လို့ တနည်းပြောခဲ့ကြပြီး နောက်တနည်းကျတော့ ‘ ဆိုးသွမ်းလူပ်ရှားမှုတွေ ’ ကြောင့်လို့ ပြောပြန်ပါတယ်။ ဒါဟာ အမေရိကန်နယ်ချဲ့ အကူအညီဖြင့် ကိုလိုနီသခင်ဟောင်းတွေကသာ အာဖရိကတိုက်သားတွေကို ကယ်တင်နိုင်မယ်လို့ ပြောချင်တာကြောင့် ဖြစ်တယ်။ ဒီအကျင့်ပျက်အစိုးရတွေနဲ့ ဆိုးသွမ်းအဖွဲ့အစည်းတွေကို ထိန်းချုပ်မယ့်လုပ်ငန်းကို ကိုလိုနီသခင်ဟောင်း နိုင်ငံကြီးတွေက လုပ်ဆောင်နိုင်တယ်လို့ ပြောချင်တာဖြစ်တယ်။ ကုလသမဂ္ဂရဲ့ အစီအစဉ်တွေဟာ ထိရောက်မှု မရှိပေမယ့်လည်း သူတို့ရဲ့ စီမံကိန်းတွေ အတွက်တော့ အဟန့်အတား ဖြစ်နေပါတယ်။ ဒေသခံနောက်လိုက်အင်အားတွေဟာ နိုင်ဂျီးရီးယားစစ်တပ် အရှေ့ပြုပြီး RUF ကို တိုက်ပါလိမ့်မယ်။ စိန်တွင်းတွေကို မျက်စေ့ကျနေတဲ့ ဗြိတိသျှကတော့ နိုင်ငံကို နောက်ဆုံးမှာ ထိန်းချုပ်လိမ့်မယ်။ ဒီလိုဖြစ်နေတဲ့ ဆီရီယာလီယွန်မှာ ကုလသမဂ္ဂရဲ့ အရေးမလှဖြစ်နေမှုကို ဒီနိုင်ငံကြီးတွေက ကိုလိုနီဝါဒသစ် အောင်ပွဲခံရေး အစချီဖို့ အခွင့်အလမ်းအဖြစ် ရှုမြင်နေကြပါတယ်။

( အိန္ဒိယကွန်မြူနစ်ပါတီ ( မာ့က်စ်ဝါဒ ) ရဲ့ အပါတ်စဉ် People's Democracy ၂၀၀၀ ခုနှစ်၊ ဂျွန်လ ၄ ရက်နေ့ထုတ်မှ ဗီဂျေးရဝတ် Vijay Rawat ရဲ့ Sierra Leone, Under threat of Neo-Colonial Conquest ကို ပြန်ဆိုပါတယ်။ )

# ၂၁ ရာစု

အမှတ် (၅)　　　　　၂၀၀၁ ခုနှစ်၊ ဇွန်လ

- မာ့က်စ်နှင့် နိုင်ငံတကာ့ဝါဒ
- အမေရိကန်ပြည်ထောင်စုနှင့် အင်အားကြီးများ
- ကမ္ဘာ့အသွင်ဆောင်မှုနှင့် နိုင်ငံတကာဆက်ဆံရေး
- ကမ္ဘာ့အသွင်ဆောင်ရေး – တစိမ်းတို့၏အဖွဲ့အစည်းလော
- တရုတ် အမေရိကန်ဆက်ဆံရေး
- ကက်စထရို၏မိန့်ခွန်း
- နိုင်ငံတကာရေးရာဆုံးဖြတ်ချက်
- ဒီမိုကရေစီကပ်ဆိုက်နေတဲ့ လက်တင်အမေရိက
- လက်တင်အမေရိက လက်ဝဲဂိုဏ်း
- ကိုလိုနီဝါဒသစ်

ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုသူတေသနဌာနမှဖြန့်ချိသည်